http://www.dhammadownload.com

၄၁၀/.

ချမ်းမြေ့ရိပ်သာဆရာတော်

# ချမ်းမြေ့သာသနာတော်လျှောက်စာတန်း

| သာသနာနှစ် | မြန်မာနှစ် | ခရစ်နှစ် |
| --- | --- | --- |
| ၂၅၃၆ | ၁၃၅၅ | ၁၉၉၃ |

ဒုတိယအကြိမ် ဓမ္မဒါန

## ဓမ္မကြေးမုံတွင် တင်၍ စစ်ဆေးပါ

သန့်ရှင်းကြည်လင်၊ ကြေးမုံပြင်ဝယ်၊ သင့်သွင်ရုပ၊ လုမလုကို၊ နေ့ညမရွေး၊ ကြည့်စစ်ဆေး၍၊ ယင်ချေး မှဲ့ပြောက်၊ ဝက်ခြံပေါက်နှင့်၊ ညှင်းပြောက် တင်းတိတ်၊ ဖုအကျိတ်ကို၊ ဆေးသိပ်ဝယ်ရှား၊ ပမာလားသို့၊ မြတ်ဖျားဗုဒ္ဓ၊ ဟောညွှန်ပြသည့်၊ ဓမ္မကြည်လင်၊ ကြေးမုံပြင်ဝယ်၊ သင့်သွင်မနေ၊ စိတ်အလှကို၊ နေ့ ညမရွေး၊ တင်စစ်ဆေးလော့၊ ညစ်ကြေးကိလေ၊ တွေ့ခဲ့ပေသော်၊ ခြောက်တွေနည်းဖြင့်၊ ပျောက်စေလွှင့်မှ၊ မလင့်မကြာ၊ သင့်ခန္ဓာသည်၊ ချမ်းသာဖုံးလိမ့် မှန်စွာတည်း။ [အံ ၃၊ ၃၂၉။ သစိတ္တသုတ်]

ချမ်းမြေ့ဆရာတော်

http://www.dhammadownload.com

ချမ်းမြေ့ဆရာတော်

# ချမ်းမြေ့
# သာသနာတော်လျှောက်စာတမ်း

| သာသနာနှစ် | မြန်မာနှစ် | ခရစ်နှစ် |
|---|---|---|
| ၂၅၃၆ | ၁၃၅၄ | ၁၉၉၂ |

http://www.dhammadownload.com

မြဝတီ ပုံနှိပ်တိုက် ၁၈၁/၁၈၃ ဆူးလေဘုရားလမ်း၊ ရန်ကုန်တွင် အမှုဆောင် အရာရှိချုပ် ဦးသိန်းစိန် (၃၇၀၂) မှ ထုတ်ဝေ၍ ဦးမြင့်ကြွယ်၊ အယ်ဒီတာချုပ် (၀၂၂၅၁) မှ ပုံနှိပ်သည်။

ဒုတိယအကြိမ် အုပ်ရေ ၅၀၀၀
ဧပြီလ ၁၉၉၃ ခုနှစ်

http://www.dhammadownload.com

## များလှအကျိုးတွေ

ဗုဒ္ဓမြတ်စွာ၊ ပွင့်ထွန်းလာ၍၊
သစ္စာလေးအင်၊ ရှစ်မဂ္ဂင်နှင့်၊
သုံးအင်လက္ခဏာ၊ သခ်ိတာ် သခ်ီတ၊
မြတ်ဓမ္မကို၊ နက်လှ ဉာဏ်တော်၊
ဟောထုတ်ဖော်၍၊ သူတော်အများ၊
သိရကြား၊ များလှ အကျိုးတွေ။

http://www.dhammadownload.com

# ကြိုးစားကြပါစို့

လူ, နတ်, ဗြဟ္မာ၊ သတ္တဝါတို့၊
များစွာကြိုးရ၊ ချမ်းသာလှသည့်၊
ဗုဒ္ဓမြတ်စွာ၊ သာသနာသည်၊
ရှည်ကြာတည်တန့်၊ ရှည်ခိုင်ခန့်၍၊
ပျံ့နှံ့တိုးပွါး၊ ကျင့်သူများလျက်၊
ရကြားချမ်းသာ၊ ချမ်းမြေ့သာအောင်၊
ညီညာတို့များ၊ တာဝန်ထား၊
ကြိုးစားကြပါစို့။

http://www.dhammadownload.com

# ချမ်းမြေ့ သာသနာတော်လျှောက်စာတန်း
# ဒုတိယအကြိမ် ပုံနှိပ်ခြင်း

ဤ ချမ်းမြေ့ သာသနာတော်လျှောက်စာတန်းကို ၁၉၈၇ – ခုနှစ်၊ ဇွန်လတွင် စတင် ထုတ်ဝေခဲ့ပါသည်။ ဤ စာတန်းကို ချမ်းမြေ့ရိပ်သာ၌ နေ့စဉ် ဖတ်ကြား လျှောက်ထားကြပါသည်။ ချမ်းမြေ့ရိပ်သာသုံး သက်သက် ရည်ရွယ်သဖြင့် အုပ်ရေ ၃၀၀၀ မျှသာ ပုံနှိပ်ခဲ့ရာ စာအုပ် ကုန်ခဲ့သည်မှာ ကြာပါပြီ။ တခြား စာအုပ်များကို အသစ်ထုတ်ဝေရခြင်း၊ အကြိမ်ကြိမ် ပြန်လည် ရိုက်နှိပ်နေရခြင်းကြောင့် ဤ စာအုပ်ကို ပြန်လည် ရိုက်နှိပ်ရန် အခွင့် မသာခဲ့ပါ။

ယခုမူ ချမ်းမြေ့ယောဂီများ၏ အကြိမ်ကြိမ် တောင်းဆိုမှုကြောင့် ဤစာအုပ်ကို ဒုတိယအကြိမ် ပြန်လည် ရိုက်နှိပ်ဖြစ်အောင် ရိုက်နှိပ်လိုက်ရပါသည်။

စာရှုသူများသည် ဤစာတန်းပါ ဗုဒ္ဓယဉ်ကျေးမှု မြန်မာ့ယဉ်ကျေးမှု ဗဟုသုတတို့ကို ရရှိ၍ အထိုက်အလျောက် အကျိုးကျေးဇူးများကြလျှင် ဤစာတန်း ထုတ်ဝေရကျိုး နပ်ပြီဟု ယူဆပါသည်။

သာသနာ ၂၅၃၆ ခုနှစ်
မြန်မာ ၁၃၅၄ ခုနှစ်၊ တန်ခူးလ
ခရစ် ၁၉၉၂ ခုနှစ်၊ ဧပြီလ

မဟာဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့ဝင်
ချမ်းမြေ့ရိပ်သာဝေယျာဝစ္စအဖွဲ့

http://www.dhammadownload.com

# စာသဝဏ်

**ထိန်းသိမ်းထိုက်သည့် အစဉ်အလာ** ရှေးမြန်မာဘုန်းတော်ကြီးကျောင်းများ၌ အကျိုးကျေးဇူး များလှ၍ လိုက်နာ ကျင့်ဆောင်ခဲ့ကြသည့် အစဉ်အလာ တော်တော်များများ ရှိခဲ့ကြသည်။ ယင်းအစဉ်အလာများအနက် ရှင်သာမဏေများ၊ ကျောင်းသားများ သာသနာလျှောက်ရခြင်းသည်လည်း တစ်ခုအပါအဝင် ဖြစ်ပေသည်။ ထို သာသနာလျှောက်စာများ၌ ဥတု၊ ရာသီ၊ နှစ်၊ လ၊ ရက်၊ နေ့များသာမဟုတ်ဘဲ နဂါးလှည့် ပြဿဒါး၊ ရက်ရာဇာ၊ ဝါရမိတ္တူ၊ နတ်နေ၊ လာဘ်နေ၊ စက်နေ စသည်များပါ ပါဝင်သဖြင့် သူ့ခေတ် သူ့အခါ အလိုက် သိထိုက်သည်များကို နေ့စဉ်နှင့်အမျှ သိကြရသဖြင့် အကျိုးများလှသည်။ သံဝေဂဖြစ်ဖွယ်ရာ တရားအချက် အလက်များလည်း ပါဝင်တတ်သဖြင့် သတိသံဝေဂကိုလည်း ဖြစ်ပေါ်စေနိုင်သည်။

ထို့ကြောင့် ဤအစဉ်အလာသည် ခေတ်အခါအလိုက် ထိန်းသိမ်းထားထိုက်သော မြန်မာ့ယဉ်ကျေးမှု အစဉ်အလာ တစ်ရပ်ဖြစ်ကြောင်း သဘောပိုက်မိပေသည်။

http://www.dhammadownload.com



**အကျိုးကျေးဇူး** ရံဖန်ရံခါ အလုပ်အလွန်များသည့်အခါ များ၌ အကြောင်းတစ်စုံတစ်ရာကြောင့် နေ့ရက်တို့ကို သိလိုလျှင် ရုတ်တရက်စဉ်းစားလို့မရ၊ အမြန်လို၍ အနီးရှိ အခြားလူများကို မေးလျှင်လည်း မိမိနည်းတူ သတိမမူမိသူများသာ ဖြစ်နေတတ်ပေသည်။ ဤအခါမျိုးတွင် ပြက္ခဒိန်ကြည့်ရ၊ ဒိုင်ယာရီလှန်ရနှင့် အချိန်ကုန် အလုပ်ရှုပ်ရပေသည်။ ဤပြဿနာများကို **သာသနာတော် လျှောက်စာတန်း** က အများဆုံး ဖြေရှင်းပေးတတ်ပေသည်။ နံနက်က သာသနာတော်လျှောက်စာတန်းဖတ်သည်ကို နားထောင်မိလျှင် ထိုနေ့ထိုရက်ကို သတိပြု၍ မှတ်မိသားမိ ရှိနေတတ်သည်။

**သာသနာတော်နှစ်** ဗုဒ္ဓဘာသာဝင် မှန်သမျှသည် မိမိတို့ ယုံကြည် ဆည်းကပ် ကိုးကွယ်သော ဗုဒ္ဓရှင်တော်မြတ်၏ အဆုံးအမ သာသနာတော်ကြီး ထွန်းပေါ်ခဲ့သည်မှာ နှစ်ပေါင်း မည်မျှ ကြာခဲ့ပြီဖြစ်ကြောင်း သိရှိထားသင့်သော်လည်း သတိမပြု အမှုမဲ့ နေတတ်ကြသဖြင့် မှတ်မိသိရှိသူ အလွန်နည်းပါးလှပေသည်။ ထို့ကြောင့် သာသနာတော် စတင်ဖြစ်ပေါ်ပုံနှင့် သာသနာနှစ်ကိုလည်း သာသနာတော်လျှောက်စာတန်း တွင် ထည့်သွင်းထားခြင်း ဖြစ်ပေသည်။

http://www.dhammadownload.com



အရုဏ်တက် ဗုဒ္ဓသာသနာတော်နှင့် ပတ်သက်၍ နေထွက်နေဝင် သိသင့်သိထိုက်သော အရုဏ်တက် နေထွက် နေဝင်ချိန်တို့ကိုလည်း ဤ စာတန်းတွင် ထည့်သွင်း ထားပါသည်။ အရုဏ်တက်ချိန်နှင့် ပတ်သက်၍ အရုဏ်အကြောင်း ရေးသားထားသော စာအုပ် စာတန်းတို့ကို ဖတ်ရှုပြီးလျှင် မြူတိမ် ကင်းစင်သော နေ့များ၌ အရုဏ်တက်သည်ကို နေ့စဉ် ကိုယ်တွေ့မျက်မြင် လေ့လာ ကြည့်ရှုပါသည်။ ယင်းသို့ မျက်မြင်နှင့် ညှိနှိုင်းပြီးမှ အသင့်လျော်ဆုံးနည်းကို အသုံးပြု၍ စိတ်အချရဆုံးဟု ယူဆရသော အရုဏ်တက်ချိန်ကို သတ်မှတ်ပါသည်။

မျက်မြင်အရုဏ်ကို အခြေခံ၍ တွက်ချက်မှုကို ညှိနှိုင်းပြုပြင်ယူခြင်း ဖြစ်ပါသည်။

အရုဏ်ကို မျက်မြင်စောင့်ကြည့်သောအခါ ရန်ကုန် ဒေသ၌ နေမထွက်မီ ၄၅ မိနစ်နှင့် မိနစ် ၅၀ အတွင်း အရုဏ်တက်သည်ကို တွေ့ရပါသည်။ သို့သော်လည်း ပို၍ စိတ်ချရစေရန် ဤစာတန်း၌ နေမထွက်မီ ၄၃ မိနစ် ခန့် အလိုတွင် အရုဏ်တက်ချိန်ကို သတ်မှတ်ပါသည်။ မျက်မြင်အရုဏ်ထက် ၂ မိနစ်မှ ၇ မိနစ်ခန့်အထိ နောက်ကျလျက် သတ်မှတ်ခြင်းဖြစ်ပါသည်။ ဥပမာ နံနက် ၅နာရီ ၄၃ မိနစ်တွင် နေထွက်သောနေ့၌ နံနက် ၅ နာရီ တွင် အရုဏ်တက်သည်ဟု မှတ်ယူရန် ဖြစ်ပါသည်။

http://www.dhammadownload.com



နေထွက်ချိန် နာရီကို နိုင်ငံတော်အစိုးရ ထုတ်ဝေသော "နေ့စဉ်မှတ်တမ်း" စာအုပ်မှ ယူပါသည်။

ဤသို့ ရန်ကုန်ဒေသ၌ နေမထွက်မီ ၄၃ မိနစ်ခန့်တွင် အရုဏ်တက်ချိန်ကို သတ်မှတ်ခြင်းဖြင့် ဗေဒင်နည်းနှင့်) ခေတ်နည်းအရ ပညာရှင်များ တွက်ချက်ထားသော အရုဏ်တက်ချိန်နှင့်လည်း ညီညွတ်သွားပါသည်။ ပညာရှင်များ တွက်ထားချက်အရ မြန်မာစံတော်ချိန် သတ်မှတ်ရာဒေသဖြစ်သည့် (လတ္တီတွဒ် ၂၀° မြောက်၊ လောင်ဂျီတွဒ် ၉၇° ၃၀´ အရှေ့) ဇဟိုဒေသ၌ နေမထွက်မီ ၄၈ မိနစ်တွင် အရုဏ်တက်ပါသည်။ ယင်းအချိန်သည် (စံတော်ချိန်ဒေသ အနောက်ဘက် ၁° ၁၈´ ကွာ၍ အရှေ့ လောင်ဂျီတွဒ်မျဉ်း ၉၆° ၁၂´ ၌ တည်ရှိသော) ရန်ကုန်ဒေသ ၌ နေမထွက်မီ ၄၂ မိနစ်နှင့် ၄၈ စက္ကန့် (၄၃ မိနစ်ခန့်) အချိန် ဖြစ်ပါသည်။*

ရန်ကုန်ဒေသသည် စံတော်ချိန်ဒေသ၏ အနောက်ဘက်တွင် ၁° ၁၈´ အကွာ၌ ရှိ၍ အချိန်အားဖြင့် ၅ မိနစ်နှင့် ၁၂ စက္ကန့် အရုဏ်တက်နေထွက် နောက်ကျပါသည်။ ထို့ကြောင့် စံတော်ချိန်ဒေသ၌ နေမထွက်မီ ၄၈ မိနစ်သည် ရန်ကုန်ဒေသ၌ ၄၂ မိနစ် ၄၈ စက္ကန့် အချိန်ဖြစ်ပါသည်။

---

* ၄၈ မိနစ်မှ ၅ မိနစ် ၁၂ စက္ကန့်ကို နုတ်လျှင် ၄၂ မိနစ် ၄၈ စက္ကန့် ရပါသည်။

http://www.dhammadownload.com



ဤနည်းအရ စံတော်ချိန်ဒေသ၌ ၅နာရီ ၄၈ မိနစ်တွင် နေထွက်သောနေ့၌ ယင်းဒေသတွင် ၅ နာရီ၌ အရဏ်တက်၍ ရန်ကုန်ဒေသ၌ ( ၅ မိနစ်ခန့် နောက်ကျသောကြောင့် ၅ မိနစ် ထပ်ပေါင်း၍) ၅ နာရီ ၅ မိနစ်တွင် အရဏ်တက်သည်ဟု ခြားနားမှုကို သိရပါသည်။

**တစ်နှစ်နှင့် တစ်နှစ် နေထွက်နာရီမတူ** ဤစာတန်းကို ၁၃၄၈ ခုနှစ်၊ ချမ်းမြေ့ ရိပ်သာကျောင်း၌ ရှင်သာမဏေများ ကျောင်းသားသူငယ်များ နေ့စဉ် ဖတ်ကြား လျှောက်ထားကြပါသည်။ သို့ဖြစ်၍ ဤစာတန်းတွင် ပါဝင်သော နေ့၊ ရက်၊ အချိန်၊ နာရီများသည် ၁၃၄၈ ခုနှစ် တန်ခူးလမှ စ၍ တပေါင်းလအထိ တစ်နှစ် အတွက်သာ ဖြစ်ပါသည်။ ၁၃၄၉ ခုနှစ် စသောနှစ်များ၌ ကျရောက်သော အချိန် နာရီများသည် ဤစာတန်းပါအချိန် နာရီများနှင့် တူကောင်းမှ တူပါမည်။ အဘယ့်ကြောင့်ဆိုသော် လေ့လာမိသလောက် မြန်မာသက္ကရာဇ်အရ မြန်မာလများ၏ နေ့ ရက်များ၌ တစ်နှစ်နှင့် တစ်နှစ် နေထွက်ချိန်များ ကွာခြားမှုကို တွေ့ရသောကြောင့် ဖြစ်ပါသည်။

ဥပမာပြရသော် ၁၃၄၆ ခုနှစ်၊ ၁၃၄၇ ခုနှစ်၊ ၁၃၄၈ ခုနှစ်များ၌ တန်ခူးလဆန်း တစ်ရက်နှင့် တပေါင်းလကွယ် နေ့များ၌ နေထွက်ချိန်များ တစ်နှစ်နှင့်တစ်နှစ် ကွာခြားသည်ကို အောက်ပါအတိုင်း တွေ့ရပါသည်။

http://www.dhammadownload.com



| ခုနှစ် | | လ | ရက် | နေထွက်ချိန် |
|---|---|---|---|---|
| | | | | နာရီ/ မိနစ် |
| (၂၁၊ ၃၊ ၈၅) | ၁၃၄၆ | တန်ခူး | ၁ | ၆ ၃ |
| (၁၀၊ ၄၊ ၈၆) | ၁၃၄၇ | တန်ခူး | ၁ | ၅ ၄၇ |
| (၃၀၊ ၃၊ ၈၇) | ၁၃၄၈ | တန်ခူး | ၁ | ၅ ၅၆ |
| (၂၀၊ ၃၊ ၈၅) | ၁၃၄၆ | တပေါင်း | လကွယ် | ၆ ၄ |
| ( ၉၊ ၄၊ ၈၆) | ၁၃၄၇ | တပေါင်း | လကွယ် | ၅ ၄၈ |
| (၂၃၊ ၄၊ ၈၇) | ၁၃၄၈ | တပေါင်း | လကွယ် | ၅ ၅၆ |

ဤဖော်ပြပါ ဇယားကိုကြည့်လျှင် တစ်နှစ်နှင့် တစ်နှစ် လ ရက် တူပါလျက် နေထွက်ချိန် ကွာခြားပုံကို သိနိုင်ပါသည်။ ၁၃၄၆ ခုနှစ်နှင့် ၁၃၄၇ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်နေ့တို့၌ လချင်း၊ ရက်ချင်း တူသော်လည်း တစ်နှစ်နှင့် တစ်နှစ် နေထွက်ချိန်ချင်း ၁၆ မိနစ် အထိပင် ကွာခြားနေသည်ကို တွေ့ရပါသည်၊ သို့ဖြစ်၍ ၁၃၄၈ ခုနှစ် အတွက် ဖော်ပြထားသော အရက်တက်၊ နေထွက်၊ နေဝင် နာရီ မိနစ်များနှင့် အနည်းနှင့်အများ ကွာခြားနိုင်ကြောင်း သတိပြုရန် လိုပါသည်။

http://www.dhammadownload.com



ခရစ်နှစ်များ၌ ခရစ်သက္ကရာဇ်၌မူ တစ်နှစ်နှင့်တစ်နှစ် မကွာခြားလှ လချင်း ရက်ချင်း တူလျှင် နေထွက်ချိန် နာရီ မိနစ် တူညီသည်က များပါသည်။ ကွာခြားစေကာမူ တစ်မိနစ်ထက်ပို၍ မကွာခြားပါ။ အောက်ပါဇယားကို ကြည့်လျှင် ယင်းအချက်မှန်ကန်ကြောင်း သိသာပါသည်။

| ခုနှစ် | လ | ရက် | နေထွက်ချိန် နာရီ | မိနစ် |
|---|---|---|---|---|
| ၁၉၈၅ | ဇန်နဝါရီ | ၁ | ၆ | ၃၅ |
| ၁၉၈၆ | ဇန်နဝါရီ | ၁ | ၆ | ၃၆ |
| ၁၉၈၇ | ဇန်နဝါရီ | ၁ | ၆ | ၃၅ |
| ၁၉၈၅ | ဒီဇင်ဘာ | ၃၁ | ၆ | ၃၅ |
| ၁၉၈၆ | ဒီဇင်ဘာ | ၃၁ | ၆ | ၃၅ |
| ၁၉၈၆ | ဒီဇင်ဘာ | ၃၁ | ၆ | ၃၅ |

ထို့ကြောင့် မြန်မာသက္ကရာဇ်၌ တစ်နှစ်အတွင်း ကျရောက်သော အရုဏ်တက် နေထွက် နေဝင်ချိန် နာရီ မိနစ်များကို အခြားနှစ်များအတွက် ပုံသေအချိန်များအဖြစ်

http://www.dhammadownload.com



မှတ်ယူရန် မဖြစ်နိုင်သော်လည်း ခရစ်သက္ကရာဇ်၌မူ တစ်နှစ်နှင့်တစ်နှစ် မဆိုစလောက်သာ ကွာခြားသဖြင့် နှစ်စဉ်ပုံသေ အချိန်များအဖြစ် မှတ်ယူလျှင် တစ်စုံတစ်ရာသော နှစ်အပိုင်းအခြားအထိ သင့်လျော်ဖွယ် ရှိပါသည်။

သို့ဖြစ်ရာ မြန်မာသက္ကရာဇ်၌ နေ့စဉ် အရုဏ်တက်ချိန် နေထွက်ချိန်တို့ကို အနီးစပ်ဆုံးသိနိုင်ရန် ခရစ်သက္ကရာဇ်နှင့် ယှဉ်တွဲ ကြည့်ရှုသင့်ပါသည်။ ဤဂှတန်း၏ အဆုံး၌ ၁၉၈၇ ခုနှစ် တစ်နှစ်လုံးအတွက် စံတော်ချိန်ဒေသ အရုဏ်တက်ချိန် နေထွက်ချိန်တို့ကို ဖော်ပြထားပါသည်။

မျက်မြင် သို့သော် မည်သည့် လောကသဘာဝမဆို လေ့လာသင့် အနိစ္စတရားသာဖြစ်ပါသည်။ ရှေးအယူအဆအရ နေသွား လသွား လမ်းကြောင်းနှင့် အမြန်နှုန်းသည် လည်းကောင်း၊ ခေတ်အယူအဆအရ ကမ္ဘာမြေကြီး၏ လည်ပတ်နှုန်းနှင့် အနေအထားသည် လည်းကောင်း အချိန်နှင့်အမျှ ပြောင်းလဲနိုင်သည့် သဘာဝများသာဖြစ်ရာ မည်သည့် အချိန် နာရီကိုမျှ အမြဲတစေ ပုံသေမှတ်ယူထားရန် မသင့်ပါ။ ကိုယ်တွေ့ မျက်မြင် အရုဏ်တက်ချိန် နေထွက်ချိန်တို့ကို မကြာခဏ စောင့်ကြည့်ခြင်းသည်သာလျှင် အမှန်နှင့် အနီးစပ်ဆုံး ဖြစ်နိုင်ပါလိမ့်မည်။

http://www.dhammadownload.com



**အရုဏ်တက်ချိန် ယူပုံ** အရုဏ်တက်ချိန် နေထွက်ချိန်များသည် တစ်နှစ်အတွင်း တစ်လနှင့် တစ်လ မတူသကဲ့သို့ တစ်လအတွင်း၌လည်း တစ်ရက်နှင့် တစ်ရက် မတူသောရက်များ ရှိပါသည်။ သို့ဖြစ်၍ ဖြစ်နိုင်သမျှ အမှန်နှင့် နီးစပ်နိုင်စေရန် တစ်လကို လေးသီတင်း ပိုင်းခြား၍ သီတင်းတိုင်း၏ အရုဏ်တက်ချိန်ကို ဤစာတမ်း၌ ဖေါ်ပြထားပါသည်။ ရက် အနေဖြင့်ဆိုသော် လဆန်း ၄ ရက်၊ ၁၁ ရက်၊ လဆုတ် ၄ ရက်၊ ၁၁ ရက် တို့၏ အရုဏ်တက်ချိန်များကို ယူပါသည်။ နေထွက်ချိန်ကိုမူ လပြည့်နေ့ နေထွက်ချိန်ကို ယူပါသည်။

အချိန်အားလုံးပင် လတ္တီတွဒ် ၂၀ံ မြောက်၊ လောင်ဂျီတွဒ် ၉၇ံ ၃၀´ အရှေ့ ဗဟိုဒေသ စံတော်ချိန်များ ဖြစ်ပါသည်။

**ရည်ရွယ်ချက်** ဤစာတန်း၌ ရာသီအလိုက် သိထိုက်သော သာသနာတော်နှင့် ပတ်သက်သည့် အကြောင်းအရာများ၊ မြန်မာ့ယဉ်ကျေးမှု များသာ မဟုတ်ဘဲ ရာသီအလိုက် လ အလိုက် ရှေးသူဟောင်းတို့ မှတ်သားထားသော အမှတ်အသားများ၊ စကားပုံများနှင့် ရှေးစာဆိုတို့၏ ရာသီဖွဲ့အချို့မှ ကောက်နုတ်ချက် အနည်းငယ်ပါ စပ်ဆိုင်ရာနေရာတို့၌ ထည့်သွင်း ထားပါသည်။

http://www.dhammadownload.com



ယင်းသို့ ထည့်သွင်းခြင်းမှာ ချမ်းမြေ့ရိပ်သာကျောင်းရှိ ရဟန်း သာမဏေများ၊ ကျောင်းသားသူငယ်များ၊ မြန်မာစာနှင့် အလှမ်းဝေးနေသူများနှင့် မြန်မာစာပေ ဝါသနာရှိသူများပါ မြန်မာစာပေ၏ အရသာကို မြည်းစမ်းစေရန် ရည်သန်ပါသည်။

**အကျိုးရကြပါစေ** ချမ်းမြေ့ ရဟန်း, ရှင်, လူ, ယောဂီများ အရဏ်တက်ချိန်ကို သတိပြုနိုင်စေရန် စိစဉ်ရာမှအစပြု၍ ဖြစ်ပေါ်လာသော ဤ "ချမ်းမြေ့ သာသနာတော်လျှောက်စာတန်း" သည် သာသနာ့ ယဉ်ကျေးမှု မြန်မာ့ ယဉ်ကျေးမှု တစ်စိတ်တစ်ဒေသကို ဖြစ်နိုင်သမျှ ထိန်းသိမ်း ဖေါ်ထုတ်ရာလည်း ရောက်သဖြင့် စာရှုသူများ အထိုက်အလျောက် အကျိုးများကြလိမ့်မည်ဟု ယူဆပါသည်။

ချမ်းမြေ့ရိပ်သာဆရာတော်

၁၃၄၉ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်၊
၁၉၈၇ ခုနှစ်၊ ဇွန်လ ၉ ရက်၊
အင်္ဂါနေ့။

http://www.dhammadownload.com

# ၁၃၄၇ ခုနှစ်၊ နှောင်းတန်ခူးလ

## သာသနာတော်ဆိုင်ရာ စာတန်းပါဘုရား

### ဗုဒ္ဓဘုရား ဖွား ဖြစ် စံ

၁။ သုံးလောကထွတ်ထား ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဘိုးတော်အဉ္စနမင်းကြီး သက္ကရာဇ် ဖြိုသည့်အချိန်မှ စ၍ ရေတွက်ရသော မဟာသက္ကရာဇ် ၆၈ ခုနှစ် ကဆုန်လပြည့်နေ့၌ ဖွားမြင်တော်မူပါသည်ဘုရား။

၂။ သက်တော် ၂၉ နှစ်တွင် ထီးနန်းစည်းစိမ်ကို စွန့်လျက် တောထွက်ပြီးလျှင် ဥရုဝေလတော၌ ဒုက္ကရစရိယာ အကျင့်များကို ၆ နှစ်ကြာ ကျင့်မိပြီးမှ မှားမှန်းသိသဖြင့် အာနာပါနစတုတ္ထဈာန်ကို အခြေခံ၍ မဂ္ဂင်ရှစ်တန် အကျင့်မှန်ကို ကျင့်ကြံ ပွါးများသောအခါ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့၊ သက်တော် ၃၅ နှစ် အပြည့်၌ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူပါသည် ဘုရား။

http://www.dhammadownload.com



၃။ ဗုဒ္ဓမြတ်စွာသည် ၄၅ နှစ်ပတ်လုံး လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူပြီးလျှင် မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့်နေ့ သက်တော် ၈၀ အပြည့်တွင် ပရိနိဗ္ဗာန် စံတော်မူပါသည် ဘုရား။

## ဥတု ရာသီ နှစ် လ ရက် နေ့

၄။ ယနေ့သည်ကား မြတ်စွာဘုရား ဖွားမြင်တော်မူသည့် နှစ်မှ စ၍ ရေတွက်လျှင် နှစ်ပေါင်း ၂၆၀၉ နှစ်*၊ ဘုရားဖြစ်တော်မူသည့်နှစ်မှ စ၍ ရေတွက်လျှင် သာသနာတော် နှစ်ပေါင်း ၂၅၇၄ နှစ်*၊ ပရိနိဗ္ဗာန် စံတော်မူသည့်နှစ်မှ စ၍ ရေတွက်လျှင် သာသနာတော်နှစ်ပေါင်း ၂၅၂၉ နှစ်*၊ မြန်မာ့ဝေါဟာ ဂေါစာတွက်စစ် မြန်မာနှစ်မှာ ၁၃၄၇ ခုနှစ်၊ ဂိမှာန ဒွေဥတု၊ မိဿရာသီ၊ တန်ခူးလ၊ လဆန်း ၁ ရက်၊ ခရစ်နှစ် ၁၉၈၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်၊ ကြာသပတေးနေ့ ဖြစ်ပါသည်ဘုရား။*

---

* သက်ဆိုင်ရာ နေ့၌ ကျရောက်ရာ နှစ် ဥတု ရာသီ လ ရက် နေ့ တို့ကို ပြောင်းလဲ ဖတ်ကြား လျှောက်ထားရန် ဖြစ်ပါသည်။

http://www.dhammadownload.com



## အရုဏ်တက် နေထွက် နေဝင်

၅။ ဤ မိဿရာသီ တန်ခူးလ၌ စန်းသော်တာ လပြည့်ဝန်းသည် စိတြနက္ခတ်နှင့်ယှဉ်လျက် မွန်းတည့် ပါသည်။

ဤလ၏

ပထမသီတင်းပတ်၌ နံနက် ၄ နာရီ ၅၆ မိနစ် ခန့်တွင်၊

ဒုတိယ သီတင်းပတ်၌ ၄ နာရီ ၅၁ မိနစ်ခန့်တွင်၊

တတိယ သီတင်းပတ်၌ ၄ နာရီ ၄၅ မိနစ်ခန့်တွင်၊

စတုတ္ထ သီတင်းပတ်၌ ၄ နာရီ ၄၁ မိနစ်ခန့်တွင် အရုဏ်တက်ပါသည်။

နံနက် ၅ နာရီ ၃၆ မိနစ်ခန့်တွင် နေထွက်၍ ညနေ ၆ နာရီ ၁၈ မိနစ်ခန့်တွင် နေဝင်ပါသည်ဘုရား။

ဤလ၌ ရှေးမြန်မာ နာရီအားဖြင့် " နွေဂိမှာန၊ တန်ခူးလဟု၊ စရရာသီ၊ နာရီညဥ့်နေ့၊ မျှ၍တူညီ၊ သုံးဆယ်စီတည်" ၁ ဟူသော ရှေးသူဟောင်းတို့ စကားနှင့်အညီ နေ့နာရီ ၃၀၊ ညနာရီ ၃၀ ရှိသဖြင့်

---

၁။ ဦးယာ

http://www.dhammadownload.com



နေ့တာ ညတာ ညီမျှပါသည်။ ဤလသည် ရက်မစုံလ ဖြစ်၍ ရက်ပေါင်း ၂၉ ရက် ရှိပါသည် ဘုရား။

ပွင့်မြဲရာသီပန်းမှာ ကံ့ကော်ပန်း၊ ရင်ခတ်ပန်းများ ဖြစ်ကြပါသည်။ ရာသီပွဲမှာ နှစ်သစ်ကူး သင်္ကြန်ပွဲတော် ဖြစ်ပါသည်ဘုရား။

---

※ စာတန်း တစ်ခုလုံး၌ ဖော်ပြထားသော အချိန်များသည် မြန်မာနိုင်ငံတော် ဗဟိုဒေသ (လတ္တီတွဒ် ၂၀˚ မြောက်၊ လောင်ဂျီတွဒ် ၉၇˚ ၃၀´ အရှေ့) စံတော်ချိန်များ ဖြစ်ပါသည်။ ဗဟိုဒေသ၏ အရှေ့ဘက်ကျသော အရပ်များအတွက် စံတော်ချိန်မှ အကွာအဝေး မိနစ်ကို နှုတ်၍ အနောက်ဘက်ကျသော အရပ်များ၌ ပေါင်းထည့်မှ သက်ဆိုင်ရာဒေသ အရုဏ်တက်ချိန် နေထွက်ချိန်ကိုရပါမည်။ အတိအကျရဖို့ ခဲယဉ်းသဖြင့် 'ခန့်'ဟု ဖော်ပြပါသည်။

http://www.dhammadownload.com



## တန်ခူးလ၏သဘာဝ

၆။ နေပူရှိန်ပြင်းပြလှသော ဤတန်ခူးလ၌ ရေတွင်း ရေကန်တို့ ရေကုန်တတ်သဖြင့် "တန်ခူးရေကုန်၊ ကဆုန်ရေခန်း" ဟူ၍တစ်ပုံ၊ ရံဖန်ရံခါ မိုးရောလေပါ တစ်လှည့်စီ သည်းထန်စွာကျတတ်သဖြင့် "မိုးကြီးတဖွဲ့၊ လေတလှဲ့" ဟူ၍ တစ်နည်း၊ သင်္ကြန်နှင့်အတူ ရွာသွန်းတတ်သော ဖက်ဆွတ်မိုးသည် သစ်ပင်များပေါ်တွင် ကျန်ရှိနေသေးသော ရော်ရွက်ဝါများကို ခြွေချ၍ ကြွေကျလေပြီးသော ရွက်ခြောက်များနှင့်အတူ မိုးရေကြောတွင် မျှောယူသွားတတ်သဖြင့် "တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုး၊ သင်္ကြန်မိုး" ဟူ၍ တစ်လီ၊ "မြိုင်ခြေအပြင်၊ စုံတခွင်က၊ ရွက်ကျင်ခွေကျိုး၊ ဖက်ခြွေမိုးမူ၊ ရေရိုးယူဆောင်"[၁] ဟူ၍ တစ်မျိုး၊ "ရွက်ကျင်ငယ်ကြွေသည်၊ ရေလည်းဖက်ကူး၊ ဂင်္ဂါရွှးလည်း၊ အထူးတောင်သ၊ မီးရောင်ပြနှင့်၊ လှသန္တာဝင်၊ စုံရဝုံမှာ၊"[၂] ဟူ၍တစ်ဖြာ ရှေးစာဆိုတို့ စာပေမှတ်တမ်း ပြုခဲ့ကြပါသည် ဘုရား။

စိတြနက္ခတ်နှင့် စန်းယှဉ်၍ ဆံကျင်တာရာ ထွန်းပသော ရာသီမိဿ တန်ခူးလ၌ မြူးကြွမင်းလွှင် မြူခိုးဆင်၍ မြိုင်ခွင်ကုံကော် မြိုင်ပေါ်ပိတောက် ရွှေရောင်ပေါက်လျက်

၁။ ရှင်ဥတ္တမကျော်     ၂။ လှူဦးမင်း

http://www.dhammadownload.com



ထွန်းတောက်ဘုန်းရှိန် မြတ်မုနိန်ကို ဦးနှိမ်သည့်သွင် ပင်လုံးကျွတ် ဆင်ကြသဖြင့် "စိတြဘုံ၊ စန်းလှယုန်တို့၊ ပုဏ္ဏမိခွင်၊ ရွှေဆံကျင်နှင့်၊ ဝေဟင်္ဂမိန်၊ တည့်မွန်းထိန်၍၊ သည်ချိန်ခါ၊ သော်၊ လှိုင်ငွေကော်လည်း၊ မြိုင်ပေါ်ပိတောက်၊ သူမင်းမြှောက်လိမ့်၊ ကိုက်ညှောက်စိမ့်ပြာ၊ စုံညီလာနှင့်၊ မဟာသကျ၊ မုနိန္ဒကို၊ ဖူးကြည့်လွတ်ရုံ၊ ရနံ့ထုံခဲ့"[၁] ဟူ၍ တစ်နည်း၊ "နွေနဝင်း သူဆင်းလျှောင်မူ၊ မြူမင်းလွှင်မြူကြွ၊ ခါဂိမှာန်မိဿ၊ စိတြရာသီ၊ တာရာတော် ရွှေဆံကျင့်ငယ်နှင့်၊ ရွှေရုံတင့်လမင့်စန္ဒီ"[၂] ဟူ၍တစ်သွယ်၊ "မြူမင်းလွှင်ထန်၊ ကြူသင်းတာချိန်ယံမတော့၊ ရွှေဝတ်ဆံ ငုံတံညှောက်ငယ်နှင့်၊ ခါသကြိန်ဂိမှာန် ရောက်ပြန်တော့၊ သိရုံသရေ ထိန်ဝေလို့တောက်တဲ့ပြင်၊ လမ်းတလျှောက် သင်းပါဘိ၊ ဆန်းသလောက် မလင်းနိုင်ဘူး၊ ပန်းပိတောက်မင်း"[၂] ဟူ၍တစ်ဖြာ ရှေးစာဆိုတို့ ဖွဲ့ဆိုခဲ့ကြပါသည်ဘုရား။

နွေဦးသာယာ ဤအခါ၌ ရွှေဝါပိတောက် ထိန်ထိန်တောက်လျက် မြိုင်လျှောက်ကံ့ကော် ရင်ခတ်တော်တို့ မြိုင်ပေါ်အနံ့ မွှေးကြူပျံ့၍ ရနံ့သင်းလှိုင် တောလုံးကြိုင်သဖြင့်"မွှေးပေါင်းနံ့သာ၊ စမ္ပာအကျော်၊ ကံ့ကော်ရင်ခတ်၊ ပွင့်ဝတ်မြိုင်ခြေ၊ တောင်လေညှင်းညှင်း၊ ရစ်လာသွင်းသော်၊

---

၁။ ရှင်ဥတ္တမကျော် ၂။ ဦးကြော့

http://www.dhammadownload.com



ရင်တွင်းငြိမ့်လေး၊ ဆိတ်ရုံအေးဓါ”[၂] ဟူ၍တစ်ဖုံ၊ “ရွှေပယင်း တပေါက်လှိုထိမှာ၊ ပိတောက်မြိုင်ကြူ၍၊ ပန်းရင်ခတ် လေဖြန့်ဆော်သည်၊ ရွှေကံ့ကော် သင်းတဲ့မာသ”[၂] ဟူ၍ တစ်နည်း၊ “ဟောင်းရွက်ညှာ ခါလှစ်လို့၊ တာသစ်ကတဲ့ နှံ့ကြိုင်၊ သုတ်ဖြူးလေဆော်က၊ ပန်းကံ့ကော် ဝတ်မှုံကျင်း၊ သင်းပျံ့လို့လှိုင်”[၃] ဟူ၍တစ်ဖြာ ရှေးပညာရှင်တို့ စာပေ မှတ်တမ်း ပြုခဲ့ကြပါသည် ဘုရား။

ရွက်ဟောင်းကျကြွေ ရွက်သစ်ဝေ၍ ခါနွေရွှန်းသစ် ဖူးပုရစ်တို့ သနစ်စုံခင်း လေပြည်ညှင်းသော် မြေသင်းရနံ့ တောလုံးနှံ့သဖြင့် “ခါလည်လုလု၊ ရတုသစ်သစ်၊ သရစ် ပေါ်ပေါ်၊ သာပျော်ရွှန်းရွှန်း၊ ကိန်းခန်းသင့်မော၊ ရွက်ရင့် လျှော၍၊ ရွက်ကျောနုလှန်၊ ရွက်သစ်ပြန်တည့်၊ ပန်းမာလ် ငုံကင်း၊ သုတ်လေညှင်းနှင့်၊ မြေသင်းနံ့နံ့၊ တပျံ့ပျူးပျူး၊ မင်းလွင်မြူးလျက်”[၄] ဟူ၍ တစ်မျိုး၊ ရွက်သစ်ပျိုနု သာမျိုးစုသည့် ရတုအတာ ဤအခါ၌ အာကာတစ်ခွင် တိမ်ရေးဆင်၍ တိမ်သဘင်ကျင်း တိမ်ပွဲခင်းသဖြင့် “သည်လသကြန်၊ ခါဝသန်ကို၊ အားသွန်မလို၊ တန်ခိုးသိုခဲ့၊

---

၁။ ဦးယာ
၂။ ဦးကြော့
၃။ ဖိုးသူတော်ဦးမင်း
၄။ ရှင်အဂ္ဂသမာဓိ

http://www.dhammadownload.com



တိမ်ညိုမိလ္လာ၊ တိမ်စုရကာနှင့်၊ တိမ်ပြာရောယှက်၊ မရမ်းဖက်၍၊ တိမ်သက်တန့်ရောင်၊ အဝါပေါင်ဝယ်၊ မှောင်ခဲ့တစ်ခါ၊ ပြာခဲ့တစ်ချို့၊ ညိုခဲ့တစ်လီ၊ ရီခဲ့တစ်ပုံ၊ မှုန်ခဲ့တစ်ချက်၊ ယုဂန်ထက်က၊ လေးဘက်လုံးခြုံ၊ တိမ်ဂဠုန်လည်း၊ နဂါးရုံကြွေ့၊ ရန်ချင်းတွေ့သော်၊ ခိုးငွေ့လွှတ်ပြိုင်၊ ဝုဏ်ချင်းဆိုင်ခဲ့"၁ ဟူ၍ တစ်လီ စာပန်းချီ ခြယ်ခဲ့ကြပါသည် ဘုရား။

စိတြစန်းယှဉ် မိဿခွင်၌ သဘင်သကြ်န် ပျော်ကြောင်း ဖန်သဖြင့် "နွေခါမှိုင်ယံ၊ ရာသီမိဿ၊ ဂိမှာနမို့၊ စိတြကြယ်၊ တိမ်မိုးလယ်မှာ၊ စံပယ်ကွန့်ကာ၊ တိမ်ဇွေရှာဝယ်၊ ဒေသစာလှမ်း၊ လှည့်လည်ယယ်မြန်းလို့၊ နှစ်ဆန်းငယ်သကြ်န်၊ သစ်သစ်သာ ဖန်တော့တယ်၊ နိုင်ငံကြော့ပြည်သူ့မှာ၊ ပန်ဆုယူ တာရေသွန်းချိန်မို့၊ လွမ်းလှတယ်လေး"၂ ဟူ၍ တစ်နည်း၊ "ဂိမှန်တည့် တန်ခူး၊ သာဆန်းထူး၊ နှစ်ဦးမိဿခွင်၊ သဘင်တည့်ပျော်မြဲ အတာပွဲ"၃ ဟူ၍တစ်ပုံ၊ "ဒိဝါရတ် သုံးဆယ်စီငယ်၊ ပါဒ်နာရီခွေညောင်းလို့၊ ရွှေမောင်းတော့် ဗဟိုရ်သံ၊ သဲခြိမ့်ခြိမ့်ညံ။ ရေသွန်းပွဲရာမင်းခံသည်၊ တာသကြ်န် နှစ်ကူးမို့လေး"၄ ဟူ၍ တစ်သွယ် ရေးစာဆိုတို့ ဖွဲ့ဆိုခဲ့ကြပါသည်ဘုရား။

---

၁။ ရှင်ဥတ္တမကျော်　　၃။ ဦးယာ
၂။ မဟာအတုလမင်းကြီး　　၄။ ဦးကြော့

http://www.dhammadownload.com



ရှေးထုံးအစဉ် တာသဘင်ဝယ် ပျော်ရွှင်ကြမြဲ ရွှေခွက်ထဲ၌ ထည့်မြဲနံ့သာ ပန်းစုံစွာနှင့် သံသာငြိမ့်ညင်း အဲသီချင်းကို ဖြည်းညင်းဆိုလျက် စိမ်းစိုရွှန်းလက် သပြေခက်ဖြင့် ဖျန်းပက်စဉ်လာ ရှိသည့်တာကြောင့် "ကံ့ကော် ရင်ခတ်၊ ပင်တိုင်းညွတ်လျက်၊ ပွင့်ဝတ်ဆေဆေ၊ တောင်လေသုတ်ဖြူး၊ လတန်ခူးကို၊ မြူးထူးပျော်ရွှင်၊ တာသဘင်ဝယ်၊ ဆင်ယင်တုပ၊ လွှရရွှတည်း၊ ငြိမ့်မျှစောင်းငြင်း၊ အဲသီချင်းနှင့်၊ ထုံသင်းနံ့သာ၊ ငံ့ရေသီတာဝယ်၊ စမွှာ ကရမက်၊ ပန်းဆေါင်း ဖက်၍၊ ရွှေခွက် အပြည့်၊ မွှေမျိုးထည့်ကာ၊ လည်လှည့် ဆူလှယ်၊ တင့်စံပယ်လျက်၊ မြူးရယ်ရွှင်သား၊ လွန်ပျော်ပါးသည်၊ ကစားထုံရည်၊ ဖျန်းတည့်လေး"[၁] ဟု ရှေးစာဆိုတို့ ဖွဲ့ဆိုခဲ့ကြပါသည် ဘုရား။

ဆောင်းကိုလွန်မြောက် နွေဦးပေါက်စ တန်ခူးလ၌ မြောက်ကလေပြန် တောင်လေဆန်၍ လေဟန်မတည် တိုက်တတ်သည်ကြောင့် "တပေါင်းတန်ခူး လေရူးသုန်သုန်" ဟူ၍ တစ်ဖြာ၊ "ဘယ်ဇေ့ညာကူး၊ ပုံမထူးသည်၊ တန်ခူးလေနှင့် လျော်တော့၏"[၂] ဟူ၍ တစ်နည်း ရှေးစာဆိုတို့ စပ်ဆိုစကား မှတ်သားကြရပါသည် ဘုရား။

---

၁။ ဦးအောင်ကြီး ၂။ နတ်သျှင်နောင်

http://www.dhammadownload.com



## သံဝေဂ

၇။ ဤသို့လျှင် စက္ကန့် မိနစ်၊ နာရီ ရက် လ၊ နှစ်တွေပြောင်းကြ၍ အဟောင်းအဟောင်းတွေ ချုပ်ပျောက် အသစ်အသစ်တွေ ပေါ်ပေါက်ကြကာ ခဏမစဲ ပြောင်းလဲနေသော ရုပ်သဘာဝ နာမ်သဘာဝတို့၏ မတည်မြဲခြင်း အနိစ္စ၊ ဆင်းရဲခြင်း ဒုက္ခ၊ ပုဂ္ဂိုလ် သတ္တဝါ အတ္တ မဟုတ်ခြင်း အနတ္တ သဘောတို့ကို နှစ်နှောသက်ဝင် အမှန်မြင်လျက် ခင်မင်မှု သမုဒယ ပယ်နိုင်ကြ၍ ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်းရာ ချမ်းသာစစ် ချမ်းသာမှန် မြတ်နိဗ္ဗာန်ကို ဧကန်မုချ ရောက်နိုင်ကြရန်, သတိပဋ္ဌာန်လေးပါး မြတ်တရားကို ပွါးများ အားထုတ်ကြပါစို့ ဘုရား။

မှတ်ချက်။ ။ တရားနာခါနီး၌ ဖတ်ကြားလျှောက်ထားလျှင် "သတိပဋ္ဌာန်လေးပါး မြတ်တရားကို ဟောကြား ချီးမြှင့်တော်မူပါ အရှင်မြတ် ဘုရား" ဟု တရားတောင်း အဖြစ်ဖြင့် လျှောက်ထားနိုင်ပါသည်။

http://www.dhammadownload.com

## ၁၃၄၈ ခုနှစ်၊ ကဆုန်လ
## သာသနာတော်လျှောက် စာတန်းပါဘုရား

### ဗုဒ္ဓဘုရား ဖွား ဖြစ် စံ

၁။ သုံးလောကထွတ်ထား ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဘိုးတော်အဥ္စနမင်းကြီး သက္ကရာဇ်ဖြိုပြီးသည့် အချိန်မှစ၍ ရေတွက်ရသော မဟာသက္ကရာဇ် ၆၈ ခုနှစ် ကဆုန်လပြည့်နေ့၌ ဖွားမြင်တော်မူပါသည်ဘုရား။

၂။ သက်တော် ၂၉ နှစ်တွင် ထီးနန်းစည်းစိမ်ကို စွန့်လျက် တောထွက်ပြီးလျှင် ဥရုဝေဠတော၌ ဒုက္ကရစရိယာ အကျင့်များကို ၆ နှစ်ကြာ ကျင့်မိပြီးမှ မှားမှန်းသိသဖြင့် အာနာပါနစတုတ္ထဈာန်ကို အခြေခံ၍ မဂ္ဂင်ရှစ်တန် အကျင့်မှန်ကို ကျင့်ကြံ ပွါးများသောအခါ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့၊ သက်တော် ၃၅ နှစ် အပြည့်တွင် သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူပါသည် ဘုရား။

http://www.dhammadownload.com



၃။ ဗုဒ္ဓမြတ်စွာသည် ၄၅ နှစ် ပတ်လုံး လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူပြီးလျှင် မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့်နေ့ သက်တော် ၈၀ အပြည့်တွင် ပရိနိဗ္ဗာန် စံတော်မူပါသည်ဘုရား။

## ဥတု ရာသီ နှစ် လ ရက် နေ့

၄။ ယနေ့သည်ကား မြတ်စွာဘုရား ဖွားမြင်တော်မူသည့် နှစ်မှ စ၍ ရေတွက်လျှင် နှစ်ပေါင်း ၂၆၀၉ နှစ်၊ ဘုရားဖြစ်တော်မူသည့် နှစ်မှစ၍ ရေတွက်လျှင် သာသနာတော်နှစ်ပေါင်း ၂၅၇၄ နှစ်၊ ပရိနိဗ္ဗာန်စံတော်မူသည့် နှစ်မှစ၍ ရေတွက်လျှင် သာသနာတော်နှစ်ပေါင်း ၂၅၂၉ နှစ်၊ မြန်မာ့ဝေါဟာ ဂေါစာတွက်စစ် မြန်မာနှစ်မှာ ၁၃၄၈ ခုနှစ်၊ ဂိမှာန နွေဥတု၊ ပြိဿရာသီ၊ ကဆုန်လ၊ လဆန်း ၁ ရက်၊ ခရစ်နှစ် ၁၉၈၆ ခုနှစ်၊ မေလ ၉ ရက်၊ သောကြာနေ့ ဖြစ်ပါသည်ဘုရား။

မှတ်ချက် ကဆုန်လပြည့်ကျော် ၁ ရက်နေ့မှ စ၍ တစ်နှစ် ထပ်တိုးလျက် ၂၆၁၀ နှစ်၊ ၂၅၇၅ နှစ်၊ ၂၅၃၀ ပြည့်နှစ်ဟု အသီးသီး ဖတ်ကြား လျှောက်ထားရပါမည်။ နောက်နှစ် များ၌လည်း ထို့အတူပင် တစ်နှစ် တစ်နှစ် တိုးရပါမည်။

http://www.dhammadownload.com



## အရုဏ်တက် နေထွက် နေဝင်

၅။ ဤ ပြိဿရာသီကဆုန်လ၌ စန်းသော်တာ လပြည့်ဝန်းသည်။ ဝိသာခါနက္ခတ်နှင့် ယှဉ်လျက် မွန်းတည့် ပါသည်။

ဤလ၏

ပဌမသီတင်းပတ်၌ နံနက် ၄ နာရီ ၃၈ မိနစ် ခန့်တွင်၊

ဒုတိယ သီတင်းပတ်၌ ၄ နာရီ ၃၄ မိနစ် ခန့်တွင်၊

တတိယ သီတင်းပတ်၌ ၄ နာရီ ၃၃ မိနစ် ခန့်တွင်၊

စတုတ္ထ သီတင်းပတ်၌ နံနက် ၄ နာရီ ၃၂ မိနစ် ခန့်တွင် အရုဏ်တက်ပါသည်။

နံနက် ၅ နာရီ ၂၁ မိနစ် ခန့်တွင် နေထွက်၍ ညနေ ၆ နာရီ ၃၂ မိနစ် ခန့်တွင် နေဝင်ပါသည် ဘုရား။

ဤလ၌ ရှေးမြန်မာ နာရီအားဖြင့် "နာရီနေ့ဝယ်၊ သုံးဆယ်ကကျော်၊ နှစ်ခုပေါ်လျက်၊ ညဥ့်သော်နှစ်ဆယ်၊ ရှစ်ခုကယ်၏"[၁] ဟူသော ရှေးသူဟောင်းတို့ စကားနှင့်အညီ နေ့နာရီ ၃၂ နာရီ၊ ညနာရီ ၂၈ နာရီ ရှိသဖြင့် နေ့တာရှည်၍ ညတာတိုပါသည်။ ဤလသည် ရက်စုံလ ဖြစ်၍ ရက်ပေါင်း သုံးဆယ် ရှိပါသည် ဘုရား။

---

၁။ ဦးယာ

http://www.dhammadownload.com



ပွင့်မြဲရာသီပန်းမှာ **စကာပန်း** မိုးစွေပန်းတို့ ဖြစ်ကြပါသည်။ ရှေးအစဉ်အလာ ရာသီပွဲမှာ ကဆုန်ညောင်ရေသွန်းပွဲ ဖြစ်ပါသည်။ သို့သော်လည်း ဗုဒ္ဓရှင်တော်မြတ်ဘုရား ဖွားမြင်တော်မူသော နေ့၊ သဗ္ဗညုတ ရွှေဉာဏ်တော်ကိုရ၍ ဘုရားဖြစ်တော်မူသော နေ့၊ ပရိနိဗ္ဗာန် စံဝင်သော နေ့များမှာ ကဆုန်လပြည့်နေ့ချည်း ဖြစ်၍ ယခုအခါ ကမ္ဘာအနှံ့အပြား၌ ဝေဆက်ခ် (**Vesakh**) ခေါ် ဗုဒ္ဓနေ့ ပူဇော်ပွဲများ ကျင်းပကြပါသည်။ ဝေဆက်ခ် ဆိုသည်မှာ ပါဠိဘာသာ "ဝေသာခ"၊ မြန်မာဘာသာ "ကဆုန်လ" ပင် ဖြစ်ပါသည် ဘုရား။

## ကဆုန်လ၏ သဘာဝ

၆။ ကဆုန်လဟုလည်း ရှေးကခေါ်ဝေါ်ကြသော ဤကဆုန်လ၌ ဝိသာခါနက္ခတ်နှင့် စန်းယှဉ်လျက် ဆင်တာရာ ထွန်းပသဖြင့် " သပြေညွန့်နု၊ ရတုမာသ၊ ကဆုန်လ၌၊ ပြည့်ထဝင်း၀ါ၊ ဝိသာခါနှင့်၊ စန္ဒာလဝန်း ယှဉ်ပြိုင်ထွန်းသော်၊ လေးကျွန်းလှည့်ပတ်၊ ဟတ္ထိတာရာ၊ ထပ်တူပါလျက်"[၁] ဟူ၍ တစ်ဖုံ၊ "ရာသီငယ်ပြီသ၊ မဟာသီလဲ၊ ရွှေညီခလို့၊ ပန်းမြစကားဝါ၊ ဝိသာခါနှင့်၊ တာရာ(ဂ)ရဲ၊

---

၁။ ဦးယာ

http://www.dhammadownload.com



စန်းငွေယုန်ဖန်သည့်နှယ်၊ ဆဒ္ဒန်ပိုင် ဘွဲ့ဘုံမှာ၊ လှူကဆုန် ညောင်ရေစွဲမို့၊ သဲလှတယ်လေး"[၁] ဟူ၍ တစ်ဖြာ ရေးစာဆိုတို့ ဖွဲ့ဆိုခဲ့ကြပါသည် ဘုရား။

ရာသီပြီသာ နွေလယ်လ၌ ပန်းများဘုရင် မွှေးနံ့ ရှင်သည့် ရွှေစင်စကားဝါ တစ်ဖြာမိုးဆွေ ပွင့်ဖူးဝေကြသဖြင့် "ရာသီလိုက်သင့်၊ ရွှေပွင့်စကား၊ မြသားရိုးနေ၊ ပန်းမိုးဆွေ၏၊ ညောင်ရေသဘင်၊ ပျော်ရွှင်သွန်းလောင်း၊ ပျိုတော်ပေါင်း လည်း၊ ယဉ်ပျောင်းဟန်ချို၊ ရွှေပိုးတီသို့"[၂] ဟူ၍ တစ်သွယ်၊ "သာစွလေ၊ ခါနွေသဘင်၊ နှစ်သစ်ဝင်၍၊ ကောင်းကင် သော်တာ၊ ဝိသာခါနှင့်၊ ပြည့်လာအညီ၊ ရာသီပြီသာ၊ အလှပြိုင်မြူး၊ ကွန့်ဖူးစံကား၊ လှိုင်ပျံ့ရှားသည်"[၂] ဟူ၍ တစ်လီ ရေးစာဆိုတို့ စာပေမှတ်တမ်း ပြုခဲ့ကြပါသည် ဘုရား။

ကဆုန်မာသ နွေလယ်လ၌ ပြင်းပြပူရှိန် ဖန်သူရိန် လည်း ပြင်းရှိန်အစွ ကုန်စွမ်းပြသော် အိုင်မ ကန်ချောင်း ခြောက်သယောင်း၍ ထောင်းထောင်းခိုးထ ခန်းခြောက် ကြသဖြင့် "မြူခြေငယ်မှုန်းပါလို့၊ နေဝန်းငယ် စက်ရှိန်၊ တောက်လောင်ငယ်ထိန်သည်၊ ဖန်သူရိန် တောစကြောင့်၊ ပူဇျာပါ ကဲတဲ့လကိုလေး"[၂] ဟူ၍ တစ်မျိုး၊ "ကဆုန်

---

၁။ မဟာအတုလမင်းကြီး ၂။ ဦးအောင်ကြီး

http://www.dhammadownload.com



နယုန်၊ ဆွေ့ဆွေ့ခုန်” ဟူ၍ တစ်နည်း၊ “တန်ခူးရေကုန် ကဆုန်ရေခန်း” ဟူ၍ တစ်ထွေ ရှေးသူဟောင်းတို့စကားကို မှတ်သားကြရပါသည် ဘုရား။

ပူဟုန်ပြင်းပြ ဤမာသဌ် ဗုဒ္ဓမြတ်စွာ ပွင့်ရာမှန်သည့် ညောင်ဗောဓိလည်း နွေ၏ စနက် ပြင်းထန်ချက်ကြောင့် ညောင်းရွက်ကျကြွေ သစ်ရေခြောက်ခန်း ပင်လုံးနွမ်းသဖြင့် စိမ်းလန်းဝေစည် ခက်ရွက်စည်၍ စိုပြည်စေကြောင်း ရေသွန်း လောင်းလျက် စုပေါင်းကြည်လင် ကုသိုလ်ပွဲ ဆင်ကြသဖြင့် “သာစွထွေငယ်၊ ခါရေညောင်ဆက်၊ ကန်တော့ရက်ဝယ်၊ ဖိုလ် မဂ် ရွယ်ချူ၊ ဆုကြီးယူဟု၊ သယမ္ဘူဓာတ်၊ သုံးလူနတ်နှင့်၊ အောင်ရပ်ဥကင်၊ နန်းကြော့ ပြင်မှာ၊ သဘင်ပွဲရေ၊ ဆက်မြဲ ဝေတော့ပ၊ ရေမြှုတာငယ်၊ နံ့သာပန်းသပ် မွေးရက်နှင့်”[၁] ဟူ၍ တစ်သွယ်၊ “မိုးသားကျူး၏၊ ကဆုန်လဝယ်၊ လောက ထွတ်ထား၊ ဘုရားမြတ်ရှင်၊ ရွှေပလ္လင်ထက်၊ ရွှေပင်ရောင်-တောက်၊ ညောင်တော်အောက်၌၊ ပေါက်သည်ကိုမှူ၊ အကြောင်းယူ၍၊ မဥ္ဇူလှရာ၊ ပန်းတကာကို၊ မြှုတာ တကောင်း၊ မသင်းတောင်းဝယ်၊ သွန်းလောင်းရေပြည့်၊ ဖြိုးမျှထည့်လျက်၊ ပတ်လှည့်ညာကြွေ၊ ရှင်တော်မွေကို၊

---

၁။ ဉာဏ်ဝန်ကြီးဦးဖြေ

http://www.dhammadownload.com



ရှိသေသဘင်၊ ပွဲကြီးယင်၍၊ ကြည်လင်သဒ္ဓါ၊ ငြိမ်းကြောင်း ရှာသည်၊ အခါညောင်ရေ သွန်းတည့်လေး"[၁] ဟူ၍ တစ်ဖြာ ရေးပညာရှင်တို့ စာတင်ခဲ့ကြပါသည် ဘုရား။

ရာသီပြီသ နွေလယ်လဟု ဆိုရလင့်ကစား မိုးသား မြူး၍ မိုးဦးခေါ်သံ ဂျိုးဂျိမ်းညံလျက် မိုးသံဆော်လှန့် မြေသင်းနံ့လည်း သင်းပျံ့ကြူကြူ ရနံ့လှူသဖြင့် "တော တောင်ငယ်ပတ်ခြွံ၊ မြေသင်းနံ့လည်း၊ သင်းပျံ့ကြူးကြူး၊ မိုးသားမြူးနှင့်၊ ထွေထူးမျိုးခေါ်၊ စည်ကြီးကျော်လို့၊ တီးဆော်ညံညံ၊ မိုးပွဲဘဲခံတော့သည်"[၂] ဟူ၍ တစ်လီ၊ "ကဆုန်အတွင်း၊ မြေသင်းပျံ့ပျံ့ မိုးနံ့နံ့" ဟူ၍ တစ်ဖုံ၊ "မိုးတွေ လေတွေ လာပါလို့ ကဆုန်လပြည့်ကျော်" ဟူ၍ တစ်တွေ၊ "သင်းမြေနံ့ကြိုင်၊ စကားခွေဝါနှင့်၊ ညောင်သီတာ ရေတော်သွန်းချိန်မို့၊ ရွှန်းဝေလို့လှိုင်"[၃] ဟူ၍ တစ်ဖြာ ရေးသူဟောင်းတို့ စကားကို မှတ်သားကြရပါသည် ဘုရား။

---

၁။ ဦးအောင်ကြီး ၂။ ဥာဏ်ဝန်ကြီးဦးဖြေ

၃။ ဦးကြင်ဥ

http://www.dhammadownload.com



## သံဃာ

၇။ ဤသို့လျှင် စက္ကန့် မိနစ်၊ နာရီ ရက် လ၊ နှစ်တွေပြောင်းကြ၍ အဟောင်းအဟောင်းတွေ ချုပ်ပျောက် အသစ်အသစ်တွေ ပေါ်ပေါက်ကြကာ ခဏမစဲ ပြောင်းလဲနေသော ရုပ်သဘာဝ နာမ်သဘာဝတို့၏ မတည်မြဲခြင်း အနိစ္စ၊ ဆင်းရဲခြင်း ဒုက္ခ၊ ပုဂ္ဂိုလ် သတ္တဝါ အတ္တ မဟုတ်ခြင်း အနတ္တသဘောတို့ကို နှစ်နှောသက်ဝင် အမှန်မြင်လျက် ခင်မင်မှု သမုဒယ ပယ်နိုင်ကြ၍ ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်းရာ ချမ်းသာစစ် ချမ်းသာမှန် မြတ်နိဗ္ဗာန်ကို ဧကန်မုချ ရောက်နိုင်ကြရန် သတိပဋ္ဌာန်လေးပါး မြတ်တရားကို ပွါးများ အားထုတ်ကြပါစို့ ဘုရား။

http://www.dhammadownload.com

# ၁၃၄၈ ခုနှစ်၊ နယုန်လ
## သာသနာတော်ထွန်းကားရာ ... သာသနာတော်ထျှောက် စာတန်းပါဘုရား

### ဗုဒ္ဓဘုရား ဖွား ဖြစ် စံ

သုံးလောကထွတ်ထား ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဘိုးတော်အဥ္စနမင်းကြီး သက္ကရာဇ်ဖြိုပြီးသည့် အချိန်မှစ၍ ရေတွက်ရသော မဟာသက္ကရာဇ် ၆၈ ခုနှစ် ကဆုန်လပြည့်နေ့၌ ဖွားမြင်တော်မူပါသည်ဘုရား။

၂။ သက်တော် ၂၉ နှစ်တွင် ထီးနန်းစည်းစိမ်ကို စွန့်လျက် တောထွက်ပြီးလျှင် ဥရုဝေလတောဌ် ဒုက္ကရစရိယာ အကျင့်များကို ၆ နှစ်ကြာ ကျင့်မိပြီးမှ မှားမှန်းသိသဖြင့် အာနာပါနစတုတ္ထဈာန်ကို အခြေခံ၍ မဂ္ဂင်ရှစ်တန် အကျင့်မှန်ကို ကျင့်ကြံပွါးများသောအခါ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့၊ သက်တော် ၃၅ နှစ် အပြည့်တွင် သဗ္ဗညုတ ရွှေဉာဏ်တော်ကိုရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူပါသည် ဘုရား။

http://www.dhammadownload.com



၃။ ဗုဒ္ဓမြတ်စွာသည် ၄၅ နှစ်ပတ်လုံး လူ, နတ်, ဗြဟ္မာ သတ္တဝါတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူပြီးလျှင် မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့်နေ့ သက်တော် ၈၀ အပြည့်တွင် ပရိနိဗ္ဗာန် စံတော်မူပါသည်ဘုရား။

## ဥတု ရာသီ နှစ် လ ရက် နေ့

၄။ ယနေ့သည်ကား မြတ်စွာဘုရား ဖွားမြင်တော်မူသည့်နှစ်မှ စ၍ ရေတွက်လျှင် နှစ်ပေါင်း ၂၆၁၀၊ ဆုရား ဖြစ်တော်မူသည့် နှစ်မှ စ၍ ရေတွက်လျှင် သာနာတော် နှစ်ပေါင်း ၂၅၇၅ နှစ်၊ ပရိနိဗ္ဗာန်စံတော်မူသည့် နှစ်မှ စ၍ ရေတွက်လျှင် သာသနာတော်နှစ်ပေါင်း ၂၅၃၀ ပြည့်နှစ်၊ မြန်မာ့ဝေါဟာ ဂေါဏတွက်စစ် မြန်မာနှစ်မှာ ၁၃၄၈ ခုနှစ်၊ ဂိမ္မာန နွေဥတု၊ မေထုန်ရာသီ၊ နယုန်လ၊ လဆန်း ၁ ရက်၊ ခရစ်နှစ် ၁၉၈၆ ခုနှစ်၊ ဇွန်လ ၈ ရက်၊ တနင်္ဂနွေနေ့ ဖြစ်ပါသည် ဘုရား။

## အရုဏ်တက် နေထွက် နေဝင်

၅။ ဤ မေထုန်ရာသီ နယုန်လ၌ စန်းသော်တာ လပြည့်ဝန်းသည် ဇေဋ္ဌနက္ခတ်နှင့် ယှဉ်လျက် မွန်းတည့် ပါသည်။

http://www.dhammadownload.com



ဤလ၏

ပထမ သီတင်းပတ်၌ နံနက် ၄ နာရီ ၃၂ မိနစ်ခန့်တွင်၊
ဒုတိယ သီတင်းပတ်၌ ၄ နာရီ ၃၃ မိနစ် ခန့်တွင်၊
တတိယ သီတင်းပတ်၌ ၄ နာရီ ၃၄ မိနစ်ခန့်တွင်၊
စတုတ္ထ သီတင်းပတ်၌ ၄ နာရီ ၃၇ မိနစ်ခန့်တွင်
အရုဏ်တက်ပါသည်။

နံနက် ၅ နာရီ ၂၂ မိနစ် ခန့်တွင် နေထွက်၍ ညနေ ၆ နာရီ ၄၂ မိနစ် ခန့်တွင် နေဝင်ပါသည် ဘုရား။

ဤလ၌ ရှေးမြန်မာ နာရီအားဖြင့် "နာရီနှစ်ဖြာ၊ နေ့မှာသုံးဆယ်၊ စွန်းကယ်စတု၊ ညဥ့်ဖို့ရှုသော်၊ တွက်စုနှစ်ဆယ်၊ ခြောက်ဝယ်စွန်းသာ"၁ ဟူသော ရှေးသူဟောင်းတို့ စကားနှင့်အညီ နေ့နာရီ ၃၄ နာရီ၊ ညနာရီ ၂၆ နာရီ ရှိသဖြင့် နေ့တာရှည်၍ ညတာတိုပါသည်။ ဤလသည် ရက်မစုံလဖြစ်၍ ရက်ပေါင်း ၂၉ ရက် ရှိပါသည် ဘုရား။

ပွင့်ဖြူ ရာသီပန်းမှာ မြတ်လေးပန်း စပယ်ပန်းတို့ ဖြစ်ကြပါသည်။ ရာသီပွဲမှာ သံဃာတော်များ၏ စာတော်ပြန်ပွဲနှင့် ရှင်ဘုရင်များ၏ လယ်ထွန်မင်္ဂလာပွဲများ ဖြစ်ကြ

---

၁။ ဦးယာ

http://www.dhammadownload.com



ပါသည်။ ယခုခေတ်၌ နယုန်လပြည့်နေ့တွင် မြတ်စွာဘုရား မဟာသမယသုတ်တော် ဟောကြားတော်မူသည်ကို အကြောင်းပြု၍ မဟာသမယနေ့ ပူဇော်ပွဲလည်း ကျင်းပကြပါသည် ဘုရား။

## နယုန်လ၏ သဘာဝ

၆။ နမျှုန်လဟုလည်း ရှေးက ခေါ်ဝေါ်ကြသော ဤနယုန်လ၌ ဖွေ့နကွတ်နှင့် စန်းယှဉ်လျက် မြင်းတာရာ ထွန်းပသဖြင့် "အာကာပြင်က၊ ကြယ်ဖွေ့နှင့်၊ တောက်ပရောင်စို၊ ဂြိုလ်တနလာ၊ ကြွသောခါလျှင်၊ တာရာအသ၊ ရံဝန်းခ၍"[၁] ဟု ရှေးပညာရှင်တို့ စာပေမှတ်တမ်း ပြုခဲ့ကြပါသည် ဘုရား။

ရာသီမေထုန် လနယုန်တွင် ဖူးငုံပွင့်သွယ် ရနံ့ကြွယ်သည့် စံပယ်မြတ်လေး ဆွတ်ပျံ့မွှေး၍ စာမေးသဘင်ဆင်ယင်ကျင်းပ ကြည်နူးကြသဖြင့် "မိုးသား ထစ်ကြိုး၊ ကျေးငှက်မြူးသော်၊ ပွင့်ဖူးရီးသွယ်၊ စံပယ်မုလေး၊ သင်းပျံ့မွှေး၍၊ စည်းဝေးသံဃာ၊ အရိယာတို့၊ ရွှေစာမေးပွဲ၊ ထိန့်ရိုက်ကြမျှ"[၁] ဟူ၍တစ်လီ၊ "သီလသမာ၊ မြတ်သံဃာတို့၊

---

၁။ ဦးယာ

http://www.dhammadownload.com



သဒ္ဒါရှစ်စုံ၊ သုံးပုံပိဋကတ်၊ ရုပ်ဓာတ်ဓေါ်ညွန်း၊ အစန်းခန်းကို ရှေ့နုန်းတော်တောင်၊ မြတ်မာရ်အောင်ဝယ်၊ မြားမြောင်စုဆေး၊ စာမေးသဘင်၊ မွှမ်းမွှမ်းဖြင်သည်”[၁] ဟူ၍ တစ်ဖုံ၊ “ပုဏ္ဏမာငယ်၊ အသာပြည့်စက်၊ ဝန်းသည့် ရက်ဝယ်၊ ယောမြွက်ကယ်စည်ရာ၊ ဘိဓမ္မာနှင့်၊ မဟာသုတ္တန်၊ ဝိနယံက၊ ဖန်ဖန်မေးမှု၊ ဖြေဆေးငယ်ရှလို့၊ သုမ္မောပုံ၊ ပွဲကြီးသာကြုံတော့ပ”[၂] ဟူ၍တစ်ဖြာ၊ “ရွှေစာတော် ပြန်မေးလို့၊ မြတ်လေးတဲ့စံပယ်၊ မေထုန်ဆို ရာသီကူး၊ ပွင့်ဖူးဝတ်မှုံနှံ၊ သင်းပျံ့တော့တယ်”[၃] ဟူ၍ တစ်သွယ်၊ နယုန်မာသဤသည့်လ၌ စာပွဲသဘင် ဆင်ယင်ကြသကဲ့သို့ မင်္ဂလာထွန်တော်လည်းချကြသဖြင့် “သုမ္မေရိပ်သာမှာ၊ သဘင်စာသည်လ၊ မင်္ဂလာထွန်တော်ချလို့၊ သေနင်္ဂလေးအင်”[၄] ဟူ၍ တစ်ဖြာ ရှေးစာဆိုတို့ ဖွဲ့ဆိုခဲ့ကြပါသည် ဘုရား။

နွေနှောင်းနယုန် မိုးပဖွန့်လည်း မှိုင်းမှုန်ညိုးညိမ့်ဒိုးဒလိမ့်ဖြင့် သိမ့်သိမ့်ရိုက်ကြွေး မိုသံပေး၍ မိုးရေးရိပ်ဆင်ရှာဟန်ပြင်သဖြင့် “ထက်ခွင်မိုးလ၊ ကြယ်ဖွေနှင့်၊ ပြည့်ဝစင်ကြယ်၊ စံပယ်မြတ်လေး၊ ပင်တိုင်းမွှေး၍၊

---

၁။ ဦးအောင်ကြီး
၂။ ဉာဏဝန်ကြီးဦးဖြေ
၃။ ဖိုးသူတော်ဦးမင်း
၄။ တိုင်းတားမြို့သူကြီးဦးဖက်

http://www.dhammadownload.com



ထွေးထွေးမောင်းနီ၊ ညွန့်ချင်းစီသို့၊ ရာသီမေထုန်၊ လနယုန်ဟု၊ မြူးခုန်သာရွှင်၊ မိုးလုလင်လည်း၊ ရွာကျင်ခြိမ့်မျှ၊ ရေငန်းပြလျက်"[၁] ဟူ၍တစ်ဖုံ၊ "နတ်စည်ငယ် ရွှန်းပါလို့၊ ခြိမ့်မွှန်းငယ်သံရုံ၊ ကမြူးငယ်ခုန်သည်၊ လနယုန်သည်ရိုန်မို့၊ မြူတိမ်လွှာ ဆိုင်းပြန်တော့တယ်လေး"[၂] ဟူ၍ တစ်နည်း၊ ခါတစ်ရံတွင် ရွာဟန်မက မိုးသေးကျ၍ ညှိုးကျသွေ့ခြောက် မြက်သားပေါက်လည်း ညွန့်ညောက် တစ်ဖန် ထွက်ပြူပြန်သဖြင့် "နယုန်မိုးသေး မြက်သားမွေး၊" ဟူ၍ တစ်မျိုး ရေးသူဟောင်းတို့ ဆိုရိုးပြုခဲ့ကြပါသည် ဘုရား။

ကဆုန် နယုန် ဆွေ့ဆွေ့ခုန်မျှ ပူပြင်းလှလည်း နွေလနှောင်းရက် မိုးသားတက်၍ မိုးသက်လေထ မိုးဦးကျမို့ စိမ်းမြမြေပြင် တောတောင်ခွင်လည်း စိမ်းလွင်စိုလန်း မြစ်ရေကမ်းလည်း တင့်ဆန်းသာယာ ရှုတိုင်းသာသဖြင့် "ရေမှာကြည့်လည်း၊ ရေ၏ထုံးတမ်း၊ တောင်မှာစမ်းလည်း၊ တောင်ကမ်းပွယ်ရာ၊ မြေမျက်နှာလည်း၊ မသာစတောင်း၊ ရှုမညောင်းသည့်၊ နွေနှောင်းလမို့၊ ကမ္ဘာကျက်သရေ၊ ရဂုံဇွေကျယ်၊ တောမြိုင်လယ်မှာ၊ စံပယ်မြတ်လေး၊ ပျံ့မွှေးမွှေးနှင့်၊ စာမေးသဘင် ငှက်ပေါင်းရှင်လို့"[၃] ဟု ရေးစာ[illegible]ကို ဖွဲ့ဆိုခဲ့ကြပါသည် ဘုရား။

---

၁။ ဦးအောင်ကြီး ၂။ မဟာအတုလမင်းကြီး ၃။ မယ်ခွေ

http://www.dhammadownload.com



## သံဝေဂ

၇။ ဤသို့လျှင် စက္ကန့် မိနစ်၊ နာရီ ရက် လ၊ နှစ်တွေပြောင်းကြ၍ အဟောင်းအဟောင်းတွေ ချုပ်ပျောက် အသစ်အသစ်တွေ ပေါ်ပေါက်ကြကာ ခဏမစဲ ပြောင်းလဲနေသော ရုပ်သဘာဝ နာမ်သဘာဝတို့၏ မတည်မြဲခြင်း အနိစ္စ၊ ဆင်းရဲခြင်း ဒုက္ခ၊ ပုဂ္ဂိုလ် သတ္တဝါ အတ္တမဟုတ်ခြင်း အနတ္တ သဘောတို့ကို နှစ်ဆန်းသက်ဝင် အမှန်မြင်လျက် ခင်မင်မှု သမုဒယ ပယ်နိုင်ကြ၍ ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်းရာ ချမ်းသာစစ် ချမ်းသာမှန် မြတ်နိဗ္ဗာန်ကို ကောန်မုချ ရောက်နိုင်ကြရန် သတိပဋ္ဌာန်လေးပါး မြတ်တရားကို ပွါးများ အားထုတ်ကြပါစို့ ဘုရား။

http://www.dhammadownload.com

# ၁၃၄၈ ခုနှစ်၊ ဝါဆိုလ
## သာသနာတော်လျှောက် စာတန်းပါဘုရား

## ဗုဒ္ဓဘုရား ဖွား ဖြစ် စံ
## [ စာပိုဒ် ၁၊ ၂၊ ၃၊ ရှေ့လများအတိုင်း ]

### ဥတု ရာသီ နှစ် လ ရက် နေ့

၄။ ယနေ့သည်ကား မြတ်စွာဘုရား ဖွားမြင်တော်မူသည့် နှစ်မှ စ၍ ရေတွက်လျှင် နှစ်ပေါင်း ၂၆၁၀၊ ဘုရားဖြစ်တော်မူသည့် နှစ်မှ စ၍ ရေတွက်လျှင် သာသနာတော်နှစ်ပေါင်း ၂၅၇၅ နှစ်၊ ပရိနိဗ္ဗာန်စံတော်မူသည့် နှစ်မှစ၍ ရေတွက်လျှင် သာသနာတော်နှစ်ပေါင်း ၂၅၃၀ ပြည့်နှစ်၊ မြန်မာ့ဝေါဟာ ဂေါစာတွက်စစ် မြန်မာနှစ်မှာ ၁၃၄၈ ခုနှစ်၊ ဂိမှာန နွေဥတု၊ (လပြည့်ကျော် ၁ ရက်နေ့မှ စ၍ ဝဿန္တ မိုးဥတု) ကရကဋ်ရာသီ၊ ဝါဆိုလ၊ လဆန်း ၁ ရက်၊ ခရစ်နှစ် ၁၉၈၆ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ တနင်္လာနေ့ ဖြစ်ပါသည်ဘုရား။

http://www.dhammadownload.com



## အရုဏ်တက် နေထွက် နေဝင်

၅။ ဤ ကရကဋ်ရာသီ ဝါဆိုလ၌ စန်းသော်တာ လပြည့်ဝန်းသည်။ ပြုဗ္ဗာသာဠ်နက္ခတ်နှင့် ယှဉ်လျက် မွန်းတည့် ပါသည်။

ဤလ၏
ပထမ သီတင်းပတ်၌ နံနက် ၄ နာရီ ၃၉ မိနစ်ခန့်တွင်၊
ဒုတိယ သီတင်းပတ်၌ ၄ နာရီ ၄၁ မိနစ် ခန့်တွင်၊
တတိယ သီတင်းပတ်၌ ၄ နာရီ ၄၅ မိနစ်ခန့်တွင်၊
စတုတ္ထ သီတင်းပတ်၌ ၄ နာရီ ၄၅ မိနစ်ခန့်တွင်
အရုဏ်တက်ပါသည်။

နံနက် ၅ နာရီ ၃၀ မိနစ် ခန့်တွင် နေထွက်၍ ညနေ ၆ နာရီ ၄၁ မိနစ် ခန့်တွင် နေဝင်ပါသည် ဘုရား။

ဤလ၌ ရှေးမြန်မာနာရီအားဖြင့် "နာရီနေ့ကို၊ သုံးဆယ်ဆိုရှင့်၊ စွန်းပိုခြောက်ခု၊ ကြွင်းစုနာရီ၊ ညဉ့်ဖို့ စီသော်၊ မညီအရေး၊ နှစ်ဆယ့်လေးတည့်"[၁] ဟူသော ရှေးသူဟောင်းတို့ စကားနှင့်အညီ နေ့နာရီ ၃၆ နာရီ၊ ညနာရီ ၂၄ နာရီ ရှိသဖြင့် နေ့တာရှည်၍ ညတာတိုပါသည်။ ဤလသည် ရက်စုံလဖြစ်၍ ရက်ပေါင်း ၃၀ ရှိပါသည်ဘုရား။

---

၁။ ဦးယာ

http://www.dhammadownload.com



ပွင့်မြဲရာသီပန်းမှာ ပုန်းညက်ပန်း မဥ္စူပန်း အနန်းပန်းများ ဖြစ်ကြပါသည်။ ရှေးက ကျင်းပမြဲ ရာသီပွဲမှာ ပဥ္စင်းခံပွဲဖြစ်ပါသည်။ ယခု ခေတ်၌မူ ဝါဆိုပန်းကပ်ပွဲ၊ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ ဝါဦး ပူဇော်ကန်တော့ပွဲများလဲ ကျင်းပကြပါသည် ဘုရား။

ဂေါတမမြတ်စွာဘုရား အလောင်းတော် ပဋိသန္ဓေနေသောနေ့၊ တောထွက်တော်မူသောနေ့၊ ဓမ္မစကြာတရားဟောကြားတော်မူသောနေ့၊ တန်ခိုးပြာဋိဟာ ပြတော်မူသောနေ့များသည်လည်း ဝါဆိုလပြည့်နေ့ပင် ဖြစ်၍ ဝါဆိုလပြည့်နေ့တိုင်း ဓမ္မစကြာ အခါတော်ပွဲလည်း ဆင်နွှဲ ကျင်းပကြပါသည် ဘုရား။

## ဝါဆိုလ၏ သဘာဝ

၆။ နွေတာလ၊ မလွယ်တာလ၊ မြွယ်တာလ၊ နွယ်တာလ၊ နတ်လျှောင်းလ ဟူ၍လည်း ရှေးကခေါ်ဝေါ်ကြသော ဤဝါဆိုလ ကရကင်ရာသီ၌ ပုန်းညက်မဥ္စူသင်းကြူအနန်း လန်းလန်းစွင့်စွင့် လှိုင်လှိုင်ပွင့်ကြသဖြင့် "ပန်းများလှိုင်ကြူ၊ မဥ္စူရွှေခက်၊ ပုန်းညက်ကြိုင်သင်း၊ ပဥ္စင်းတော်ပွဲ၊ သဲသဲအုတ်အော်၊ ရှင်ပျော်လှည့်ပတ်၊ ကရကင်နှင့်"[၁] ဟူ၍ တစ်နည်း၊ "ပုန်းညက်အနန်း၊

---

၁။ ဦးယာ

http://www.dhammadownload.com



နှင်းဆီပန်းနှင့်၊ စခန်းကြိုင်သင်း၊ ရဂုံတွင်းမှာ”[၁] ဟူ၍ တစ်ဖုံ၊ “ဝါဆိုခေါ်မှတ်၊ ကရကဋ်ဝယ်၊ နက္ခတ်မိုးယံ၊ ပြဿာသာဇ်တို့၊ လထံနိုးလျက်၊ ရောင်ခြည်ယှက်က၊ ပုန်းညက်ထိန်ထိန်၊ ပွင့်ချင်းလိမ်ခဲ့”[၂] ဟူ၍ တစ်ဖြာ ရှေးပညာရှင်တို့ စာပေမှတ်တမ်း ပြုခဲ့ကြပါသည် ဘုရား။

ပုန်းညက်အနန်း မဥ္ဇူပန်းတို့ ပွင့်လန်းရွှန်းစို ဝါဆိုမာသ ဤသမယ၌ လောကထွတ်မှူး သံဗြိမ့်ကြူး၍ မြတ်ဦးတရား ဟောမြွက်ကြားသဖြင့် “သုံးလူ့နတ်လဲ၊ မြိုင်ရပ်ကယ်ခန်းဝါ၊ မိဂဒါဝယ်၊ သေရျာနဲ့နက်၊ ဓမ္မစက်ကို၊ ဖန်မြွက်ကယ်နှုတ်ရွှေ၊ ဗျာခွန်းချွေလို့”[၃] ဟူ၍ တစ်လီ၊ ပဥ္စင်းခံပွဲများ ကျင်းပကြသဖြင့် “ပဥ္စင်းတော်ကို၊ ရွှေလှော်မွမ်းရုံ၊ ရွှေစည်းခုံဝယ်၊ သုံးဘုံဝင့်မှ၊ လွတ်စေရဟု၊ ဂေါတမမာန်နှိမ်၊ မြတ်သည့်သိမ်သို့၊ ငြိမ်ဆိမ်လည်းဝင်၊ သိက္ခာတင်သည်”[၄] ဟူ၍ တစ်သွယ်၊ “နရစံတည်၊ ထွတ်ဘုန်းစည်လဲ၊ ထွက်စည်စံပျော်၊ သဘင်တော်မှူး၊ ကြားကျော်ခြိမ့်သဲ၊ ပဥ္စင်းပွဲနှင့်၊ လှူဖြန့်နှစ်စဥ်၊ မှူးကြီး ယင်လျက်”[၃] ဟူ၍ တစ်ဖြာ ရှေးစာဆိုတို့ ဖွဲ့ဆိုခဲ့ကြပါသည် ဘုရား။

---

၁။ မယ်ခွေ
၂။ နဝဒေးကြီး
၃။ လှူဦးမင်း
၄။ ဦးအောင်ကြီး

http://www.dhammadownload.com



ရာသီကရကင့် လမြတ်ဝါဆို ပုန်းညက်ပျို့တို့ ရွှန်းစို ပွင့်လာ ဆင်တာရာလည်း ယှဉ်လာထွန်းပ စန်းယုန်ခသဖြင့် "ဆင်တာရာငယ်၊ ရာသီကရကင့်၊ နရိန္ဒာလဲ၊ ညာတောင် နတ်နှင့်၊ ဖိုလ်မြတ်ကယ်နိဗ္ဗူ၊ အောင်ဆုယူလို့၊ ရှစ်ဖြူ ရိပ်စံ၊ ပဉ္စင်းတော်ခံသောခါ၊ ရေလျှံတဲ့ ဝါဆိုမှာ၊ ပုန်းညက်ညို မာလာမင်းက သင်းလှတယ်လေး"[၁] ဟူ၍ တစ်တန်၊ "မာလာပုန်းညက်၊ ပွင့်မှန်ကူငယ်၊ တမူ့တမူခိုင်အနွဲ့၊ မကြူ့တကြူ ကြိုင်တလှဲ့နှင့်၊ ဂနိုင်ပိုင်ချဲ့ ဘုရင်ခံ၊ ဖက်နွံန်း မသွေ ဓွေကာသမှာ၊ တာရာဂဇ ဌေလ ပြုဗ္ဗာသာဠ်"[၂] ဟူ၍ တစ်ရပ် စပ်ဆိုစကား မှတ်သား ကြရပါသည် ဘုရား။

ဝါဆိုခေါ်ကြ နွယ်တာလဒ္ဒ မှိုင်းပျမှောင်ရီ အာကာ ဆိဝယ် တိမ်နီတိမ်ဝါ တိမ်ပြာတိမ်လိပ် တိမ်ရိပ်ညိုမှောင် တိမ်တောင်တိမ်ထွတ် မိုးလုံးညွတ်မျှ လွမ်းဆွတ်ဖွယ်ဆောင် လျှပ်စီးရောင်လည်း ဝင်းပြောင်ပြိုးပြက် မိုးစည်နက်၍ ခြိမ်းလျက်မိုးသံ သိမ့်သိမ့်ညံလျက် သည်းထန်ရွှေမိုး ရွာသွန်း ဖြိုးသော် ချောင်းရိုးမြစ်ပြင် လယ်ကွင်းပြင်လည်း လှိုင်းယဉ်

---

၁။ မဟာအတုလမင်းကြီး
၂။ စာရေးတော်ကြီးဦးမောင်ကလေး

http://www.dhammadownload.com



ဖွေးဖွေး လိမ့်လိမ့်ပြေးသဖြင့် "ရာသီစရ၊ ဝါဆိုလဟု၊ မှိုင်းပျရီမှောင်၊ လျှပ်ရောင်ပြိုးပြက်၊ မည်းနက်ဖြူပြာ၊ နိုးမိလွှာနှင့်၊ စိမ်းဝါနီပြောင်၊ ရွာသွန်း ဆောင်၍၊ သဲသောင် ရေသွယ်၊ ရှယ်၍ မြစ်ကမ်း၊ ပြည့်တင်းကျမ်းနှင့်"၁ ဟူ၍ တစ်ထွေ၊ "သာစွလေ၊ တိမ်ခြေမို့မို့၊ မှိုင်းဝေညို့မျှ၊ ကောင်းကင်ဝဝယ်၊ သနင့်အာသာဠ်၊ ပြည့်ကြရုံလျက်၊ ယဉ်လျှံရေရွှး၊ မိုးလဦးကို၊ ကြိုင်မြှူး အေးမြက်၊ ပုန်းညက်စံမှီ၊ ပွင့်ပြိုင်ညီ၍၊"၂ ဟု တစ်ဖုံ၊ "မျှော်မလရာဝယ်၊ ဗီလာခွေရစ်၊ သီတာမြစ်လဲ၊ မြနှစ်ကယ်ချက်ခြို၊ ကြက်ခွတ်ဆုံလို့၊ လှိုင်းအုံယဉ်ဘောင်၊ လေပြင်းဆောင်လျက်၊ ငှက်မောင်မဖို၊ ရွှေဝံပိုလဲ၊ ကြေကိုမျောစုံ၊ ငွေကြောလုံ့လို့၊ ယမုန်ယဉ်ကြည်၊ ဆွေးဖွယ်သာစီတော့တယ် "၃ ဟူ၍ တစ်ဖြာ ရှေးစာဆိုတို့ ဖွဲ့ဆိုခဲ့ကြပါသည် ဘုရား။

ကရကဋ်ရာသီ ဝတိဆိဝယ် ဒေဝိထွက်ထား မိုး သကြားနှင့် အောက်သားအသူရာ နှစ်စဉ်လာ၍ ဇျူပြဟာ ယှဉ်ကျင်း စစ်ပွဲခင်းကြသဖြင့် "ဝါဆိုလ ကရကဋ်ဝယ်၊ နတ်ဘုရင် သုရာရာဇ်ကယ်နှင့်၊ ဇျူပြဟာစစ် ရွှေဝတိ ပျော် သဲခြိမ့်လို့နော်"၄ ဟူ၍တစ်ထွေ၊ ဗြဟ္မဏာဝါဒီတို့ အယူအရ

---

၁။ ဦးယာ
၂။ ဦးအောင်ကြီး
၃။ လူဦးမင်း
၄။ ဦးကြော့

http://www.dhammadownload.com



မိဿနိုးနတ် အိပ်စက်ရာလ ဖြစ်သဖြင့် "တာသဘင်ဝယ်၊ ပဒ္မင်တော်ရက်၊ နတ်အစက်မှာ၊ ပုန်းညက်ကယ်ငွေခိုင်၊ ဝင်လုံးလှိုင်လို့၊ တိမ်ဆိုင်တွင်းက၊ မင်းယုန်လလဲ၊ ဆင်းလှတာရီ၊ အာသာဠ္ဍီနှင့်၊ ယှဉ်မှီစုံစုံ၊ တည့်မွှန်းသာ ဆုံကြတယ်"၁ ဟူ၍ တစ်သွယ် ရှေးသူဟောင်းတို့ အမှတ်အသား ပြုခဲ့ကြပါသည် ဘုရား။

ဝါဆိုအခါ ကြည့်လေရာတွင် ရေပြင်တင်းကျမ်း မိကျောင်းပန်းလည်း ပွင့်လန်းဖွေးဖွေး တောရေးစိမ်းမြ ရှုတိုင်းလှသဖြင့် "ဝါဆိုဝါခေါင် ရေဖောင်ဖောင်" ဟူ၍ တစ်မျိုး၊ "ဝါဆိုလပြောင်း၊ မိကျောင်း ဖွေးဖွေး၊ မိုးအေးအေး" ဟူ၍ တစ်ဖုံ၊ "မိကျောင်းဖွေးဖွေး၊ ရေဖွေးဖွေး" ဟူ၍ တစ်သွယ် ရှေးသူဟောင်းတို့စကားကို မှတ်သားကြရပါသည် ဘုရား။

## သံဝေဂ

၇။ ဤသို့လျှင် စက္ကန့် မိနစ် နာရီ ရက် လ ... ... ... ... ... ... ... ပွါးများ အားထုတ်ကြပါစို့ ဘုရား။

---

၁။ လူဦးမင်း

http://www.dhammadownload.com

# ၁၃၄၈ ခုနှစ်၊ ဝါခေါင်လ
# သာသနာတော်လျှောက် စာတန်းပါဘုရား

## ဗုဒ္ဓဘုရား ဖွား ဖြစ် စံ
## [ စာပိုဒ် ၁၊ ၂၊ ၃၊ ရှေ့လများအတိုင်း ]

## ဥတု ရာသီ နှစ် လ ရက် နေ့

၄။ ယနေ့သည်ကား မြတ်စွာဘုရား ဖွားမြင်တော်မူသည့် နှစ်မှ စ၍ ရေတွက်လျှင် နှစ်ပေါင်း ၂၆၁၀၊ ဘုရားဖြစ်တော်မူသည့် နှစ်မှ စ၍ ရေတွက်လျှင် သာသနာတော်နှစ်ပေါင်း ၂၅၇၅ နှစ်၊ ပရိနိဗ္ဗာန်စံတော်မူသည့်နှစ်မှ စ၍ ရေတွက်လျှင် သာသနာတော်နှစ်ပေါင်း ၂၅၃၀ ပြည့်နှစ်၊ မြန်မာ့ဝေါဟာ ဂေါစာတွက်စစ် မြန်မာနှစ်မှာ ၁၃၄၈ ခုနှစ်၊ ဝသန္တ မိုးဥတု၊ သိဟ်ရာသီ၊ ဝါခေါင်လ၊ လဆန်း ၁ ရက်၊ ခရစ်နှစ် ၁၉၈၆ ခုနှစ်၊ ဩဂုတ်လ ၆ ရက်၊ ဗုဒ္ဓဟူးနေ့ ဖြစ်ပါသည် ဘုရား။

http://www.dhammadownload.com



## အရုဏ်တက် နေထွက် နေဝင်

၅။ ဤ သိဟ်ရာသီ ဝါခေါင်လ၌ စန်းသော်တာ လပြည့်ဝန်းသည် သရဝဏ် နက္ခတ်နှင့် ယှဉ်လျက် မွန်းတည့်ပါသည်။

ဤလ၏

ပထမ သီတင်းပတ်၌ နံနက် ၄ နာရီ ၅၀ မိနစ်ခန့်တွင်၊

ဒုတိယ သီတင်းပတ်၌ ၄ နာရီ ၅၂ မိနစ် ခန့်တွင်၊

တတိယ သီတင်းပတ်၌ ၄ နာရီ ၅၄ မိနစ်ခန့်တွင်၊

စတုတ္ထ သီတင်းပတ်၌ ၄ နာရီ ၅၆ မိနစ်ခန့်တွင် အရုဏ်တက်ပါသည်။

နံနက် ၅ နာရီ ၄၂ မိနစ် ခန့်တွင် နေထွက်၍ ညနေ ၆ နာရီ ၂၆ မိနစ် ခန့်တွင် နေဝင်ပါသည် ဘုရား။

ဤလ၌ ရှေးမြန်မာ နာရီအားဖြင့် "ရာသီဒိန၊ ဤမာသတွင်၊ ဖယောင်းတိုင်၊ နေ့ရှိနာရီ၊ မမှိညဥ့်ရောက်၊ နှစ်ဆယ့်ခြောက်တည့်"[၁] ဟူသော ရှေးသူဟောင်းတို့ စကားနှင့်အညီ နေ့နာရီ ၃၄ နာရီ၊ ညနာရီ ၂၆ နာရီ ရှိသဖြင့် နေ့တာရှည်၍ ညတာတိုပါသည်။ ဤလသည် ရက်မစုံလဖြစ်၍ ရက်ပေါင်း ၂၉ ရက် ရှိပါသည် ဘုရား။

---

၁။ ဦးယာ

http://www.dhammadownload.com



ပွင့်မြဲရာသီပန်းမှာ ခတ္တာပန်း ဖြစ်ပါသည်။ ရာသီပွဲမှာ စာရေးတံဆွမ်း လှူဒါန်းပွဲ ဖြစ်ပါသည် ဘုရား။

## ဝါခေါင်လ၏ သဘာဝ

၆။ နံကာခေါ်ကြ ဝါခေါင်လ၌ ယှဉ်ထစန်းမွန် သရဝဏ်နှင့် တိမ်စွန်အာကာ မြင်းတာရာတို့ ယှဉ်လာတူကွ မွန်းတည့်ကြ၏ သည်လမိုးလယ် ရေဖြိုးကြွယ်၍ ရေလယ် မြုပ်မြဲ ငွေသောင်သဲတည့် ရေထဲမြုပ်မျော ဒိုက်သရောလည်း တိုက်မျှောရေစုန် လှိုင်းကြွက်ခုန်သဖြင့် "သရဝဏ်ဝယ်၊ စိန်ချွန်စဉ်းသွား၊ စိုင်ပစ်မြားနှင့်၊ ရထားယုန်လ၊ သိန္ဓဝတို့၊ ချိန်မျှပြန်ဗိ၊ တည့်မွန်းညီ၍၊ ကတ္တရိဝါ၊ ငွေခတ္တာမှူး ထုံစွာသင်းလျက်၊ သိဟ်မင်းစက်ကာ၊ လည်ယှက် မြဲနှောင်၊ ရေယဉ်ဘောင်ဝယ်၊ ငွေသောင်မြုပ်မျော၊ ဒိုက် သရောလည်း၊ တိုက်လျှောသုန်သုန်၊ ကြွက်လှိုင်း ခုန်လျက်"[၁] ဟူ၍ တစ်ဖုံ၊ "သည်ချိန်ခါဝယ်၊ ဓာနေအသာ၊ နန်းတာရလဲ၊ စန်းလယေ ယှန်မွန်၊ သရဝဏ်နှင့်၊ ဘုံစွန်တိမ်လတ်၊ တည့်ချိန်မှတ်လို့၊ မိန့်မြွတ်ကယ်ရွှေဗျာ၊ ပြည်မြွတ်စွာတွင်၊ စဉ်လာအမှန်၊ စာရေးတံကို၊ ကြွေးညံပဋ္ဌင်၊ လှူပွဲတော် ဆင်ဆဲမို့၊"[၂]

---

၁။ ရှင်ဥတ္တမကျော် ၂။ လူဦးမင်း

http://www.dhammadownload.com



ဟူ၍ တစ်ထွေ ရှေးသူဟောင်းတို့ စာပေမှတ်တမ်း ပြုခဲ့ကြပါသည် ဘုရား။

ခတ္တာဖြူနီ ဖူးပွင့်စိ၍ ရာသီသာလှ ဝါခေါင်လ၌ လှူကြ စာရေးတံ ခြိမ့်ခြိမ့်ညံလျက် ရှေးဟန်ပြုမြဲ ပျော်နတ်ပွဲကို အားခဲကျင်းပ ရှင်မြူးကြသဖြင့် "နံကာဆန်းစ၊ ဝါခေါင်လကား၊ ကျောင်းမှမကွာ၊ ထေရ်သဃာတို့၊ သဒ္ဒါရှင်လန်း၊ ဆွမ်းပန်းကျွေးဟန်၊ စာရေးတံဟု၊ ကောင်းမွန်စီရင်၊ သဘင်ဒါန၊ လှူဒါန်းကြလျက်၊ ရှေးကထိမ်းမှတ်၊ ညီနောင်နတ်အား၊ ရိုညွတ်သောင်သဲ၊ တက်စမြနှင့်၊ လှေပွဲများစွာ၊ မြစ်ရောဝယ်၊ ကြေညာသန်းကူး၊ ပျော်ကြမြူးသည်၊"[၁] ဟူ၍ တစ်လီ၊ "တိမ်ခြေမှိုင်းထန်၊ လဗိမာန်နှင့်၊ သရဝဏ် နက္ခတ်၊ ပြည့်မှတ်တလီ၊ သိဟ်ရာသီဟု၊ ခတ္တရီခတ္တာ၊ ပင်တိုင်းဖြာသား၊"[၂] ဟူ၍ တစ်သွယ်၊ "ရာသီသိဟ်ဝယ်၊ နေမိန္ဒရ၊ ဝါခေါင်လမို့၊ တောင်များထွတ်စွန်၊ သရဝဏ်လဲ၊ ရောင်ဝှန်တေဇာ၊ ပန်းခတ္တာနှင့်၊ ခိုင်ညှာပွင့်ကြူ၊ တိုင်းပြည်သူတို့၊ လှူစာရေးတံ၊ သဘင်စုံခံဆဲမို့၊ လွှမ်းရန်ဖွဲ့ သည်ချိန်ကို၊ ဓေဝရိန် ပဒ္မနီမှူးက၊ မြူးလှတယ်လေး"[၂] ဟူ၍တစ်ဖြာ ရှေးစာဆိုတို့ စာပေမှတ်တမ်း တင်ခဲ့ကြပါသည် ဘုရား။

---

၁။ ဦးအောင်ကြီး  ၂။ မဟာအတုလမင်းကြီး

http://www.dhammadownload.com



ဤဝါခေါင်လ၌ ထနောင်းပင်၊ ကြောင်ခြစ်ပင်၊ ဆူးရစ်ပင်များ ပွင့်သောအခါ မိုးမရွာဘဲ ရှိတတ်ပါသည်။ ရွာပြန်သော်လည်း သည်းထန်စွာ မရွာဘဲ ဖွဲဖွဲမျှသာ ရွာတတ်ပါသည်။ ထို့ကြောင့်ပင် "ဝါခေါင်တကြောင်း၊ **ထနောင်းကြောင်ခြစ်၊ ဆူးရစ်ပွင့်ခါ၊ မိုးမရွာ၊ ရွာပါသော်လဲ မိုးမသဲ"** ဟု ရှေးသူဟောင်းတို့ ဆိုရိုးပြုကြပါသည်၊ သို့သော်လည်း မိုးလယ်လဖြစ်သော ဤဝါခေါင်လ၌ မိုးကောင်းကင်မှ မိုးရေတို့ကို တဝေါဝေါသွန်ချ သကဲ့သို့ ရွာတတ်သဖြင့် လယ်ကန်သင်းများပေါ်၌ လေယူရာတိမ်း၍ ယိမ်းကနေသော ဖွေးဖွေးလှုပ်နေသည့် ကိုင်းပွင့်များနှင့်အတူ လယ်တစ်ပြင်လုံး မျက်စိတစ်ဆုံးမျှ ရေပြင်ဖွေးဖွေးကြီးတွေ ကိုသာ မြင်ကြရသဖြင့် "ကိုင်းဖွေးဖွေး ရေဖွေးဖွေး" ဟု တစ်မျိုး၊ "ဝါဆိုဝါခေါင် ရေဖောင်ဖောင်" ဟု တစ်နည်း ရှေးသူဟောင်းတို့ ဆိုထုံးပြုကြပါသည် ဘုရား။

ခတ္တာမြိုင်မြိုင် ဖူးပွင့်လှိုင်၍ ဂနိုင်သာလှ သည်မာသ၌ ထက်ဝကောင်းကင် မိုးတစ်ခွင်ဝယ် တိမ်ပြင်ညို့ညို့ မည်း မှောင်ဆို့လျက် ရွာမလို့ဟန် နတ်စည်သံလည်း ညီးညံခြိမ့်ခြိမ့် မိုးလုံးသိမ့်မျှ ဂျိုးဂျိမ့်မြည်ဟီး ရိုက်ဆော်တီးလျက် လျှပ်စီး ဝင်းဝင်း မိုးလုံးလင်း၍ တိမ်ချင်းခွပ်ကြ အုန်းအုန်းထအောင် သွန်းချမြိုင်မြိုင် ဂနိုင်စိမ့်စမ်း အိုင်မြစ်ဝှမ်းတို့ တင်းကျမ်း ပြည့်နှက် လှိုင်းဂယက်လည်း ဝင်းလက်ဖွေးဖွေး လိမ့်လိမ့် ပြေးသဖြင့် **"မဟာဝိဇယ၊ သံစုံခ၍၊ မြူးကြွပမ္ဗုန်၊**

http://www.dhammadownload.com



ထောင်အားသုန်သည်၊ လွှမ်းခြုံသင်တိုင်း၊ တိမ်အလှိုင်းဖြင့်၊ တိုင်းအမွှန်ဆီ၊ မိုးမေဃီလျှင်၊ ဘောဒနီကျင်း၊ ဗျူဟာခင်း၍၊ နတ်မင်းဝလာ၊ ဒေဝရာမူ၊ ဆွေရှာကျူးခေါက်၊ ရေလှူးမောက်၍၊ ထုံးပေါက် အင်းအိုင်၊ ဂနိုင်စိမ့်စမ်း၊ တင်းကျမ်းသုန်သုန်၊ စီးသွယ်ခြုံသည်၊ ယမုန်ဂင်္ဂါ၊ ရေညီလာနှင့်၊ သိတာသဘင်၊ ရှုအင်မခန်း၊ အဆန်းဆန်းလျှင်၊ မကရ်းလိပ်ငါး၊ ရှင်မြူး စားလျက်၊"[၁] ဟူ၍ တစ်ဖုံ၊ "ရေဖောင်ဖောင်ဝယ်၊ ငွေသောင် နစ်လွှမ်း၊ မြစ်ပြည့်ကမ်းနှင့်၊ တင်းကျမ်းတက်ဖြာ၊ ရဂုံမှာ လည်း၊ ခတ္တာဂမုန်း၊ ဂုဏ်မြင့်တုန်းမှ၊ မြကုန်းမြဆိုင်၊ တပြိုင်ပြိုင်နှင့်။ ပိုင်ဒေဝရှင်၊ မိုးမင်းနတ်လဲ၊ ရဟတ်ကယ် ရေဝှန်၊ အထန်တော်လွန်လှချေ့"[၂] ဟူ၍တစ်သွယ်၊ "သင်တိုင်းငယ်ရစ်ရုံ၊ ညိုလျှံငယ်ခြုံသည်၊ သံစုံချုန်းခြိမ့်၊ ညိုးညိုးငြိမ့်နှင့်၊ တိမ့်အတိစေ၊ အခွေခွေမှာ၊ ရွှေမန္တာကီ၊ နတ်နဒီက၊ မြတ်သီတာဝှန်၊ စောင်းလို့သာ သွန်ရောထင့်"[၂] ဟူ၍ တစ်ဖြာ ရှေးစာဆိုတို့ ဖွဲ့ဆိုခဲ့ကြပါသည် ဘုရား။

သံဝေဂ

၇။ ဤသို့လျှင် စက္ကန့် မိနစ် နာရီ ရက် လ … … … … … … … ပွဲမျာ: အားထုတ်ကြပါစို့ ဘုရား။

---

၁။ ရှင်ဥတ္တမကျော်　　၂။ လှူဦးမင်း

http://www.dhammadownload.com

# ၁၃၄၈ ခုနှစ်၊ တော်သလင်းလ
## သာသနာတော်လျှောက် စာတန်းပါဘုရား

## ဗုဒ္ဓဘုရား ဖွား ဖြစ် စံ
[ စာပိုဒ် ၁၊ ၂၊ ၃၊ ရှေ့လများအတိုင်း ]

## ဥတု ရာသီ နှစ် လ ရက် နေ့

၄။ ယနေ့သည်ကား မြတ်စွာဘုရား ဖွားမြင်တော်မူသည့် နှစ်မှ စ၍ ရေတွက်လျှင် နှစ်ပေါင်း ၂၆၁၀၊ ဘုရားဖြစ်တော်မူသည့် နှစ်မှ စ၍ ရေတွက်လျှင် သာသနာတော်နှစ်ပေါင်း ၂၅၇၅ နှစ်၊ ပရိနိဗ္ဗာန်စံတော်မူသည့် နှစ်မှ စ၍ ရေတွက်လျှင် သာသနာတော်နှစ်ပေါင်း ၂၅၃၀ ပြည့်နှစ်၊ မြန်မာ့ဝေါဟာ ဂေါစာတွက်စစ် မြန်မာနှစ်မှာ ၁၃၄၈ ခုနှစ်၊ ဝဿန္တ မိုးဥတု၊ ကန်ရာသီ၊ တော်သလင်းလ၊ လဆန်း ၁ ရက်၊ ခရစ်နှစ် ၁၉၈၆ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်၊ ကြာသပတေးနေ့ ဖြစ်ပါသည် ဘုရား။

http://www.dhammadownload.com



## အရုဏ်တက် နေထွက် နေဝင်

၅။ ဤ ကန်ရာသီ တော်သလင်းလ၌ စန်းသော်တာ လပြည့်ဝန်းသည်။ ပြုဗ္ဗာဘဒြပိုက် နက္ခတ်နှင့် ယှဉ်လျက် မွန်းတည့်ပါသည်။

ဤလ၏
ပဌမသီတင်းပတ်၌ နံနက် ၄ နာရီ ၅၈ မိနစ်ခန့်တွင်၊
ဒုတိယ သီတင်းပတ်၌ ၄ နာရီ ၅၉ မိနစ် ခန့်တွင်၊
တတိယ သီတင်းပတ်၌ ၅ နာရီ ၁ မိနစ်ခန့်တွင်၊
စတုတ္ထ သီတင်းပတ်၌ ၅ နာရီ ၂ မိနစ်ခန့်တွင်
အရုဏ်တက်ပါသည်။

နံနက် ၅ နာရီ ၄၈ မိနစ် ခန့်တွင် နေထွက်၍ ညနေ ၆ နာရီခန့်တွင် နေဝင်ပါသည် ဘုရား။

ဤလ၌ ရှေးမြန်မာ နာရီအားဖြင့် "နာရီနေ့တွင်၊ သုံးဆယ်မြင်၍၊ နှစ်လျှင်စွန်းပါ၊ သည်အခါတွင်"[၁] ဟူသော ရှေးသူဟောင်းတို့၏ စကားနှင့်အညီ နေ့နာရီ ၃၂ နာရီ၊ ညနာရီ ၂၈ နာရီ ရှိသဖြင့် နေ့တာရှည်၍ ညတာ တိုပါသည်။ ဤလသည် ရက်စုံလ ဖြစ်၍ ရက်ပေါင်း ၃၀ ရက် ရှိပါသည် ဘုရား။

---

၁။ ဦးယာ

http://www.dhammadownload.com



ပွင့်မြဲရာသီပန်းမှာ ယင်းမာပန်း ဖြစ်၍ ရာသီပွဲမှာ လှေပြိုင်ပွဲ သစ်ဆင်းပွဲများ ဖြစ်ကြပါသည် ဘုရား။

## တော်သလင်းလ၏ သဘာဝ

၆။ သစ်ဆင်းလဟုလည်း ရှေးက ခေါ်ဝေါ်ကြသော ဤတော်သလင်းလ၌ နေပူလွန်းသဖြင့် "တော်သလင်းနေ၊ ပုဇွန်သေ"ဟူ၍တစ်ဖုံ၊ မြစ်ရေပြင်သည် လှိုင်းလေကင်းစင်၍ ပြန့်ပြူးညီညာသဖြင့် "တော်သလင်းမြစ်တွင်း သင်ဖြူးခင်း" ဟူ၍ တစ်မျိုး၊ ရံဖန်ရံခါ မိုးသည်းထန်စွာ ရွာတတ်သဖြင့် "တော်သလင်းမိုး၊ ကန်သင်းကျိုး" ဟူ၍ တစ်သွယ်၊ မိုးမစဲ၍ အိမ်ရှင်မများ စပါးလှမ်းခွင့် မရဘဲ အခက်အခဲ တွေ့တတ်ကြသဖြင့် "တော်သလင်းတိမ်ညို၊ စဖိုသည်ဆင်းရဲ မိုးမစဲ" ဟူ၍တစ်ဖြာ ရှေးသူဟောင်းတို့ စကားကို မှတ်သား ကြရပါသည် ဘုရား။

စန်းလသော်တာ ပြုဗ္ဗာဘဒြပိုဒ် ယှဉ်နိုက်ခါမိ သည် ရာသီ၌ ထုံကြည်သင်းပျံ့ ရနံ့သင်းဖြာ ရွှေယင်းမာတို့ ဝေဆာလန်းစွင့် မြိုင်လုံးပွင့်သဖြင့် "ကန်ရာသီငယ်၊ ခါမို့ သင့်စွာ၊ ဆွဲအာကာဝယ်၊ ပြုဗ္ဗာဘဒြပိုဒ်၊ ကြက်ညီနောင် တောင်တဝိုက်က၊ ရေလိုက်ကယ်သဘင်၊ စံစံပယ်ရွှင်သောခါ၊

http://www.dhammadownload.com



မြိုင်ခွင်လုံး ကန္တာမှာ၊ ချွယင်းမာ ပင်မင်းက သင်းလှတယ်လေး"[၁] ဟူ၍ တစ်သွယ်၊ "ကန်ရာသီချိန်တွင်းမို့၊ ချွယင်းတဲ့မာင့်။ ။မြိုင်ဟေမာ သာနန်းက၊ သုတ်ဖြန်းလေယူဖြန့်၊ သင်းပျံ့ပျံ့ထုံ။ ။တိမ်စွန်ဘုံ၊ ရောင်ဟုန်လျှံပ။ ။ လမင်းသော်တာနှင့်၊ ပြိဗ္ဗာကြယ် ရောင်လျှံညီးတယ်၊ နီးသည့်ကာလ"[၂] ဟူ၍ တစ်ဖြာ၊ ရှေးစာဆိုတို့ စာပေမှတ်တမ်း ပြုခဲ့ကြပါသည် ဘုရား။

မြစ်ရေပြန့်ပြူး ငွေသင်ဖြူးသို့ ပွင့်ဖူးဝေဆာ မြိုင်ဟေမာတွင် ယင်းမာကြိုင်လှ သစ်ဆင်းလဒ္ဓ ငွေလစန္ဒာ ဇိုင်းတာရာနှင့် ယှဉ်လာတူကွ ရောင်တောက်ပသဖြင့် "ကောင်းကင်တိမ်ဆိုင်း၊ ချွေဥဇိုင်းနှင့်၊ ခက်ကျိုင်းပွင့်လျှံ၊ ယင်းမာထံတွင်၊ တောင်ပံဖြူလွ၊ နားသည့်လဒ္ဓ၊ ချိန်ရမလွှာ၊ ဆက်တိုင်းပါသည်၊ သစ္စာဝါးညွန့်၊ ဆင်သောကြောင့်"[၃] ဟူ၍ တစ်ဖုံ၊ "မြစ်ရေယဉ်မြူး၊ သာဆန်းထူးသည့်၊ သင်ဖြူးခင်းစုံ၊ ချွေရုံအများ၊ လနတ်သားနှင့်၊ ယှဉ်သွားညီစွာ၊ ပြုဗ္ဗာဘဒြပိုဒ်၊ ညဥ့်ဒွှအရောင်၊ မြူမှောင်ကင်းစွာ၊ တာရာချွေဇိုင်း၊ မရိုင်းနှောက်က၊ အလျှံပြ၍"[၃] ဟု တစ်ထွေ စာပေမှတ်တမ်း ပြုခဲ့ကြပါသည် ဘုရား။

---

၁။ အတုလမင်းကြီး　　၂။ ဗိုးသူတော်ဦးမင်း

၃။ ဦးယာ

http://www.dhammadownload.com



"တော်သလင်းဟု၊ ခေါ်ရင်းလအမှန်၊ ဝသန်သည့်ရှိခြဲ၊ ရှာမစဲ"[၁] ရဲမောင်းစည်သံ ခြိမ့်ခြိမ့်ညံ၍ မြစ်ယံလုံးလျှိုင် လှော်တက်သံမြိုင်မြိုင်နှင့် လှေပြိုင်ပွဲ ကျင်းပကြသဖြင့် "သာစွလေ၊ မြစ်ရေကမ်းပြည့်၊ ထန်းလည်းမှည့်၍၊ စည့်စည့် မိုးလ၊ ပြည့်ဝအညီ၊ ကန်ရာသီဟု၊ အာနိမြခိုင်၊ ယင်းမာ လှိုင်က၊ မွေးကြိုင်နံ့ရှင်း၊ မြစ်တွင်းရတု၊ ပန်းလုသဘင်၊ သစ်ဆင်းယဉ်လျက်၊ လက်သင်လှော်ကား၊ ရွှေသား စက်ကွင်း၊ လှေချင်းလှော်ပြိုင်၊ ခွင့်ရေးတိုင်၍"[၂] ဟု တစ်လီ၊ "ဖူးညှာဝေဝေ၊ ပန်းရွှေယင်းမာ၊ လှိုင်စွာပျံ့သင်း၊ တော်သလင်းဟု၊ မြစ်တွင်းသဘင်၊ လှေပွဲဆင်၍၊ လက်သင် လှော်ကား၊ ရွှေလှေများကို၊ ကစားလူးလာ၊ စုန်ကာဆန်လျက်၊ ရွှေတက် ပြိုးပြောင်၊ ပုံတောင်စည်းမောင်း၊ ရေကြောင်း မြစ်လယ်၊ ပျော်ဖွယ်အံ့ချီး၊ တီးမှုတ်ကြော်ငြာ"[၁] ဟု တစ်မျိုး၊ "ရေယဉ် စမ်းငယ်နှင့်၊ သောင်ကမ်းငယ် ပြည့်လျှံ၊ မြစ်လုံးငယ်ညံသည်၊ လှော်တက်သံမြိုင်မြိုင်နှင့်၊ လှေပြိုင် ကျင်းတဲ့ လကိုလေး"[၃] ဟု တစ်ဖြာ ရေးစာဆိုတို့ ဖွဲ့ဆို ခဲ့ကြပါသည် ဘုရား။

## သံဝေဂ

၇။ ဤသို့လျှင် စက္ကန့် မိနစ် နာရီ ရက် လ ... ... ... ... ... ... ... ပွဲများ အားထုတ်ကြပါစို့ ဘုရား။

---

၁။ ဦးယာ ၂။ ဦးအောင်ကြီး ၃။ မဟာအတုလမင်းကြီး

http://www.dhammadownload.com

## ၁၃၄၈ ခုနှစ်၊ သီတင်းကျွတ်လ
## သာသနာတော်လျှောက် စာတန်းပါဘုရား

### ဗုဒ္ဓဘုရား ဖွား ဖြစ် စံ
[ စာပိုဒ် ၁၊ ၂၊ ၃၊ ရှေ့လများအတိုင်း ]

### ဥတု ရာသီ နှစ် လ ရက် နေ့

၄။ ယနေ့သည်ကား မြတ်စွာဘုရား ဖွားမြင်တော်မူသည့် နှစ်မှ စ၍ ရေတွက်လျှင် နှစ်ပေါင်း ၂၆၁၀၊ ဘုရားဖြစ်တော်မူသည့် နှစ်မှ စ၍ ရေတွက်လျှင် သာသနာတော်နှစ်ပေါင်း ၂၅၇၅ နှစ်၊ ပရိနိဗ္ဗာန်စံတော်မူသည့် နှစ်မှ စ၍ ရေတွက်လျှင် သာသနာတော်နှစ်ပေါင်း ၂၅၃၀ ပြည့်နှစ်၊ မြန်မာ့ဝေါဟာ ဂေါစာတွက်စစ် မြန်မာနှစ်မှာ ၁၃၄၈ ခုနှစ်၊ ဝသန္တ မိုးဥတု၊ တူရာသီ၊ သီတင်းကျွတ်လ၊ လပြည့်ကျော် ၈ ရက်၊ ခရစ်နှစ် ၁၉၈၆ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်၊ စနေနေ့ ဖြစ်ပါသည် ဘုရား။

http://www.dhammadownload.com



## အရုဏ်တက် နေထွက် နေဝင်

၅။ ဤ တူရာသီ သီတင်းကျွတ်လ၌ စန်းသော်တာ လပြည့်ဝန်းသည် အဿဝဏီ နက္ခတ်နှင့် ယှဉ်လျက် မွန်းတည့်ပါသည်။

ဤလ၏

ပထမ သီတင်းပတ်၌ နံနက် ၅ နာရီ ၅ မိနစ်ခန့်တွင်၊

ဒုတိယ သီတင်းပတ်၌ ၅ နာရီ ၆ မိနစ် ခန့်တွင်၊

တတိယ သီတင်းပတ်၌ ၅ နာရီ ၉ မိနစ်ခန့်တွင်၊

စတုတ္ထ သီတင်းပတ်၌ ၅ နာရီ ၁၂ မိနစ်ခန့်တွင် အရုဏ်တက်ပါသည်။

နံနက် ၆ နာရီ ၉ မိနစ်ခန့်တွင် နေထွက်၍ ညနေ ၅ နာရီ ၂၀ မိနစ်ခန့်တွင် နေဝင်ပါသည် ဘုရား။

ဤလ၌ ရှေးမြန်မာ နာရီအားဖြင့် "နာရီနှစ်ပါး၊ နေ့ကားသုံးဆယ်၊ ညဥ့်ဝယ်ညီမျှ၊ ထပ်တူရလျက်၊"[၁] ဟူသော ရှေးသူဟောင်းတို့ စကားနှင့်အညီ နေ့နာရီ ၃၀၊ ညနာရီ ၃၀ ရှိသဖြင့် နေ့တာ ညတာ ညီမျှပါသည်။ ဤလသည် ရက်မစုံလဖြစ်၍ ရက်ပေါင်း ၂၉ ရက် ရှိပါသည် ဘုရား။

---

၁။ ဦးယာ

http://www.dhammadownload.com



ပွင့်မြဲရာသီပန်းမှာ ကြာမျိုးငါးပါး ဖြစ်ပါသည်။ ရာသီပွဲမှာ တာဝတိံသာပွဲခေါ်သော မီးမြင်းမိုရ်ပွဲနှင့် ဝါကျွတ်ပူဇော် ကန်တော့ပွဲများ ဖြစ်ကြပါသည် ဘုရား။

ယခုခေတ်၌ မြတ်စွာဘုရား တာဝတိံသာ နတ်ပြည်တွင် တစ်ဝါတွင်းလုံး အဘိဓမ္မာ ဒေသနာတော် ဟောကြားပြီးနောက် သီတင်းကျွတ်လပြည့်နေ့၌ သင်္ကဿနဂိုရ်မြို့သို့ ဆင်းကြွတော်မူလာခြင်းကို အကြောင်းပြု၍ အဘိဓမ္မာ အခါတော်သဘင်လည်း ဆင်ယင် ကျင်းပကြပါသည်။ သံဃာတော်များ၏ ပဝါရဏာပွဲနှင့် ကထိန်သင်္ကန်း လှူဒါန်းပွဲများလည်း ကျင်းပကြပါသည် ဘုရား။

## သီတင်းကျွတ်လ၏ သဘာဝ

၆။ သန်တူလဟုလည်း ရှေးက ခေါ်ဝေါ်ကြသော ဤသီတင်းကျွတ်လ၌ လပြည့်ကျော် ၁ ရက်နေ့တွင် သံဃာတော်များ ဝါဆိုသည့်အချိန်ကာလ ကုန်ဆုံးကြ၍ ဝါကျွတ်ပြီ ဖြစ်သဖြင့် "ဝါဆိုကင်းလွတ်၊ သီတင်းကျွတ်" ဟူ၍ တစ်သွယ်၊ သံဃာတော်များ အချင်းချင်း အပြစ်မြင်က ပြုပြင်ပေးရန် ဖိတ်မန္တက ပြုကြသည့် ပဝါရဏာပွဲ ပြုမြဲဖြစ်သဖြင့် "မြတ်သံဃာလဲ၊ ဖိတ်ကြားမြဲ၊ ခြိမ့်သဲပဝါရဏာ" ဟူ၍တစ်ဖုံ၊ ကထိန်သင်္ကန်း လှူဒါန်းပွဲများ ခြိမ့်ခြိမ့်သဲမျှ ကျင်းပကြသဖြင့် "လှူကထိန် သင်္ကန်းနှင့် မင်္ဂလမ်းတဲ့ ဆုပန်ရွယ်"

http://www.dhammadownload.com



ဟူ၍ တစ်ဖြာ ရှေးသူယောင်းတို့စကားကို မှတ်သားကြရပါသည် ဘုရား။

ဆရာတော် သံဃာတော်များ.ရှင်ဘုရင်များ ဘိုးဘွားမိဘများ အသက်သိက္ခာ ဂုဏ်ဝါကြီးသူများကို ပူဇော်ကန်တော့ပွဲများ ကျင်းပကြသဖြင့် "စကြာမန္တာတ်၊ စဉ်မှတ်ဆက်မြဲ၊ ကန်တော့ပွဲ"၁ ဟူ၍ တစ်မျိုး၊ တစ်ဝါတွင်းလုံး ဘုရားစေတီရှေ့ရှိ သင်ပုတ်ပလ္လင်တွင် ဆွမ်းတော်ကြီးတင်ခဲ့ကြရာ ဤလတွင် ဆွမ်းတော်ကြီး တင်ပွဲ အပြီးသတ်၍ သင်ပုတ်ပလ္လင်ကို ဆေးကြောကြသဖြင့် "သီတင်းကျွတ်တွင်၊ ပလ္လင်ဆေးမိုး၊ ရှာသွန်းဖြိုး" ဟူ၍ တစ်နည်း ရှေးလူကြီးသူမတို့ စကားကို မှတ်သားကြရပါသည် ဘုရား။

ကြာမျိုးစုံညီ အဿဝဏီနှင့် ယှဉ်မှီသော်တာ ကြီးတာရာတို့ ယှဉ်လာတူကွ ထွန်းတောက်ပသဖြင့် "အဿဝဏီ၊ ရောင်လျှံခြည်၍၊ ပြည့်ညီထွန်းဝါ၊ ဂြိုဟ်စန္ဒာနှင့်၊ တူသာတကွ၊ ကာကတာရာ၊ နေ့မှာစိတြ၊ နေနှင့်မျှ၍"၁ ဟု တစ်လီ၊ "တူရာသီဝယ်၊ အဿဝဏီကြယ်မြတ်၊ ကျီးမင်းသိရ်လဲ၊ ရောင်ရှိန်လျှပ်လို့၊ သုဒဿကယ်နန်းလို၊ မီးမြင်းမိုရ်နှင့်၊ ဝါဆိုကင်းလွတ်၊ သီတင်းကျွတ်မို့၊

---

၁။ ဦးယာ

http://www.dhammadownload.com



ဘုံထွတ်ကယ် ဥကင်၊ ပွင့်စံပယ်ရှင်သောခါ၊ တိုင်းခွင်ကြီး အောင်ချာမှာ၊ ဆီမီးဝါထိန်ထိန်ဝင်းလို့၊ လင်းလှတယ်လေး"၁ ဟူ၍ တစ်ထွေ စာပေမှတ်တမ်း ပြုခဲ့ကြပါသည် ဘုရား။

သုံးလူ့ ထွတ်ချာ စောမြတ်စွာလည်း ခုနစ်ဝါကျ ဝတိကြွ၍ ကြီးလှကျေးဇူး အထူးတင်ရှိ မွေးမယ်မိအား အမှူးထား၍ တရားဘိမ္မော ဟောပြီးခါလျှင် ပုဏ္ဏာတိထိ ကျွတ်လပြည့်၌ မြတ်သည့်ဌာန သင်္ကဿသို့ ဆင်းကြွ လတ်သော် ရှိကော်ရော်၍ ပူဇော်မီးပွဲ ခြိမ့်ခြိမ့်သဲမျှ သောင်းသဲအုတ်အော် ပြည်လုံးပျော်လျက် ရည်ရော်မဂ်ဖိုလ် မြတ်ကုသိုလ်ဟု မြင်းမိုရ်သဘင် ပွဲကြီးယင်ကြသဖြင့် "တိမ်ယံနယ်တွင် ၊ ကြယ်ဥက္ကာ၊ ကျီးညိုမြနှင့်၊ စန်းလငယ် တူညီ၊ သဝဏ်လည်း၊ ပုဏ္ဏမိမှန်၊ တည့်မွန်းစံလို့၊ ငါးမာန်ခြွေလှစ်၊ စောရှင်ချစ်မူ၊ ကသစ်ကယ်ရိပ်မြိုင်၊ ခင်းမြခိုင်က၊ ခရိုင်အောင်ရပ်၊ တိုင်းသင်္ကဿိသို့၊ အမြတ်ကယ် စက်ချိ၊ ဖြန့်ယွန်းသာ လည်တော့ပ"၂ ဟူ၍ တစ်နည်း၊ "ကျော်သဲအုတ်အော်၊ ပူဇော်ဆီမီး၊ ညီးညီးဝင်းဝင်း၊ ထွန်းလင်းရောင်ရှိန်၊ အာလိန်ငါးဆင့်၊ ရွှန်းရွှန်းတင့်သား၊ နတ်မင်းစံရာ၊ ဝတိသာသို့၊ လေးဖြာရောင်စို၊ မြင်းမိုရ်ပွဲကြီး၊ ယှဉ်မှီးတဝ၊ မြောက်လေစ၍ "၃ ဟု တစ်သွယ်၊ "သာစွလေ၊

---

၁။ မဟာအတုလမင်းကြီး ၂။ လူဦးမင်း ၃။ ဦးယာ

http://www.dhammadownload.com



မြောက်လေပြန်စ၊ ကောင်းကင်ဝဲ၌၊ အဿဝဏီ၊ ပြည့်လှာ ညီသော်၊ ရာသီတူစွင်၊ ရေပြင်လှတင့်၊ ကြာမျိုးပွင့်၍၊ မြတ်ကျင့် ခေါင်ထွတ်၊ သီတင်းကျွတ်ကား၊ ရွှေလွှတ်တော်ပွဲ၊ တက်မြဲခင်းကျင်း၊ မြို့တွင်းမြို့ပြင်၊ ထွန်းထင်ညီးဝါ၊ မြို့လယ် မှာမူ၊ အရျာဗဟို၊ မီးမြင်းမိုရ်လည်း၊ မင်္ဂဖိုလ်ရှေးရှု၊ ပူဇော် လျှူ၍"[၁] ဟု တစ်ဖုံ၊ "သီတင်းကျွတ်ပြီ၊ တူရာသီ၊ အဿဝဏီ ရှိန့်ဝါထွန်း၊ ကြာမျိုးလည်းစို၊ မီးမြင်းမိုရ်၊ ဗဟိုအရျာထွန်း"[၂] ဟုတစ်ဖြာ ရှေးစာဆိုတို့ ဖွဲ့ဆိုခဲ့ကြပါသည် ဘုရား။

မိုးကုန်လုလု ရတုသာစည် တူရာသီတွင် ငါးမည် ရွှေကြာ ကန်သာယာ၌ ဝေဆာဖူးပွင့် ရှုတိုင်းတင့်၍ "ပန်းများဖူးစီ၊ ကြာနီကြာညို၊ ပင်တိုင်းစိုသား၊ ရွှေလို့ဝတ်ဆံ၊ ညာတံနွဲ့ယိမ်း၊ မြောက်လေသိမ်းက၊ ညွတ်တိမ်းပြောင်းအိ၊ ပွင့်ဘိငုံအာ၊ ငါးမည်ကြာတို့၊ လေညှာလေအောက်၊ ရနံ့ ရောက်၍၊ ထွန်းတောက်လျှံလျှံ၊ ဝတ်ဆံရွှင်ရွှင်"[၃] ဟု တစ်မျိုး၊ "လှိုင်လှိုင်သာသင်းတော့တယ်၊ ကန်မင်းငယ် နန္ဒာ၊ လျှံဝင်း ငယ်ဖြာသည်၊ ပွင့်ရွှေကြာ မြိုင်မြိုင်နှင့်၊ ကြိုင်ကြိုင်သင်းတဲ့ လကိုလေး"[၄] ဟု တစ်နည်း၊ "သာမောစုံလင်၊ ငါးအင်

---

၁။ ဦးအောင်ကြီး

၂။ ကင်းဝန်မင်းကြီး

၃။ ဦးယာ

၄။ လှူဦးမင်း

http://www.dhammadownload.com



ပဒုမ္မာ၊ ပွင့်ဝါနီဖြူ၊ လှိုင်ကြူရနံ့၊ သင်းပျံ့လေ"ဟူ၍ တစ်လီ စာပန်းချီ ခြယ်ခဲ့ကြပါသည် ဘုရား။

သံဝေဂ

၇။ ဤသို့လျှင် စက္ကန့် မိနစ် နာရီ ရက် လ ...
... ... ... ... ... ... ပွါးများ အားထုတ်ကြပါစို့ ဘုရား။

၁။ ဦးယာ

http://www.dhammadownload.com

## ၁၃၄၈ ခုနှစ်၊ တန်ဆောင်မုန်းလ
## သာသနာတော်လျှောက် စာတန်းပါဘုရား

### ဗုဒ္ဓဘုရား ဖွား ဖြစ် စံ
### [ စာပိုဒ် ၁၊ ၂၊ ၃၊ ရှေ့လများအတိုင်း ]

### ဥတု ရာသီ နှစ် လ ရက် နေ့

၄။ ယနေ့သည်ကား မြတ်စွာဘုရား ဖွားမြင်တော်မူသည့် နှစ်မှ စ၍ ရေတွက်လျှင် နှစ်ပေါင်း ၂၆၁၀၊ ဘုရားဖြစ်တော်မူသည့် နှစ်မှ စ၍ ရေတွက်လျှင် သာသနာတော်နှစ်ပေါင်း ၂၅၇၅ နှစ်၊ ပရိနိဗ္ဗာန်စံတော်မူသည့် နှစ်မှ စ၍ ရေတွက်လျှင် သာသနာတော်နှစ်ပေါင်း ၂၅၃၀ ပြည့်နှစ်၊ မြန်မာ့ဝေါဟာ ဂေါစာတွက်စစ် မြန်မာနှစ်မှာ ၁၃၄၈ ခုနှစ်၊ ဝသန္တ မိုးဥတု၊ (လပြည့်ကျော် ၁ ရက်နေ့မှ စ၍ ဟေမန္တ ဆောင်းဥတု)၊ ဗြိစ္ဆာရာသီ၊ တန်ဆောင်မုန်းလ၊ လဆန်း ၁ ရက်၊ ခရစ်နှစ် ၁၉၈၆ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်၊ တနင်္ဂနွေနေ့ ဖြစ်ပါသည် ဘုရား။

---

✲ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့မှစ၍ "ဟေမန္တ ဆောင်းဥတု"။

http://www.dhammadownload.com



## အရုဏ်တက် နေထွက် နေဝင်

၅။ ဤ ဖြိုးဗ္ဗာရာသီ တန်ဆောင်မုန်းလ၌ စန်းသော်တာ လပြည့်ဝန်းသည် ကြတ္တိကာနက္ခတ်နှင့် ယှဉ်လျက် မွန်းတည့် ပါသည်။

ဤလ၏

ပဌမ သီတင်းပတ်၌ နံနက် ၅ နာရီ ၁၅ မိနစ်ခန့်တွင်၊

ဒုတိယ သီတင်းပတ်၌ ၅ နာရီ ၁၉ မိနစ် ခန့်တွင်၊

တတိယ သီတင်းပတ်၌ ၅ နာရီ ၂၃ မိနစ်ခန့်တွင်၊

စတုတ္ထ သီတင်းပတ်၌ ၅ နာရီ ၂၈ မိနစ်ခန့်တွင် အရုဏ်တက်ပါသည်။

နံနက် ၆ နာရီ ၉ မိနစ် ခန့်တွင် နေထွက်၍ ညနေ ၅ နာရီ ၂၀ မိနစ်ခန့်တွင် နေဝင်ပါသည် ဘုရား။

ဤလ၌ ရှေးမြန်မာ နာရီအားဖြင့် "မာသပြိဿ၊ နေ့မှာ နာရီ၊ ဗွန်းညီအပြား၊ ရှစ်ခုသား၍၊ ယင်းအားနှစ်ဆယ်၊ ညဥ့်ဝယ်ဗိသ၊ တြိန္တနှင့်"[၁] ဟူသော ရှေးသူဟောင်းတို့ စကားနှင့်အညီ၊ နေ့နာရီ ၂၈ နာရီ၊ ညနာရီ ၃၂ နာရီ

---

၁။ ဦးယာ

http://www.dhammadownload.com



ရှိသဖြင့် နေ့တာတို၍ ညတာရှည်ပါသည်။ ဤလသည် ရက်စုံလဖြစ်၍ ရက်ပေါင်း ၃၀ ရှိပါသည် ဘုရား။

ပွင့်မြဲရာသီပန်းမှာ ခဝဲပန်းဖြစ်၍ ရာသီပွဲမှာ ကထိန်ပွဲ ဖြစ်ပါသည် ဘုရား။

ဤလ၌ တန်ဆောင်တိုင် မီးထွန်းပွဲ၊ မသိုးသင်္ကန်း ကပ်လှူပွဲ၊ ကြာသင်္ကန်းကပ်လှူပွဲ၊ ပုံသကူပစ်ပွဲ၊ ရှင်မာလဲပွဲနှင့် ကျီးမနီးပွဲများလည်း ပြုမြဲစဉ်လာ ရှိခဲ့ပါသည်။ ယခုခေတ်၌ အမျိုးသားအောင်ပွဲလည်း ဆင်နွှဲ ကျင်းပ ကြပါသည် ဘုရား။

## တန်ဆောင်မုန်းလ၏ သဘာဝ

၆။ တန်ဆောင်မှုန်းလ ဟုလည်း ရှေးကခေါ်ဝေါ်ကြသော ဤတန်ဆောင်မုန်းလ၏ လဆန်းပက္ခ၌ ကထိန်သင်္ကန်း လှူဒါန်းပွဲများ ခြိမ့်ခြိမ့်သဲမျှ ကျင်းပကြသဖြင့် "လှူကထိန်သင်္ကန်းနှင့် မင်္ဂလမ်းတဲ့ဆုပန်ရှယ်"၁ ဟူ၍ တစ်လီ၊ အိန္ဒိယပြည် နက္ခတ်ပွဲသဘင်များမှ အသွင်ကူးပြောင်းလာသော တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိ စေတီတော်ကို

---

၁။ ဖိုးသူတော်ဦးမင်း

http://www.dhammadownload.com



ဆီမီးပူဇော်သည့် တန်ဆောင်တိုင် မီးထွန်းပွဲများ စည်ကားစွာ ကျင်းပကြသဖြင့် "သံမိုးကုန်စဲ၊ နှင်းသေးဖွဲသည့်၊ ခဝဲ ပွင့်တုန်း၊ တန်ဆောင်မုန်းကား၊ မချုန်း မိုးသား၊ တိုင်ထွက် များတွင်၊ ငါးပါးကျိုးရှိ၊ မီးထွန်းညှိ၍၊ ပြည်ကြီးဖွယ်ရာ၊ သဒ္ဒါအားကြီး၊ မသိုးသက်နှ်း၊ လျှုရှင်လန်းသည်"[၁] ဟူ၍ တစ်ထွေ စာပေမှတ်တမ်း ပြုခဲ့ကြပါသည် ဘုရား။

ကျီးတာရာထွန်းပသော ဤလဒ္ဒ အရိမေတ္တေယျ အလောင်းတော် နတ်သားက လျှောက်ထားသဖြင့် တန်ဆောင်မုန်းလပြည့်နေ့တိုင်း ဂါထာတစ်ထောင်ရှိသော ဝေဿန္တရာဇာတ်တော်ကြီးကို ဟောကြားရသည်ဟု ဆိုသော မလယမဟာဒေဝမည်တွင် ရှင်မာလဲထေရ်၏ အရှင်အား မုန့်တစ်ထောင်၊ သစ်သီးတစ်ထောင်၊ ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင် စသော ပူဇော်ဖွယ်တို့ကို လှော်ကားဘွင် တင်၍ ပူဇော်ရသော ရှင်မာလဲပွဲလည်း ကျင်းပကြသဖြင့် "ကာကသတ္တဝါ၊ တာရာထိန်ဆဲ၊ ကထိန်ပွဲနှင့်၊ ရှင်မာလဲပွဲ၊ တန်ဆောင်ပွဲဟု၊ ပွဲကြီးသုံးဖြာ၊ ကြဲ့ကြိုက်ပါလိမ့်"[၂] ဟု ရှေးသူဟောင်းတို့ မှတ်တမ်း ပြုခဲ့ကြပါသည် ဘုရား။

---

၁။ ဦးအောင်ကြီး ၂။ ပုဂံဝန်ထောက်မင်းဦးတင်

http://www.dhammadownload.com



မသိုးရအောင် ညတွင်းချင်း ယက်လုပ် ချုပ်ဆိုးရသော မသိုးသကၠန်း လှူဒါန်းပွဲများ ဆင်နွှဲကြသဖြင့် "ငွေဥစိုစို၊ မိုးလုံးညိုမှုန်၊ မောက်မိုဖြိုးမြင့်၊ ရွှေပွင့်ခဝဲ၊ ဝတ်မှုံကြွလျက်၊ ထွက်ကဲစိန္တေ၊ ရှင်တော်မွေကို၊ ရိုသေညွတ်ကျိုး၊ မသိုးသကၠန်း၊ လှူဒါန်းရောင်ရှိန်၊ ကထိန်ပွဲခင်း၊ ကြိုင်သင်းပန်းမာလ်၊ ဆုပန်မြွက်ဟ၊ သံချိုမြနှင့်"[၁] ဟူ၍ တစ်လီ၊ ကြာမျိုးငါးပါး ပွင့်သော သီတင်းကျွတ်လ၏ နောက်တစ်လဖြစ်သော ဤ တန်ဆောင်မုန်းလ၌ ရှေးအခါက ကြာသင်္ကန်းများ လှူဒါန်းလေ့ရှိသဖြင့် "မဟာမုနိ၊ တောထွက်ပြီးလျှင်၊ ဃဋိကာရ၊ သက်လျှာကျ၍၊ မြစ်မစဲခြေ၊ ကပ်နှင့်ပေသား၊ နိဗ္ဗာန်ရေခါင်ရန်း၊ ကြာသင်္ကန်းနှင့်"[၂] ဟူ၍ တစ်ဖုံ၊ "လေးဆင့် မြောက်စွား၊ ငွေချုပ်လျှာနှင့်၊ မြတ်ကမ္ဘာပန်း၊ ကြာသင်္ကန်းနှင့်"[၃] ဟူ၍ တစ်ထွေ ရှေးစာပေတွင် မှတ်တမ်း တင်ခဲ့ပါသည် ဘုရား။

ဤလ၌ ဝတ်ဆံများမာခဲနေပြီဖြစ်သော စပါးနှံနု ကလေးများကို မြရွက်ပျော့တို့ဖြင့် လုံးဝန်းညီညာ ဖုံးကာ ထားဆဲဖြစ်သဖြင့် " ဖုံးတုန်းလုံးတုန်း၊ တန်ဆောင်မုန်း" ဟု တစ်နည်း၊ မိုးနှောင်းဆောင်းစ ဤတန်ဆောင်မုန်းလ၌

---

၁။ ဦးယာ ၂။ ရှင်အုန်းညို ၃။ မာန်လည်ဆရာတော်

http://www.dhammadownload.com



ရံဖန်ရံခါ နှင်းတလှည့် မိုးတလှည့် ကျတတ်သဖြင့် "တန်ဆောင်မုန်းတွင်း၊ ဆီးနှင်းတဖြိုက် မိုးတလှိုက်" ဟု တစ်သွယ်၊ အချို့နှစ်များတွင် ဤလ၌ မိုးမကျတော့သဖြင့် "မီးပန်းပွင့်တုန်း၊ တန်ဆောင်မုန်း၊ ထစ်အုန်း မိုးမဖွဲ"[၁] ဟု တစ်ဖုံ၊ "မီးပန်းပွင့်တုန်း၊ တန်ဆောင်မုန်းတွင်၊ မအုန်းဝဿ၊ မကျနှင်းမြူ"[၂] ဟု တစ်ဖြာ ရှေးသူဟောင်းတို့ စကားကို မှတ်သားကြရပါသည် ဘုရား။

ဝဿန္တ ရာသီ လွန်ခဲ့ပြီဖြစ်၍ မိုးရပ်စဲကာ ချွဲဝါခဲ့ပဲတို့ ဝေဆာမြဲဖြစ်သော ရာသီသရဒ ဤကာလ၌ ဆီးနှင်းမြူတိမ် သူရိန်မီးခိုး ညစ်မျိုးငါးအင် လွတ်ကင်းစင်၍ ကောင်းကင် ပြင်သည် ကြည်လင်ရွှန်းပ သာယာလှသဖြင့် "မိုးစိပ်ပြုပွဲ၊ သန်းကျူးစဲက၊ ခဝဲပွင့်ဝါ၊ သို့သောခါတုံ၊ အာကာမဆိုင်း၊ မြူမှိုင်းမလည်၊ အလွန်ကြည်လျက်၊ ဆီးရည်လည်းကျ၊ သရဒ၌" ဟူ၍တစ်ဖုံ၊ မြောက်လေသုတ်ဖျန်း နှင်းရည် ဆမ်း၍ ချမ်းစပြုပြီ ဖြစ်သဖြင့် "နှင်းဖွဲ့ မှိုင်းရည်၊ ရာသီဗြိတ္တာ၊ ဖော်ကွာတုန်ချမ်း၊ လွမ်းလို့မလုံ၊ ခြုံသော်အေးမြ၊ ခွေးရလေ"[၃] ဟူ၍ တစ်ထွေ၊ "ဆန်းထူးဆေဆေ၊ မြောက်လေ သွင်းချိ၊ ရာသီဗြိတ္တာ၊ လမှာတန်ဆောင်၊ မြူမှောင်မသန်း"[၄]

---

၁။ စိန္တကျော်သူဦးဩ
၂။ ရှင်မဟာရဋ္ဌသာရ
၃။ လှူဦးမင်း
၄။ ဦးယာ

http://www.dhammadownload.com



ဟူ၍ တစ်ဖြာရေးစာဆိုတို့ စာပေမှတ်တမ်း ပြုခဲ့ကြပါသည် ဘုရား။

ဆောင်းဦးဝင်စ သရဒဠ ဗြောက်ကလေပြည် သာကြည်ပက်ဖျန်း ပင်တိုင်းလန်း၍ မြိုင်နန်းညို့ညို့ ကျေးငှက်တို့လည်း ယင်းတို့ ဘာသာ သံသာရင့်ကြူး ရွှင်ပျော်မြူးကြသဖြင့် "တန်ဆောင်ယယ်ညီးလင့်၊ ဆီမီးပွင့်လို့၊ ချိုးမြွှင့်သရေ၊ ခဝဲချွေနှင့်၊ စဲဆွေနဒီ၊ သဲဖွေညီမှာ၊ နွဲမှိုချစ်မှု၊ ငှက်ရတုလဲ၊ သက်စုလူလို၊ ကြင်ခွန်းဆိုလို့၊ အဟိုထက်ယံ၊ သူရကန်လဲ၊ ပြန်ဒေသစာ၊ လယ်လမ်းဘဲသာတော့တယ်"၁ ဟူ၍ တစ်သွယ်၊ "ဆောင်းဦးဆည်းဆာ၊ လေပြေလာ၍၊ သောကြာရပ်က၊ ဆွတ်ဖျန်းပြသော်၊ မြိုင်ဝပတ်လည်၊ ပင်တိုင်းစည်လျက်၊ သံမြည်ရင့်ကြူး၊ ကျေးငှက်မြူးသား"၂ ဟူ၍ တစ်လီ စာပန်းချီ ခြယ်ခဲ့ကြပါသည် ဘုရား။

## သံဝေဂ

၇။ ဤသို့လျှင် စက္ကန့် မိနစ် နာရီ ရက် လ … … … … … … … ပွါးများ အားထုတ်ကြပါစို့ ဘုရား။

---

၁။ လှူဦးမင်း ၂။ ဦးယာ

http://www.dhammadownload.com

## ၁၃၄၈ ခုနှစ်၊ နတ်တော်လ
## သာသနာတော်သက္ကရာဇ် စာတန်းပါဘုရား

## ဗုဒ္ဓဘုရား ဖွား ဖြစ် စံ
[ စာပိုဒ် ၁၊ ၂၊ ၃၊ ရှေ့လများအတိုင်း ]

## ဥတု ရာသီ နှစ် လ ရက် နေ့

၄။ ယနေ့သည်ကား မြတ်စွာဘုရား ဖွားမြင်တော်မူသည့် နှစ်မှ စ၍ ရေတွက်လျှင် နှစ်ပေါင်း ၂၆၁၀၊ ဘုရားဖြစ်တော်မူသည့် နှစ်မှ စ၍ ရေတွက်လျှင် သာသနာတော်နှစ်ပေါင်း ၂၅၇၅ နှစ်၊ ပရိနိဗ္ဗာန်စံတော်မူသည့် နှစ်မှ စ၍ ရေတွက်လျှင် သာသနာတော်နှစ်ပေါင်း ၂၅၃၀ ပြည့်နှစ်၊ မြန်မာ့ဝေါဟာ ဂေါစာတွက်ချေ မြန်မာနှစ်မှာ ၁၃၄၈ ခုနှစ်၊ ဟေမန္တ ဆောင်းဥတု၊ ဓနု ရာသီ၊ နတ်တော်လ၊ လဆန်း ၁ ရက်၊ ခရစ်နှစ်၊ ၁၉၈၆ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်၊ အင်္ဂါနေ့ ဖြစ်ပါသည် ဘုရား။

http://www.dhammadownload.com



## အရုဏ်တက် နေထွက် နေဝင်

၅။ ဤနေ့ရာသီ နတ်တော်လ၌ စန်းသော်တာ လပြည့်ဝန်းသည် မိဂသီနက္ခတ်နှင့် ယှဉ်လျက် မွန်းတည့်ပါသည်။

ဤလ၏

ပထမ သီတင်းပတ်၌ နံနက် ၅ နာရီ ၃၂ မိနစ်ခန့်တွင်၊

ဒုတိယ သီတင်းပတ်၌ ၅ နာရီ ၃၇ မိနစ် ခန့်တွင်၊

တတိယ သီတင်းပတ်၌ ၅ နာရီ ၄၁ မိနစ်ခန့်တွင်၊

စတုတ္ထ သီတင်းပတ်၌ ၅ နာရီ ၄၅ မိနစ်ခန့်တွင် အရုဏ်တက်ပါသည်။

နံနက် ၆ နာရီ ၂၈ မိနစ် ခန့်တွင် နေထွက်၍ ညနေ ၅ နာရီ ၂၃ မိနစ်ခန့်တွင် နေဝင်ပါသည် ဘုရား။

ဤလ၌ ရှေးမြန်မာ နာရီအားဖြင့် "ခနေခေါ်တွင်၊ ရာသီခွင်၌၊ နေ့လျှင်နာရီ၊ ဆဒွေးစီ၍၊ တလီည၌ရေး၊ သုံးဆယ့်လေးတည့်"[၁] ဟူသော ရှေးသူဟောင်းတို့ စကားနှင့်အညီ နေ့နာရီ ၂၆ နာရီ၊ ညနာရီ ၃၄ နာရီ ရှိသဖြင့် နေ့တာတို၍ ညတာ ရှည်ပါသည်။ ဤလသည် ရက်မစုံလ ဖြစ်၍ ရက်ပေါင်း ၂၉ ရက် ရှိပါသည် ဘုရား။

---

၁။ ဦးယာ

http://www.dhammadownload.com



ပွင့်မြဲရာသီပန်းမှာ ဂမုန်းပန်း သခင်ပန်းများ ဖြစ်ကြပါသည်။ မဟာဗိန္ဒနတ် ပူဇော်ပွဲကို ရာသီပွဲအဖြစ် ရှင်ဘုရင်များ မှူးမတ်များနှင့် တိုင်းသူပြည်သားများပါ ရှေးကကျင်းပကြပါသည်။ ထို့ကြောင့်ပင် "ဟောမန္တာမို့၊ မဟာဗိန္ဒဲ၊ နတ်မင်းပွဲမှာ၊ ကျွေးမြဲပူဇော်၊ လနတ်တော်ကို"၁ ဟူ၍ တစ်သွယ်၊ "ကစားပျော်ရာ၊ သည်အခါတွင်၊ မဟာဗိန္ဒဲ၊ နတ်ပွဲခင်းကျင်း"၁ ဟူ၍ တစ်သွင်၊ ရှေးစာဆိုတို့ မှတ်တမ်းတင်ခဲ့ကြပါသည် ဘုရား။

သို့သော်လည်း ဤမဟာဗိန္ဒနတ် ဆိုသည်မှာ ဗြာဟ္မဏဝါဒီ ဟိန္ဒူဘာသာဝင်တို့ ကိုးကွယ်ကြသော မဟာဗြာဟ္မာ၊ သိဝ၊ ဗိဿနိုးဟူသော နတ်ဘုရားကြီး သုံးပါးအနက်မှ ဗိဿနိုး နတ်ဘုရားကြီးပင် ဖြစ်၍ ဗုဒ္ဓဘာသာနှင့် ဆက်စပ်ပတ်သက်ခြင်း လုံးဝ မရှိပါ။ ဗုဒ္ဓဘာသာနှင့် ရောနှော၍ မြန်မာပြည်သို့ ရောက်ရှိလာသော ဟိန္ဒူဘာသာ ဗြာဟ္မဏယဉ်ကျေးမှု တစ်ခုသာ ဖြစ်ပါသည်။ ထေရဝါဒ ဗုဒ္ဓဘာသာ လွှမ်းစွာပြန့်ပွါး ထွန်းကားနေသော ဤ မြန်မာနိုင်ငံ၌ ဗြာဟ္မဏယဉ်ကျေးမှု တစ်ခုဖြစ်သော ထို မဟာဗိန္ဒနတ်ပူဇော်ပွဲ ကျင်းပသည့် အစဉ်အလာသည် ကြာရှည် မတည်တံ့နိုင်ဘဲ ကွယ်ပျောက်ခဲ့သည်မှာ နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့ပါပြီ။

---

၁။ ဦးယာ

http://www.dhammadownload.com



ယခုခေတ်၌မူ စာဆိုတော်ပွဲကို နတ်တော်လ၏ ရာသီပွဲအဖြစ် ကျင်းပလျက် ရှိပါသည် ဘုရား။

## နတ်တော်လ၏ သဘာဝ

၆။ နှင်းဖြိုင်ဖြိုင်ကျ၍ ချမ်းလှပြီဖြစ်သော ဤနတ်တော်လ၌ မိဂသီနက္ခတ်နှင့် စန်းယှဉ်၍ ဟသ်ာတာရာ ထွန်းပသဖြင့် "ချမ်းအေးနှင်းဖျော်၊ လနတ်တော်ကို၊ တိမ်ပေါ်မိုးယံ၊ ငွေသားကျံ၍၊ ရောင်လျှံကြွားကြွား၊ ပတ္တမြားပြာသာဒ်၊ လှည့်ပတ် အညီ၊ မိဂသီနှင့်၊ ယှဉ်မှိုထွန်းလှာ၊ တာရာရွှင်လန်း၊ ဟသ်ာနန်းတို့၊ ရစ်သန်းတူကွ၊ ရောင်တောက်ပလျက်"၁ ဟူ၍ တစ်လီ၊ ဆင်ဖမ်းပွဲများ ကျင်းပလေ့ရှိကြသဖြင့် "ကျုံးလုံးမွမ်းမျှ၊ ဆင်ဖမ်းသဘင်၊ ပျော်ပါးရွှင်သည်၊ မြေပြင်မြိမ့်ရိုက်၊ မွန်းတည့်လေ"၂ ဟူ၍ တစ်ထွေ၊ စာပေ မှတ်တမ်း ပြုခဲ့ကြပါသည် ဘုရား။

နှင်းငွေရည် ဆွတ်ဖြန်း၍ ချမ်းအေးလှသော ရာသီစနေ ဤရတုတွင် သဇင်ရွှေပွင့် မြိုင်ယံမြင့်က လေသင့်ရာလှိုင် တောလုံးကြိုင်၍ ဂနိုင်ဂမုံး ပွင့်တုန်းသည်ခါ လွန်သာယာသဖြင့် "ဆယ်နှစ်ဖြာငယ်၊ ရာသီစေ့၊ ရွှေဟသ်ာလဲ၊

---

၁။ ဦးယာ ၂။ ဦးအောင်ကြီး

http://www.dhammadownload.com



တာရာပြုလို့၊ ဖေယျှုယယ်ဖြုဟွာ၊ ဟောမန္တာမို့၊ မဟာဗိန္ဒြ၊ နတ်မင်းပွဲမှာ၊ ကျွေးမြပူဇော်၊ လနတ်တော်ကို၊ ရှမြော်တိမ်ဆီ၊ မိဂသီလဲ၊ ခါညီမွှန်းလယ်၊ ပွန်းရောင်ခြည် ခြယ်သောခါ၊ နယ်ရွှေဇဥကင်မှာ၊ ဂမုန်းအင် သဇင်မင်းငယ်က၊ သင်းလှတယ် လေး"[၁] ဟူ၍ တစ်မျိုး၊ "ချမ်းမြရတု၊ ဓနုရာသီ၊ အညီမွှမ်းဖြင့်၊ ဂမုန်းအင်နှင့်၊ သဇင်ပွင့်ပေါ်၊ လနတ်တော်"[၂] ဟူ၍ တစ်နည်း၊ "ကြိုင်သင်းတော့လုံး၊ ရန့်ဖုံးသား၊ ပတ်ကုံးဝန်းကျင်၊ မြေတွင်မရောက်၊ ပင်ပေါ်ပေါက်၍၊ နှင်းသောက်ရှင်ရှင်၊ဖူးတံဆင်သည်၊ သဇင်ရွှေပွင့်၊ လျှပ်ရောင်ဝင့်သို့"[၃] ဟူ၍တစ်ဖုံ၊ "ရှစ်ခွင်ကို မြူဆင်းလို့၊ ငွေနှင်းတဲ့နုစို၊ ဂမုန်းသဇင်တို့၊ စုံခွင်မှာလေချိုညှင်းက၊ သုတ်သွင်း ဘယ်ညာနဲ့ သင်းပျံ့ပျံ့ချို"[၄] ဟူ၍ တစ်လီ စာပန်းချီ ခြယ်ခဲ့ကြပါသည် ဘုရား။

ငွေနှင်းနနု ပုလဲဥသည့် ရတုသာယာ ဆောင်းအခါပင် ဖြစ်သော်လည်း ရံဖန်ရံခါ မိုးသားတိမ်လိပ်တို့ တရိပ်ရိပ် ဆင်တတ်သဖြင့် "နတ်တော်ရောက်ငြား၊ မိုးသားမငြိမ် ဆင်ရာတိမ်" ဟူ၍ တစ်သွယ်၊ "သဇင်တည့် ဂမုန်း၊ ချိန်ပွင့်တုန်း၊ မိုးချုန်းဆင်ရာတိမ်၊ ကြိမ်ကြိမ်တည့်

---

၁။ မဟာအတုလမင်းကြီး
၂။ ဦးအောင်ကြီး
၃။ ဦးယာ
၄။ ဖိုးသူတော်ဦးမင်း

http://www.dhammadownload.com



အုံ့မှိုင်း၊ ရှစ်ရပ်ဆိုင်း"၁ ဟူ၍ တစ်ဖြာ ရှေးသူဟောင်းတို့ စကားကို မှတ်သားကြရပါသည် ဘုရား။

## သံဝေဂ

၇။ ဤသို့လျှင် စက္ကန့် မိနစ် နာရီ ရက် လ ...
... ... ... ... ... ... ပွါးများ အားထုတ်ကြပါစို့ ဘုရား။

---

၁။ ဦးယာ

http://www.dhammadownload.com

## ၁၃၄၈ ခုနှစ်၊ ပြာသိုလ
## သာသနာတော်လျှောက် စာတန်းပါဘုရား

## ဗုဒ္ဓဘုရား ဖွား ဖြစ် စံ
## [ စာပိုဒ် ၁၊ ၂၊ ၃၊ ရှေ့လများအတိုင်း ]

## ဥတု ရာသီ နှစ် လ ရက် နေ့

၄။ ယနေ့သည်ကား မြတ်စွာဘုရား ဖွားမြင်တော်မူသည့် နှစ်မှ စ၍ ရေတွက်လျှင် နှစ်ပေါင်း ၂၆၁၀၊ ဘုရားဖြစ်တော်မူသည့် နှစ်မှ စ၍ ရေတွက်လျှင် သာသနာတော် နှစ်ပေါင်း ၂၅၇၅ နှစ်၊ ပရိနိဗ္ဗာန်စံတော်မူသည့် နှစ်မှ စ၍ ရေတွက်လျှင် သာသနာတော်နှစ်ပေါင်း ၂၅၃၀ ပြည့်နှစ်၊ မြန်မာ့ဝေါဟာ ဂေါစာတွက်စစ် မြန်မာနှစ်မှာ ၁၃၄၈ ခုနှစ်၊ ဟေမန္တ ဆောင်းဥတု၊ မကာရရာသီ၊ ပြာသိုလ၊ လဆန်း ၁ ရက်၊ ခရစ်နှစ် ၁၉၈၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်၊ ဗုဒ္ဓဟူးနေ့ ဖြစ်ပါသည် ဘုရား။

http://www.dhammadownload.com



## အရုဏ်တက် နေထွက် နေဝင်

၅။ ဤ မကာရ ရာသီ ပြာသိုလ၌ စန်းသော်တာ လပြည့်ဝန်းသည် ဖုသျှ နက္ခတ်နှင့် ယှဉ်လျက် မွန်းတည့်ပါသည်။

ဤလ၏

ပဌမ သီတင်းပတ်၌ နံနက် ၅ နာရီ ၄၇ မိနစ်ခန့်တွင်၊

ဒုတိယ သီတင်းပတ်၌ ၅ နာရီ ၄၉ မိနစ် ခန့်တွင်၊

တတိယ သီတင်းပတ်၌ ၅ နာရီ ၅၀ မိနစ်ခန့်တွင်၊

စတုတ္ထ သီတင်းပတ်၌ ၅ နာရီ ၄၉ မိနစ်ခန့်တွင် အရုဏ်တက်ပါသည်။

နံနက် ၆ နာရီ ၃၈ မိနစ် ခန့်တွင် နေထွက်၍ ညနေ ၅ နာရီ ၄၁ မိနစ်ခန့်တွင် နေဝင်ပါသည် ဘုရား။

ဤလ၌ ရှေးမြန်မာ နာရီအားဖြင့် "နာရီနှစ်ခန်း၊ ချင့်မှန်းတိုင်းထွာ၊ နေ့မှာနှစ်ဆယ်၊ စွန်းကယ်ဖေယျ၊ ညဥ်သို့ကျသော်၊ ဆနှင့်တြိန်း"[၁] ဟူသော ရှေးသူဟောင်းတို့ စကားနှင့်အညီ နေ့ နာရီ ၂၄ နာရီ ညနာရီ ၃၆ နာရီ ရှိသဖြင့် နေ့တာတို၍ ညတာရှည်ပါသည်။ ဤလသည် ရှေးမြန်မာ

---

၁။ ဦးယာ

http://www.dhammadownload.com



နာရီ အလိုအားဖြင့် ညတာအရှည်ဆုံးလ ဖြစ်၍ "နေ့လို ဝါဆို၊ ညလို ပြာသို" ဟု ရှေးသူဟောင်းတို့ ဆိုရိုးပြုကြပါသည်။ ဤလသည် ရက်စုံလဖြစ်၍ ရက်ပေါင်း ၃၀ ရှိပါသည် ဘုရား။

ပွင့်မြဲရာသီပန်းမှာ ခွါညိုပန်း ဖြစ်၍ ရာသီပွဲမှာ မြင်းခင်း သဘင်ပွဲဖြစ်ပါသည်။ ယခုခေတ်၌ လွှတ်လပ်ရေးပွဲလည်း ဆင်နွှဲကျင်းပကြပါသည် ဘုရား။

## ပြာသိုလ၏ သဘာဝ

၆။ ချမ်းအေး၍ သွေးထိုင်းသော ဤ ပြာသိုလ၌ သွေးကြွစေရန် ရာသီပွဲအဖြစ် မြင်းခင်းသဘင် ဆင်ယင်ကျင်းပကြသည်ဟု ဆိုသော်လည်း ဤသဘင်၌ မြင်းရေးမျှသာ မဟုတ်ဘဲ ဆင်ရေးလည်း ပြကြပါသည်။ လှံရေး ဓားရေး၊ မြားလေး ဒိုင်းကာ၊ စစ်စွမ်းရည် အဖြာဖြာ ပြကြသဖြင့် စစ်ရေးပြပွဲ စစ်စွမ်းရည်ပြပွဲဟု ဆိုသော် ပို၍ သင့်လျော်ဖွယ်ရှိပါသည် ဘုရား။

ထိုကြောင့်ပင် "စွယ်ရှက်ချီပင့်၊ ချွန်းဖွင့် တိုက်လျှင်၊ ဆင်တပ်ပြင်၍၊ ခြေလျှင် ခြေချင်း၊ မြင်းလည်း မြင်းလျှောက်၊ ထိုးမြှောက်လှံလေး၊ ခုန်းပြေးသံလျှင်၊ စိုင်းနှင်ကြွားကြွား၊ ဓားသွားနုတ်ဝင်၊ မွှမ်းမွှမ်းဖြင်မျှ၊ သဘင်မြင်းခင်း၊

http://www.dhammadownload.com



စစ်ဆင်ကျင်းသည်"[၁] ဟူ၍တစ်ဖုံ၊ "ဆေဆေဆီးနှင်း၊ ချမ်းဘိခြင်းကို၊ မြင်းခင်းထွက်ဆဲ၊ စက်ထိုးပွဲမှာ၊ နွဲကာနွဲကာ၊ ရိန္နမာပျို၊ စကြာလှံနှင့်၊ ကေဆံမသိမ်း၊ အားယူတိမ်း၍၊ ဖဲစိမ်းဝတ်လုံ၊ ရင်စီးခြံလျက်၊ ထောင်ပုံရာထဲ၊ ချက်တိုင်းစွဲအောင်"[၁] ဟူ၍ တစ်သွယ်၊ ရေးစာဆိုတို့ ဖွဲ့ဆိုခဲ့ကြပါသည် ဘုရား။

"သည်ရတုတွင်၊ မြင်းဆင်ခြေသည်၊ စွယ်ရှည်ဖွေးဖွေး၊ မုန်ချေးချေးနှင့်၊ ဒိုင်းလေး သေနတ်၊ ပစ်ခတ်ခင်းကျင်း"[၂] ဟူ၍ တစ်လီ၊ "ကိုယ်ကိုဝတ်ဆင်၊ ရွှေဖျင်အကျီ၊ ပုစွန်ဆီနှင့်၊ နီလာမြသွေး၊ စိုင်းနှင်ပြေး၍၊ မြင်းရေးယှဉ်ပြိုင်၊ စက်တိုင်စက်ကွင်း၊ စီးနင်းထိုးဖောက်၊ ရှေ့နောက်ဆုတ်ငင်၊ ဆင်လည်းမုန်ပြင်း၊ မြင်းခင်းပွဲတော်"[၂] ဟူ၍ တစ်သွယ်၊ "ရောင်သီဂီယေ်၊ ကြယ်ညီဖုသျှ၊ မကာရမို့၊ ရွှေဝဥကင်၊ နန်းရင်ပြင်မှာ၊ လှံရင်မြင်းခင်း၊ သဘင်ကျင်းလို့၊ ရာမင်းထွက်စံ၊ မိုလ်ညီလာခံသောခါ"[၃] ဟူ၍ တစ်ထွေ ရေးစာဆိုတို့ စာပေမှတ်တမ်း ပြုခဲ့ကြပါသည် ဘုရား။

ခွါညိုသင်း၍ ငွေနှင်းစိုသည့် ပြာသိမာသ မကာရဒ္ဒ ဖုသျှနက္ခတ်နှင့် စန်းယှဉ်၍ ပုစွန်တာရာ ထွန်းပသဖြင့်

---

၁။ ဦးအောင်ကြီး ၂။ ဦးယာ ၃။ မဟာအတုလမင်းကြီး

http://www.dhammadownload.com



"ရာသီစရ၊ ပြာသိုလတွင်၊ ဖုသျှရောင်လျှံ၊ ငှက်ချေးခံနှင့်၊ ဝန်းရံယှက်သန်း၊ စန်းပြိုဟ်နန်းတို့၊ မြန်းကြတသွန်၊ ပုဇွန်တာရာ၊ ယှဉ်လာထွန်းဝင်း"၁ ဟူ၍ တစ်မျိုး၊ "ရွက်ပြေ မြည်သို၊ ခါကိုလည်းလင်၊ ပင်တိုင်းပွင့်၍၊ နှင်းနှင့်မြူငွေ့၊ လပြည့်နေ့ဝယ်၊ ပြိုင်၍ ဖုသျှ၊ မကာရဟု"၂ ဟူ၍ တစ်ခန်း၊ စာပေမှတ်တမ်း ပြုခဲ့ကြပါသည် ဘုရား။

ရာသီမကာရ ပြာသိုလ၌ ခွါညိုကသင်း ဆီးနှင်းကဝေ မြောက်လေကဖျန်း ရင်စိမ့်အောင် ချမ်းလှသဖြင့် "ညွန့်ဖူးစိုစို၊ ပန်းခွါညိုလည်း၊ ပြာသိုမာသ၊ မကာရတွင်၊ ပွင့်ကြကြိုင်သင်း၊ မြောက်လေသွင်း၍၊ ရင်တွင်းချမ်းစိမ့်၊ လှမျိုးငြိမ့်ကို၊"၁ ဟူ၍ တစ်နည်း၊ "ရာသီညွန့်လန်း၊ နွယ်ပန်းခွါညို၊ နှင်းစိုချမ်းစိမ့်၊ လွမ်းလိမ့်လေး"၁ ဟူ၍ တစ်ဖုံ "တိမ်ခြေငယ်ရှင်းပါလို့၊ မြူနှင်းငယ်စိုစို၊ လပြာသိုမှာ၊ နွယ်ခွါညိုမြိုင်မြိုင်နှင့်၊ လှိုင်လှိုင်သင်းတဲ့ လကိုလေး"၂ ဟူ၍ တစ်ဖြာ၊ ခွါညိုပွင့်ပေါ် မြင်းခင်းတော်သဘင် ဤရာသီခွင်၌ စင်ရော်ဟင်္သာ ငှက်ကြိုးကြာတို့ ဘာသာ ဘာဝ ပျော်မြူးကြသဖြင့် "မြင်းခင်းပွဲတော်၊ နွယ်ပန်းပေါ်၍၊ ဇင်ယော် ဝမ်းဘဲ၊ ငွေသောင်သဲတွင်၊ ဆကဲကြင်နှာ၊ ငှက်ကြိုးကြာတို့၊

---

၁။ ဦးယာ ၂။ မဟာအတုလမင်းကြီး

http://www.dhammadownload.com



သံသာရင့်ကြူး၊ ပျော်ကြမြူးလျက်" ဟူ၍ တစ်ထွေ စာပေမှတ်တမ်း ပြုခဲ့ကြပါသည် ဘုရား။

"ပြာသိုလတွင်၊ ကြက်မတစ်ဝပ်စာမျှပင် တိမ်ရေးမြင်က စစ်မက်အင်္ဂါ ထူပြောတတ်သည်" ဟု ဆိုရိုးပြုကြသော်လည်း အချိန်နှင့်အမျှ ရာသီဥတု ပြောင်းလဲတတ်သောကြောင့် ရံဖန်ရံခါ နှင်းနှင့်အပြိုင် မိုးဖြိုင်ဖြိုင်ကျ၍ နှမ်းပုံများ ပျက်တတ်ကြသဖြင့် "ပြာသိုချမ်းပြင်း၊ ဆီးနှင်းရောယှက်၊ နှမ်းပုံဖျက်" ဟူ၍လည်း ရှေးသူဟောင်းတို့ စကားကို မှတ်သားကြရပါသည် ဘုရား။

၇။ ဤသို့လျှင် စက္ကန့် မိနစ် နာရီ ရက် လ ... ... ... ... ... ... ... ပွဲများ အားထုတ်ကြပါစို့ ဘုရား။

http://www.dhammadownload.com

## ၁၃၄၈ ခုနှစ်၊ တပို့တွဲလ
## သာသနာတော်လျှောက် စာတန်းပါဘုရား

## ဗုဒ္ဓဘုရား ဖွား ဖြစ် စံ
## [ စာပိုဒ် ၁၊ ၂၊ ၃၊ ရှေ့လများအတိုင်း ]

### ဥတု ရာသီ နှစ် လ ရက် နေ့

၄။ ယနေ့သည်ကား မြတ်စွာဘုရား ဖွားမြင်တော်မူသည့် နှစ်မှ စ၍ ရေတွက်လျှင် နှစ်ပေါင်း ၂၆၁၀၊ ဘုရားဖြစ်တော်မူသည့် နှစ်မှ စ၍ ရေတွက်လျှင် သာသနာတော် နှစ်ပေါင်း ၂၅၇၅ နှစ်၊ ပရိနိဗ္ဗာန်စံတော်မူသည့် နှစ်မှစ၍ ရေတွက်လျှင် သာသနာတော်နှစ်ပေါင်း ၂၅၃၀ ပြည့်နှစ်၊ မြန်မာ့ဝေါဟာ ဂေါစာတွက်စစ် မြန်မာနှစ်မှာ ၁၃၄၈ ခုနှစ်၊ ဟေမန္တ ဆောင်းဥတု၊ ကုမ် ရာသီ၊ တပို့တွဲလ လဆန်း ၁ ရက်၊ ခရစ်နှစ်၊ ၁၉၈၇ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်၊ သောကြာနေ့ ဖြစ်ပါသည် ဘုရား။

http://www.dhammadownload.com



## အရုဏ်တက် နေထွက် နေဝင်

၅။ ဤ ကုမ်ရာသီ တပို့တွဲလ၌ စန်းသော်တာ လပြည့်ဝန်းသည် မာဃ နက္ခတ်နှင့် ယှဉ်လျက် မွန်းတည့် ပါသည်။

ဤလ၏

ပထမ သီတင်းပတ်၌ နံနက် ၅ နာရီ ၄၈ မိနစ်ခန့်တွင်၊

ဒုတိယ သီတင်းပတ်၌ ၅ နာရီ ၄၅ မိနစ် ခန့်တွင်၊

တတိယ သီတင်းပတ်၌ ၅ နာရီ ၄၁ မိနစ်ခန့်တွင်၊

စတုတ္ထ သီတင်းပတ်၌ ၅ နာရီ ၃၆ မိနစ်ခန့်တွင် အရုဏ်တက်ပါသည်။

နံနက် ၆ နာရီ ၃၁ မိနစ် ခန့်တွင် နေထွက်၍ ညနေ ၅ နာရီ ၅၈ မိနစ်ခန့်တွင် နေဝင်ပါသည် ဘုရား။

ဤလ၌ ရှေးမြန်မာ နာရီအားဖြင့် "နာရီနှစ်ဝ၊ နံနှင့်ပြသော်၊ ပူးလှ ကျားမင်း၊ နေ့ဘို့ခင်းသည်၊ ညဥ့်တွင်း ရှိမှောင်၊ဆင်ပြောင်ခြသေ့်၊ ပျော်မွေ့မြူးသန်း၊"[၁] ဟူသော ရှေးသူဟောင်းတို့ စကားနှင့်အညီ နေ့နာရီ ၂၆ နာရီ ည နာရီ ၃၄ နာရီရှိသဖြင့် နေ့တာတို၍ ညတာရှည်ပါသည်။ ဤလသည် ရက်မစုံလဖြစ်၍ ရက်ပေါင်း ၂၉ ရက်ရှိပါသည် ဘုရား။

---

၁။ ဦးယာ

http://www.dhammadownload.com



ပွင့်မြဲရာသီပန်းမှာ ပေါက်ပန်း၊ လဲပန်း၊ လက်ပံပန်း၊ ဆူးပန်းတို့ ဖြစ်ကြပါသည်။ ရာသီပွဲမှာ မီးဖုန်းပွဲနှင့် ယာဂု ထမနဲပွဲများ ဖြစ်ကြပါသည် ဘုရား။

## တပို့တွဲလ၏ သဘာဝ

၆။ တပိုတွယ်ဟူ၍လည်း ရှေးက ခေါ်ဝေါ်ကြသော ဤ တပို့တွဲလ၌ မာဃနက္ခတ်နှင့် စန်းယှဉ်၍ ပုစွန်တာရာ ကွယ်ပလျက် ချိန်ခွင်တာရာ ထွန်းပသဖြင့် "မာသခေါ်မြဲ၊ တပို့တွဲတွင်၊ မိုးထဲတောက်ပ၊ ကြယ်မာဃနှင့်၊ ငွေလ ယှန်နန်း၊ လှည့်ကြမြန်းသော်၊ ယှဉ်သန်းထွန်းလှာ၊ ချိန် တာရာတို့"[၁] ဟူ၍ တစ်ဖုံ၊ "ကံ့ကြွင်းသိမ်၊ နဝင်းအိမ်မှာ၊ ချွေချိန်တာရာ၊ သံကောက်မာနှင့်၊ ရတာနာရုံ၊ စန်းနိတုံလည်း၊ ဘုံဝေရမ္မ၊ ယုဂန်ဝက၊ ပပထွန်းလျှံ၊ တည့်မွှန်းမှန်သော်၊ ရေလျှံသမုဒ်၊ ပုစွန်တုပ်လည်း၊ လှိုင်းပုတ်မခံ၊ ကျောက်နန်း စံခဲ့"[၂] ဟူ၍ တစ်ဖြာ ရှေးပညာရှင်တို့ စပ်ဆိုခဲ့ကြပါသည် ဘုရား။

ဤတပို့တွဲလ၌ မာဃနက္ခတ်မှ ဖဂ္ဂုဏီ နက္ခတ်သို့ အကူး ကြားကာလဖြစ်သော လဆန်း ၁၂ ရက်မှ လပြည့် ကျော် ၄ ရက်ထိ ၈ ရက်ကို လွန်စွာချမ်းအေးလှသော ရက်များဖြစ်၍ အဋ္ဌရဋ္ဌက (အချမ်းဆုံးကြား ၈ ရက်) ဟု

---

၁။ ဦးယာ ၂။ ရှင်ဥတ္တမကျော်

http://www.dhammadownload.com



ကျမ်းဂန်တို့၌ အဆိုရှိပါသည်။ ဤ အန္တရဋ္ဌက ရက်များကို "ပြာသို တပို့တွဲ၊ စိုရွဲငွေနှင်း၊ သုတ်လေညှင်းနှင့်၊ ယင်းနှစ်လကြား၊ တပါးထိုမြို့၊ တပို့တပေါင်း၊ ရှေးနှောင်းအညီ၊ လေးရက်စီမှတ်၊ အန္တရဋ္ဌ်ဟု၊ ပညတ်နာမ၊ ကြားရှစ်ည၌၊ တောက်ပလင်းဟုန်၊ တက်အရုဏ်ဝယ်၊ ခိုက်တုန်လွန်ကဲ၊ အေးစမြဲတည့်၊"[၁] ဟု ရှေးပညာရှင်တို့ ယူဆကြသည်လည်း ရှိပါသည်။ ဤလ၏ အချမ်းလွန်ကဲပုံကို "တပို့တွဲမှာ ကျွဲချိုဖျား ဆတ်ဆတ်ခါအောင် အေးသည်" ဟူ၍ တစ်ဖုံ၊ "နှာရည်စိုရွှဲ၊ တပို့တွဲ"ဟူ၍ တစ်သွယ် ရှေးသူဟောင်းတို့ ဆိုရိုးပြုကြပါသည် ဘုရား။

ချမ်းအေးလွန်ကဲ နှင်းစိုရွှဲသည့် ပေါက်လဲရာသီ ဝေသာလီဝယ် သာကီနွယ်မြတ် အန္တရဋ္ဌ ဟု ဆတ်ဆတ်တုန်ချမ်း ညဥ့်သရမ်း၌ နှင်းဖြန်းရွှင်ရွှင် လေဟာပြင်ဝယ် ကိုယ်တွင်လွှမ်းခြုံ လေးထည်ရုံသော် ချမ်းလုံမျှတ ကိုယ့်တွေ့ရ၍ သုံးဝသင်္ကန်း လေထပ်လွှမ်းကို ရဟန်းတော်တွေ ဝတ်ရုံစေဟု နှုတ်ခြွေမိန့်မြွက် ပညတ်ချက်ကို ကျမ်းထွက်ဝိနယ မှတ်သားရသည် များလှကုသိုလ်ပါဘုရား။

---

၁။ မာန်လည်ဆရာတော်

❊ တေန ခေါ ပန သမယေန ဘဂဝါ သီတာသု ဟေမန္တိကာသု ရတ္တီသု အန္တရဋ္ဌကာသု ဟိမပါတသမယေ ရတ္တိံ အဇ္ဈောကာသေ ဧကစီဝရော နိသီဒိ။ ......အနုဇာနာမိ ဘိက္ခဝေ တိစီဝရံ ဒိဂုဏံ သံဃာဋိံ ဧကစ္စိယံ ဥတ္တရာသင်္ဂံ ဧကစ္စိယံ အန္တရဝါသကံ။ ( ဝိ ၃၊ ၄၀၁ - ၂။)

http://www.dhammadownload.com



ပုလဲရွှေဥ သာမျိုးစုသည့် ရတုသာလ သိသိရ၍ ဒေါင်းလှမတွန် ပြောင်ဆဒ္ဒန်လည်း စွယ်လျှံလျှိုးငုတ် စွယ်ဖျားလှုပ်မျှ အေးလွန်းလှသဖြင့် "ငုံပေါက်လဲလို့င်၊ လေဆိုင် ညှာညွှန့်၊ ကွန့်စံသည့်နည်း၊ ငြိမ့်ငြိမ့်ဖြည်းလျက်၊ ရေကြည်းမျှညီ၊ ယင်ပေါင်ချီသည့်၊ သိသိရစက်၊ လများ ထက်၌၊ နေစက်ဗိမာန်၊ တိမ်ယာဉ်ပျံဝယ်၊ ထိန်လျှံ ခြည်ပျောက်၊ ဆဒ္ဒန် ပေါက်မူ၊ ရောင်ခြောက်မပြို့၊ စွယ်ဖျား နှံ့လျက်"[၁] ဟုလည်း ရေးစာဆိုတို့ ဖွဲ့ဆိုခဲ့ကြပါသည် ဘုရား။

ဟေမန်ဆောင်းအေး ခြုံမနွေး၍ ချမ်းအေးသည့်ဒဏ် တားဆီးရန်ဟု ထွင်ဉာဏ်ကွန့်မြူး မီးမယ်ဖျူးဟု မည်ထူး ခေါ်ရင်း မီးအိုးခင်း၍ မွေးထင်းထည့်ကာ စောမြတ်စွာကို သဒ္ဒါကြည်ဆွ ပူဇော်ကြသဖြင့် "မာသ သည်ခါ၊ သုံးလူ့ချာကို၊ ရှိန်ဝါရောင်ညီး၊ မီးဖုန်းပူဇော်၊ လျှူတော်လျှူမြဲ၊ ရာသီပွဲဟု၊"[၂] ဟူ၍ တစ်ဖုံ၊ "ရွှေယုဂန် နန်းညိုမြကဲ၊ စန်းခိုလျှံလူ၊ ချမ်းဆိုသမျှ စံမတူသည်၊ သယမ္ဘူသော်မှ။ မီးမယ်ဖျူး ရွှေလက်ကင်သည်၊ ရေစက်သွင်၊ အေးတဲ့သည်လ"[၃] ဟူ၍ တစ်ထွေ စာပေမှတ်တမ်း ပြုခဲ့ကြပါသည် ဘုရား။

---

၁။ ရှင်ဥတ္တမကျော်
၂။ ဦးယာ
၃။ ဦးကြော့

http://www.dhammadownload.com



မာဃစန်းယှဉ် ရာသီခွင်၌ ရှေးစဉ်လာမှု နှစ်တိုင်းပြုသည့် ယာဂုထမနဲ ထိုးသည့်ပွဲကို ပြုမြဲစဉ်လာ ရှိသည့်တာကြောင့် "တပို့တွဲမို့၊ မင်းပွဲရှင်ပျော်၊ ယာဂုတော်နှင့်၊ကြွေးကြော် ပြင်ဆင်၊ လွှမ်းဖို့သာဆင်တော့တယ်၊ ကောင်းကင်မြင့်တိမ်ဆီမှာ၊ ကြယ်မာဃီ ရောင်စုံကျင်းလို့၊ လင်းလှတယ်လေး"၁ ဟူ၍ ရှေးစာဆိုတို့ ဖွဲ့ဆိုခဲ့ကြပါသည် ဘုရား။

ဆူးပန်း၊ ပေါက်၊ လဲ၊ တောလုံးရဲမျှ တစ်ခဲနက်ပွင့်ကြရာ သည်အခါတွင် ပင်မြင့်ရှင်လည်း ပြင်ဆင်ရှင်းလင်းထန်းလက်နင်းသဖြင့် "ရွှေသွင်နီမြန်း၊ ပေါက်ဆူးပန်းတို့၊ ထူးဆန်းလှတင့်၊ ရိုးတံမြင့်နှင့်၊ ပွင့်ကြစီစီ၊ ကုမ်ရာသီ"၂ ဟူ၍ တစ်ဖုံ၊ "တပို့တွဲ၊ ပေါက်လဲငုံကင်း၊ ထန်းရည်ယယ်နင်းကြသည်၊ နှင်းထုံထုံယယ်နှင့်လေ"၃ ဟူ၍ တစ်သွယ်၊ "ထန်ရည်နင်း ပေါက်ကင်းတဲ့ လဲငုံ၊ ဆက်ရက်သာရကာနှင့်၊ ယော်ရွက်ဝါ တမာန လွှမ်းသူ့ပူပုံ"၁ ဟူ၍ တစ်ထွေ၊ "တပို့တွဲ၊ ပေါက်လဲတဲ့ ငုံစီ၊ ဖူးတံကရို" ဟူ၍ တစ်လီစာပန်းချီ ခြယ်ခဲ့ကြပါသည် ဘုရား။

ငွေနှင်းစိုရွှဲ ချမ်းလွန်းကဲ၍ မပေါက်လဲပွင့်စီ မြိုင်လုံးနီသည် ရာသီကုမ္ဘ ခါသမယ၌ ဖိုမကြေးကတော ဥဩသံအေး

---

၁။ မဟာအတုလမင်းကြီး ၂။ ဦးယာ ၃။ ဦးကြင်ဥ

http://www.dhammadownload.com



မြစ်တွေးသောင်တင်း ရွှေတိမ်ညင်းတို့ မြစ်တွင်း သောင်ပြင် စုံမြိုင်ခွင်၌ ပျော်ရွှင်မြူးတူး သံသာကြူးသဖြင့် "ငွေသဲကျွန်း သောင်၊ ပျို့နေရောင်နှင့်၊ ငှက်မောင်နှံများ၊ ကစားမြူးစုန်၊ သက်တံ့ဆန်တက်၊ လည်ယှက်မြူးတူး၊ ရင့်ကြူးညှို့အေး၊ မြစ်တွေးသောင်တင်း၊ ရွှေတိမ်ညင်းတို့၊ မကြွင်းဖိုမ၊ ရွှင်ပျော်ကြရှင့်"[၁] ဟူ၍ တစ်မျိုး၊ "တောင်တော ဝန်းကျင်၊ စုံမြိုင်ခွင်တွင်၊ ပျော်ရွှင်ကျေးသား၊ ကုလား ကြက်တော၊ ဥဩဖိုမ၊ ကြွေးကြော်ကြသား"[၁] ဟူ၍ တစ်နည်း၊ "ရာသီတိန၊ နှင်းကစိုရွှဲ၊ ပေါက်လဲနီထွေး၊ ငှက်ကျေး ပျော်မြူး ရင့်ကြူးလေ"[၁] ဟူ၍ တစ်ဖြာ စာပေမှတ်တမ်း ပြုခဲ့ကြပါသည် ဘုရား။

လက်ပံပေါက်လဲ ပင်လုံးရဲအောင် သဲသဲလှုပ်မျှ ပွင့်ကြသည့် သည်ရာသီမှာ သံစာစာ ရွှေဆက်ရက်တို့ မခံသာ အနေခက်အောင် ပွက်ပွက်ညံ သံသာကြွေးကြသဖြင့် "ညံလို့သာ သဲတော့တယ်၊ ပေါက်လဲငယ်ပွင့်တံ၊ ထိန့်ထိန့် ငယ်လျှံသည်၊ ဆက်ရက်သံ စာစာနှင့်၊ ငှက်ညီလာ ကျင်းတဲ့ လကိုလေး"[၂] ဟူ၍ တစ်လီ၊ ထို့ကြောင့်ပင် ပွက်ပွက်ညံသည့် စကားပြော်သံများကို ကြားရသောခါ "လက်ပံပင် ဆက်ရက်

---

၁။ ဦးယာ ၂။ မဟာအတုလမင်းကြီး

http://www.dhammadownload.com



ကျသလို" ဟူ၍တစ်ဖုံ၊ ရှေးသူဟောင်းတို့ ဆိုထုံးပြုကြသည်ကို မှတ်သားကြရပါသည် ဘုရား။

၇။ ဤသို့လျှင် စတ္တန့် မိနစ် နာရီ ရက် လ ... ... ... ... ... ... ... ပွဲ၊ မျိုး အားထုတ်ကြပါစို့ ဘုရား။

မှတ်ချက်။ ။ အန္တရဋ္ဌက (ဒချမ်းဆုံးကြား ၈ ရက်)ကို မာဃလ၏အဆုံး လေးရက်နှင့် ဖဂ္ဂုဏလ၏ အစ လေးရက်ဟု အဋ္ဌကထာများ တညီတညွတ်တည်း ဖွင့်ဆိုကြပါသည်။* ထို့ကြောင့် မြန်မာလအနေဖြင့် တပို့တွဲလ၏ အဆုံး လေးရက်နှင့် တပေါင်းလ၏ အစ လေးရက်ကို အန္တရဋ္ဌကဟု ယူဆကြပါသည်။

သို့သော်လည်း အိန္ဒိယ ဝေါဟာရ လနှင့် မြန်မာ ဝေါဟာရ လ တို့ ရက်ချင်း တစ်ထပ်တည်း မကျသည်ကို သတိပြုရန် ရှိပါသည်။ မြန်မာလပြည့်နေ့ (ပုဏ္ဏမာ) သည် အိန္ဒိယ၌ တစ်လပြည့်သောနေ့ တစ်လ၏ နောက်ဆုံး ရက် ဖြစ်ပါသည်။

---

* ဝိ ဋ္ဌ ၃၊ ၄၀၉။ မ–ဋ္ဌ ၁၊ ၃၅၃။ အံ – ဋ္ဌ ၂၊ ၁၁၆။ ဥဒါန်–ဋ္ဌ၊ ၆၇။

http://www.dhammadownload.com



ခြားနားချက်မှာ ကောင်းကင်မှ လမင်းကြီး ဝိုင်းဝိုင်းစက်စက် ပြည့်ပြည့်ဝဝ ရှိသောနေ့ကို မြန်မာတို့က လပြည့်နေ့ဟု ခေါ်ဝေါ်ကြပါသည်။ အချိန်အနေဖြင့်မူ မြန်မာ တစ်လမပြည့်သေးပါ၊ တစ်လ၏ ထက်ဝက်မျှသာ ရှိပါသေးသည်။ အိန္ဒိယ ဝေါဟာရ အနေဖြင့်ကား လမင်းကြီး ပြည့်ပြည့်ဝဝရှိသောနေ့သည် လမင်းကြီး ပြည့်သောနေ့ ဖြစ်သလို အချိန်အနေဖြင့် တစ်လပြည့်သောနေ့လည်း ဖြစ်သည်။ တစ်လ ကုန်ဆုံးသောနေ့ ဖြစ်သည်။

ထို့ကြောင့် မြန်မာလပြည့်ကျော် ၁ ရက်သည် အိန္ဒိယ လဆန်း တစ်ရက်ဖြစ်သည်။

ဤအချက်ကို ဒီဃနိကာယ် အဋ္ဌကထာ သာမညဖလသုတ် အဖွင့်က ထင်ရှားစေသည်။ ယင်း အဋ္ဌကထာ၌ မြန်မာဝေါဟာရအရ တန်ဆောင်မုန်း လပြည့်နေ့ ဟု ဘာသာပြန်ရသော "**တဒဟုပေါသထေ ပန္နရသေ ကောမုဒိယာ စာတုမာ သိနိယာ ပုဏ္ဏာယ ပုဏ္ဏမာယ ရတ္တိယာ**" ဟူသော ပါဠိတော် စာပိုဒ်ကို "လေးလတို့၏ အဆုံးဖြစ်သောကြောင့် **စာတုမာသိနီ**ဟု ဆိုရကြောင်း၊ **မာသပုဏ္ဏတာယ, ဥတုပုဏ္ဏတာယ, သံဝစ္ဆရ ပုဏ္ဏတာယ** = တစ်လပြည့်, တစ်ဥတုပြည့်, တစ်နှစ်ပြည့်သောကြောင့် (ဤနေ့ကို) **ပုဏ္ဏာ**ဟု ဆိုရကြောင်း" ဖွင့်ပြပါသည်။*

---

* ဒီ–ဋ္ဌ ၁၊ ၁၂၈

http://www.dhammadownload.com



ထို့ကြောင့် တန်ဆောင်မုန်းလပြည့်နေ့သည် အိန္ဒိယ ဝေါဟာရ အရ ပစ္ဆိမကတ္တိကလ လကုန်နေ့ လကွယ်နေ့ ဖြစ်ပါသည်။ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့သည် **မာဂသိရလ** လဆန်း ၁ ရက်နေ့ ဖြစ်ပါသည်။

သို့ဖြစ်ရာ ပြာသိုလပြည့်ကျော် ၁ ရက်မှ တပို့တွဲ လပြည့်နေ့အထိ **မာဃလ**၊ တပို့တွဲ လပြည့်ကျော် ၁ ရက်မှ တပေါင်းလပြည့်အထိ **ဖဂ္ဂုဏလ** ဖြစ်ရပေလိမ့်မည်။ ယင်းသို့ဖြစ်သော **မာဃလနှင့် ဖဂ္ဂုဏလတို့၏** အကြား ရှစ်ရက် (**အဋ္ဌရက္ခက**) သည် တပို့တွဲလဆန်း ၁၂ ရက်မှ လပြည့်ကျော် ၄ ရက်အထိ ဖြစ်သည်ဟု ယူမှ သင့်မြတ်ဖွယ် ရှိပါသည်။ ရာသီဥတု သဘောအရလည်း ဤရက်များ သည်သာ အချမ်းဆုံး အအေးဆုံးရက်များ ဖြစ်ပါသည်။ တပို့တွဲလကုန်နှင့် တပေါင်းလဆန်းကြား ရှစ်ရက်မှာ ဆောင်းနှောင်း ရာသီသို့ ရောက်နေပြီ ဖြစ်သောကြောင့် အချမ်းဆုံး အအေးဆုံးရက်များ မဟုတ်တော့ပါ။

http://www.dhammadownload.com

## ၁၃၄၈ ခုနှစ်၊ တပေါင်းလ

## သာသနာတော်လျှောက် စာတမ်းပါဘုရား

### ဗုဒ္ဓဘုရား ဖွား ဖြစ် စံ

၁။ သုံးလောကထွတ်ထားဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဘိုးတော်အဉ္စနမင်းကြီး သက္ကရာဇ် ဖြိုပြီးသည့်အချိန်မှစ၍ ရေတွက်ရသော မဟာသက္ကရာဇ် ၆၈ ခုနှစ် ကဆုန်လပြည့်နေ့၌ ဖွားမြင်တော်မူပါသည်ဘုရား။

၂။ သက်တော် ၂၉ နှစ်တွင် ထီးနန်းစည်းစိမ်ကို စွန့်လျက် တောထွက်ပြီးလျှင် ဉရုဝေလတော၌ ဒုက္ကရစရိယာ အကျင့်မှားကို ၆ နှစ်ကြာ ကျင့်မိပြီးမှ မှားမှန်းသိသဖြင့် အာနာပါနစတုတ္ထဈာန်ကို အခြေခံ၍ မဂ္ဂင်ရှစ်တန် အကျင့်မှန်ကို ကျင့်ကြံ ပွါးများသောအခါ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့၊ သက်တော် ၃၅ နှစ် အပြည့်တွင် သဗ္ဗညုတ ရွှေဉာဏ်တော်ကိုရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူပါသည် ဘုရား။

http://www.dhammadownload.com



၃။ ဗုဒ္ဓမြတ်စွာသည် ၄၅ နှစ်ပတ်လုံး လူ, နတ်, ဗြဟ္မာ သတ္တဝါတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူပြီးလျှင် မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့်နေ့ သက်တော် ၈၀ အပြည့်တွင် ပရိနိဗ္ဗာန် စံတော်မူပါသည်ဘုရား။

## ဥတု ရာသီ နှစ် လ ရက် နေ့

၄။ ယနေ့သည်ကား မြတ်စွာဘုရား ဖွားမြင်တော်မူသည့် နှစ်မှ စ၍ ရေတွက်လျှင် နှစ်ပေါင်း ၂၆၁၀၊ ဘုရားဖြစ်တော်မူသည့်နှစ်မှစ၍ ရေတွက်လျှင် သာသနာတော် နှစ်ပေါင်း ၂၅၇၅ နှစ်၊ ပရိနိဗ္ဗာန်စံတော်မူသည့် နှစ်မှ စ၍ ရေတွက်လျှင် သာသနာတော်နှစ်ပေါင်း ၂၅၃၀ ပြည့်နှစ်၊ မြန်မာ့ဝေါဟာ ဂေါစာတွက်စစ် မြန်မာနှစ်မှာ ၁၃၄၈ ခုနှစ်၊ ဟေမန္တ ဆောင်းဥတု၊* မိန်ရာသီ၊ တပေါင်းလ လဆန်း ၁ ရက်၊ ခရစ်နှစ်၊ ၁၉၈၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်၊ စနေနေ့ ဖြစ်ပါသည် ဘုရား။

## အရုဏ်တက် နေထွက် နေဝင်

၅။ ဤ မိန်ရာသီ တပေါင်းလ၌ စန်းသော်တာ လပြည့်ဝန်းသည် ဥတ္တရာဘာဒ္ဒပုဒ္ဒ (ဖဂ္ဂုဏီ) နက္ခတ်နှင့် ယှဉ်လျက် မွန်းတည့် ပါသည်။

---

* တပေါင်းလပြည့်ကျော် ၁ ရက်နေ့မှစ၍ 'ဂိမှာန္တ နွေဥတု'၊

http://www.dhammadownload.com



ဤလ၏
ပထမသီတင်းပတ်၌ နံနက် ၅ နာရီ ၃၁ မိနစ်ခန့်တွင်၊
ဒုတိယ သီတင်းပတ်၌ ၅ နာရီ ၂၆ မိနစ်ခန့်တွင်၊
တတိယ သီတင်းပတ်၌ ၅ နာရီ ၁၈ မိနစ်ခန့်တွင်၊
စတုတ္ထ သီတင်းပတ်၌ ၅ နာရီ ၁၃ မိနစ်ခန့်တွင်
အရုဏ်တက်ပါသည်။

နံနက် ၆ နာရီ ၁၀ မိနစ်ခန့်တွင် နေထွက်၍ ညနေ ၆ နာရီ ၉ မိနစ်ခန့်တွင် နေဝင်ပါသည်ဘုရား။

ဤလ၌ ရှေးမြန်မာ နာရီအားဖြင့် "ချင့်မှန်းတိုင်းထွာ၊ နာရီမှာကား၊ နေ့သာရောက်ညား၊ ဟိုင်းနှင့်ကျားတို့၊ ယျော်ပါးစံနေ၊ တထွေညဥ္စသွား၊ ကျားနှင့်ခြသေ့်၊"[၁] ဟူသော ရှေးသူဟောင်းတို့ စကားနှင့်အညီ နေ့နာရီ ၂၈ နာရီ၊ ညနာရီ ၃၂ နာရီ ရှိသဖြင့် နေ့တာတို၍ ညတာရှည်ပါသည်။ ဤလသည် ရက်စုံလဖြစ်၍ ရက်ပေါင်း ၃၀ ရက် ရှိပါသည် ဘုရား။

ပွင့်မြဲရာသီပန်းမှာ သရဖီပန်း၊ အင်ကြင်းပန်းများ ဖြစ်ကြပါသည်။ ရာသီပွဲမှာ သဲပုံစေတီပွဲ ဖြစ်ပါသည် ဘုရား။

---

၁။ ဦးယာ

http://www.dhammadownload.com



## တပေါင်းလ၏ သဘာဝ

၆။ ဤ မိန်ရာသီ တပေါင်းလ၌ ဖဂ္ဂုဏီနက္ခတ်နှင့် စန်းယှဉ်၍ ဇိုင်းတာရာ ထွန်းပသဖြင့် "ချိန်ရာသီခွင်၊ မိန်သဘင်မှာ၊ ငွေစင်ရထား၊ ယန္တရားလည်း၊ အသွားတူညီ၊ ဖဂ္ဂုဏီနှင့်၊ ယှဉ်မှီတွဲကာ၊ ဇိုင်းတာရာတို့၊ မြိုင်မှာ မြိုင်လျှောက်၊ ရွှေပိတောက်လည်း၊ ဖူးညှောက်ပွင့်ချိန်၊ သိတာသိမ်ဝယ်"[၁] ဟူ၍ စပ်ဆိုခဲ့ကြပါသည် ဘုရား။

သရဖီ အင်ကြင်း တောလုံးသင်းသည့် ပန်းမင်း များသာ မဟုတ်ပါဘဲ ရွှေဝါပိတောက် မြိုင်တစ်လျှောက် တွင် ကြိုင်လှောက်ပျံ့သင်း သဇင်ကြွင်းလည်း ပင်မင်းမြင့်မြင့် တောလုံးတင့်အောင် ဖူးပွင့်ကြဆဲဖြစ်၍ "ရိုးညာမြနု၊ ဝတ်မှုံရု တွင်၊ ငွေဥရောင်သွေး၊ ပျံ့မွှေးစိစိ၊ သရဖီနှင့်၊ သိင်္ဂီမြညှောက်၊ ပန်းပိတောက်တို့၊ ဖြိုးမောက်ရှင်လန်း၊ ထူးဆန်းလှတင့်၊ ရိုးတန်မြင့်နှင့်၊ ပွင့်ကြကြိုင်သင်း၊ မြိုင်လုံးဝင်းမျှ"[၂] ဟူ၍တစ်လီ၊ "ရှစ်ခွင်တိုင်း မွှန်မှိုင်းတဲ့ပတ်လည်၊ သဇင်ကြွင်း ငယ်နှင့်၊ အင်ကြင်းသန္တာခ်ညွန့်ငယ်တို့၊ ဖူးကွန့်ကိုက်စိ"[၃] ဟူ၍တစ်ထွေ၊ "မြိုင်ခြေငယ် သင်းပါလို့၊ အင်ကြင်းငယ် ရွှေဖိ၊ ဝတ်မှုံငယ်စိသည်၊ မြနုဒီသောင်တခိုက၊ မောင်မယ်ညို

---

၁။ ရှင်ဥတ္တမကျော်　　၂။ ဦးယာ　　၃။ ဦးကြင်ဥ

http://www.dhammadownload.com



မြူးပြန်တော့ဘယ်လေး"[၁] ဟူ၍ တစ်ဖြာ စာပေမှတ်တမ်း ပြုခဲ့ကြပါသည် ဘုရား။

သရဖီအင်ကြင်း သဇင်ကွဲင်းနှင့် ပင်မင်းပိတောက် ထိန်ထိန်တောက်၍ ဖူးညှောက်ညွန့်စီ ရာသီသာလှ တပေါင်း လ၌ ဆန္ဒညီညီ သဲစေတီဟု ရာသီသဘင် ကုသိုလ်ပွဲ ဆင်ကြသဖြင့် "မာသခါကောင်း၊ လတပေါင်းဟု၊ မနှောင်း စေရ၊ ငွေသောင်ဝတွင်၊ မြူလွှစီစီ၊ သဲစေတီကို၊ ပြည့်ညီ တည်ထား၊ ညွှတ်တွားကြည်လင်၊ ရှိုဆင်၍၊ သဘင်ပျော်မြူ၊ ရာသီပွဲ"[၂] ဟူ၍ တစ်ဖုံ၊ "ရာသီမိန်ငယ်၊ ဂိမှာန်ရက်ပြောင်း၊ လတပေါင်းမို့၊ ရွက်ဟောင်းကြွေကာ၊ ကိုတံငါလဲ၊ ဘာသာသောင်တင်၊ ပျော်မြူးသာရွှင်တော့တယ်၊ သဘင်လ ခါမှီကို၊ သဲစေတီ ငွေသောင်ကမ်းက၊ လွမ်းလှတယ်လေး"[၂] ဟူ၍ တစ်ဖြာ ရှေးဆရာတို့ စာပေမှတ်တမ်း ပြုခဲ့ကြပါသည် ဘုရား။

ဆောင်းတစ်ဝက် နွေတစ်ဝက်ဖြစ်သော ဤလ၌ နေ့အခါ အနည်းငယ် ပူစပြု၍ ညအခါတွင် အအေးဓာတ် ဝင်တတ်သဖြင့် "နေ့ပူလို့ ညချမ်း၊ တပေါင်းလ လသာရမ်း" ဟူ၍ တစ်မျိုး၊ မိုးရိပ်မိုးသားတို့ ထင်ရှားလာပြန်သဖြင့်

---

၁။ အတုလမင်းကြီး ၂။ ဦးယာ

http://www.dhammadownload.com



"တပေါင်းလည်းကူး၊ မိုးသားကြူး" ဟူ၍ တစ်နည်း၊ ရှေးသူဟောင်းတို့ စကားကို မှတ်သားကြရပါသည် ဘုရား။

ဆောင်းနှောင်းနွေစ ဤမာသဒ္ဒ ကာလသာထွေ မြောက်လေကျန်ကြွင်း ညှံ့ညှံ့ညင်းလျက် ဆီးနှင်းစဲစ ရာသီမျှ၍ ချမ်းလှမရှိ ပူ၏မပူ ထွက်ပြူရွက်ညွန့် ဖူးကွန့် ကိုက်ငုံ သာမျိုးစုံသဖြင့် "ပျော်မှုပျော်မှု၊ မျှော်ကြည့်ရှု၍၊ ရတုကောင်းစွာ၊ ဤအခါကား၊ သာသည်ညင်းညင်း၊ မြောက်လေကြွင်းနှင့်၊ ဆီးနှင်းမကုန်၊ ပူဟုန်မသည်း၊ ပျံ့ပျံ့ ဖြည်းသာ:"[၁] ဟူ၍ တစ်ဖုံ၊ "ယော်နယော်န၊ ရွက်သစ် ပြူလျက်၊ ရတုအလိုက်၊ ခက်ချင်းဆိုက်၍၊ အကိုက်ငုံဖူး၊ ဖြူးရရွှေးလျှင်၊ တန်ခူးမပြောင်း၊ တပေါင်းမကုန်၊ ပူဟုန်မပြင်း၊ နှင်းလည်းစဲစ၊ ကာလသာထွေ၊ ဆောင်းနွေဆိုးဆမ်း၊ ပူချမ်း နှစ်ပါး"[၁] ဟူ၍ တစ်သွယ်၊ "ချမ်းမြမသန်၊ ပြင်းထန်မပူ၊ လွင့်မြူမထောင်း၊ ညွန့်ပျောင်းမချဉ်း၊ လေပြင်းမလာ၊ သည်းစွာထစ်ကြိုး၊ အုံ့မိုးမစွေ၊ ရေလည်းမကြီး"[၂] ဟူ၍ တစ်ထွေ၊ ရှေးစာဆိုတို့ ဖွဲ့ဆိုခဲ့ကြပါသည် ဘုရား။

နွေဦးပေါက်၍ ခန်းခြောက်သစ်ရည် ဣန္ဒနီနှင့် သိင်္ဂီရောယှက် မြရောင်ပျက်၍ ညောင်းရွက်ညှာကြွေ ညွန့်ဖူးဝေလျက် မြိုင်ခြေအနှံ့ သင်းရနံ့လှိုင် တောလုံး

---

၁။ ရှင်အုန်းညို ၂။ ရှင်ဥတ္တမကျော်

http://www.dhammadownload.com



ကြိုင်သဖြင့် "မြိုင်ထဲစုံကောင်း၊ ပန်အပေါင်းနှင့်၊ ရွက်ဟောင်းပင်အောက်၊ ဖူးညှောက်လူလူ၊ ထွက်စပြူလျက်၊ ပျံ့ကြူအေးအေး၊ လေညှင်းသွေးသော်၊ မွှေးမွှေးရဂုံ၊ သင်းနံ့ထုံသို့"[၁] ဟူ၍တစ်လီ၊ "လေခမြေသက်၊ ရျာန်ဝိတက်သို့၊ သစ်ရွက်ရော်ရီ၊ ဣန္ဒနီဝယ်၊ သီဂီတစ်ဝက်၊ ဖက်၍ဆေးစုံ၊ ခြယ်သောပုံသို့၊ ရဂုံမြိုင်တွင်း၊ တောလုံးလင်းသား"[၂] ဟူ၍ တစ်ဖုံ၊ "မှိုင်းဝေ မင်းလွင်၊ တောတပြင်မှာ၊ မြသွင်ရွက်ညောင်း၊ တစ်ချို့ပြောင်းက၊ တပေါင်းခေါ်ညီ၊ မိန်ရာသီ"[၂] ဟူ၍ တစ်သွယ်၊ "ဟေမန်ချမ်းဆောင်း၊ ကြွလှဲပြောင်းသား၊ တပေါင်းနွေလ၊ ဂိမှာနဟု၊ သာလှပျော်မှု၊ သည်ရတုဒ္ဒ၊ ညွန့်နုဆဲဆဲ၊ မီးလျှံခဲသို့၊ ရဲရဲပြောင်ပြောင်၊ တောကုန်အောင်လည်း၊ ပွင့်ရောင်တည့်ချည်း၊ ဖြင်ပေါပည်း၏"[၁] ဟူ၍ တစ်နည်း၊ "မြချပ်ရွက်စိမ်း၊ လေပြေသိမ်းက၊ မရှိမ်းမြလျှံ၊ ရွှေဝါကျန်သည်၊ လေပြန်လောင်းသုတ်၊ ရွက်ညောင်းပြုတ်၍၊ ကျေးနှုတ်မြသွင်၊ ပုရစ်ဆင်ခဲ့"[၂] ဟူ၍ တစ်ထွေ၊ "လတပေါင်း ရွက်ဟောင်းက ကြွေခဲ့ပြီ၊ ရိုးတန်မှာ ရွှေရည်လူးတယ်၊ ဖူးကွန့်ကိုက်စီ"[၃] ဟူ၍ တစ်သွင် ရှေးပညာရှင်တို့ ဉာဏ်ရွှင် မြူးကြွ စာပန်းချီခြယ်ခဲ့ကြပါသည် ဘုရား။

---

၁။ ရှင်အုန်းညို ၂။ ရှင်ဥတ္တမကျော် ၃။ ဦးကြင်ဥ

http://www.dhammadownload.com



သံသာညက်ညော ရွှေဥသြလည်း မြိုင်တောတစ်ခို နွေဦးကြို၍ ဖိုမဟာသာ ငွေသောင်သာ၌ ကြည်သာကခုန် ငါးမျိုးစုံလည်း ဆန်စုန်မြစ်တွင်း ပျော်ပွဲကျင်းကြသဖြင့် "မြိုင်ခွင်တောင်တော၊ ဥသြရင့်ကြွေး၊ ကြူးသံပေးလျက်၊ လွမ်းရေးဖြာဖြာ၊ အသည်းညာကို၊ ကြွေရှာလိမ့်ဖွယ်"၁ ဟူ၍ တစ်ဖုံ၊ "မြစ်ထဲသီတာ၊ ကျွန်းသောင်သာ၌၊ ဟာသာဖိုမ၊ ငှက်တို့ကလည်း၊ မြူးကဖန်ဖန်၊ ငါးရွှေတန်လည်း၊ စုံဆန်သက်ဆင်း၊ ငါးကြင်းတလိုက်၊ တသိုက်တသန့်၊ ငါးရန့်ပျော်ရွှင်"၁ ဟူ၍ တစ်ဖြာ ရေးစာဆိုတို့ ဖွဲ့ဆို ခဲ့ကြပါသည် ဘုရား။

ရွှေဝါရောင်ပြောင်း ရော်ရွက်ညောင်းလျက် ရွက်ဟောင်း လူလူ ဈာန်လွင့်ထူ၍ ထွက်ပြူရွက်သစ် ဖူးပုရစ်တို့ တစ်ခေတ်သို့ချဉ်း တောလုံးရှင်းလျက် ဝင်းဝင်းပပ စိမ်းမြမြ နှင့် လွလွနီနီ မြိုင်လုံးစည်၍ မှုံရည်ရစ်သိုင်း မှိုင်းချည်တချို့ ညို့ချည်တစ်ခါ ပြာချည်တစ်သွင် ကိုးရပ်ခွင်၌ မင်းလွင် ရှိုသိုင်း မြူရစ်ဆိုင်းသော် ကသိဏ်းပရိကံ ဈာန်အဘိညာဉ် တရားရှင်ပင် ဘဝင်တိုင်ဆို့ မျက်ရည်စို့ရသဖြင့် "မင်းလွင်လိုလို၊ စုံတခိုဝယ်၊ လေချိုဝန်းလှ၊ လွမ်းရတု၌၊ ရွက်နုမငြိမ်၊ မြေနှင့်ချိန်လျက်၊ စိန်မြိုင်ရှုံ၊ ကြိုင်လှိုင်ထုံသည်၊

---

၁။ ဦးယာ

http://www.dhammadownload.com



အမှဲ့ချပ်ရပ်၊ ဖူးငုံကပ်၍၊ လှည့်ပတ်လက်တံ၊ လောင်းပန်းကျန်မှု၊ လွန်ဟန်တင့်ဆုံ၊ ပြာရည်ခြုံလျက်၊ မှိုင်းမှုန်ဆင်လာ၊ ခဲမှုတ္တာနှင့်"[၁] ဟူ၍တစ်လီ၊ "ရွှေပိတောက်လည်း၊ ဖူးညှောက်ပွင့်ချိန်၊ သီတာသိမ်ဝယ်၊ သောင်တိမ်ငွေဥ၊ သဲဖွေနုနှင့်၊ ဝတ်ရုံညွန့်ချို၊ သရဖိမှု၊ ကြိုင်ဆိုလှိုင်သတ်၊ ရေဖက်ဆွတ်တည့်၊ ချွေလွှတ်ဆောစွာ၊ သည်ချိန်ခါကို၊ သောတာပန်မည်၊ မဟာထေရ်တို့၊ မကြည်နိုင်အောင်၊ မြူခိုးမှောင်ခဲ့"[၁] ဟူ၍တစ်ပုံ၊ "ယင်းသည့်နေ့တိုင်၊ ရသေ့သူတော်တိုင်မှ၊ ဉာဏ်မနိုင်ရှာန်ယိုင်လျှော့ရတယ်၊ ရာသီတွင် စာညီပြောပေ၊ ကြော၍သာမြဲ"[၂] ဟူ၍တစ်မျိုး၊ "ကသိုဏ်းသူတော်မှန်တို့၊ ပရိကံ မတည်ပနိုင်ဘူး၊ သည်လ သည်ခါကြွေက၊ သာပုံကိုငါးမာရ်လွှင့်သော်မှ၊ ဟောရင့်မြွက်ကြူး"[၂] ဟူ၍တစ်ဖြာ ရှေးစာဆိုတို့ ဖွဲ့ဆိုခဲ့ကြပါသည် ဘုရား။

ဆောင်းနှောင်းနွေစ တပေါင်းလ၌ ညီမျှရာသီ မြိုင်တောစည်၍ သာသည်လမ်းပန်း ရှုမခန်းမျှ ခင်တန်းတစ်ခို လွမ်းတေးဆိုသည့် နွေကြိုဥဩ သံချိုနှောသည့် ကြက်တော ဥဒေါင်း ကျေးငှက်ပေါင်းတို့ ငြိမ့်ညောင်းသံလွှင် သားသမင်တို့ စိမ်းလွင်မြက်ခင်း စွစွနင်း၍ သေဋ္ဌနင်းလှူဘာ ဖူးမြော်ကြ၏ အေးမြကြည်လင် စမ်းရေလျဉ်လည်း စီးသွင်

---

၁။ ရှင်ဥတ္တမကျော်　　၂။ ဦးကြင်ဥ

http://www.dhammadownload.com



ငြိမ့်ငြိမ့် တောလုံးစိမ့်မျှ ချမ်းငြိမ့်ကြည်သာ လေပြည်လာလျက် သည်ခါသာလှ ကပ္ပိလသို့ ဓိနဘုန်းမော် ဖ သုဒ္ဓေါဓံ စက်တော်ချီကြွ ဖူးမြော်ကြသဖြင့် "ဘုန်းခေါင် ပရမေ၊ သုံးလူ့ဆွေလျှင်၊ ဒေသစာရီ၊ ပြည်ကပ္ပိသို့၊ ကြွချီအာသန်၊ ချိန်ခါတန်ကို၊ တောင်ပံရှက်ငိုက်၊ မြေနှုတ်စိုက်၍၊ အလိုက်ဘာသာ၊ ဟသ်ာသောင်တင်း၊ ပိန်ညင်း စင်ရော်၊ ငှက်တော်ကြိုးကြာ၊ သာရကာနှင့်၊ တမာ ကြက်တော၊ ဥသြငှက်ကြား၊ ငှက်နွားလည်း၊ ဝပ်တွားဘီလုံး၊ ရွှေငုံး ချိုးခါ၊ သူတို့မှာမူ၊ မြတ်စွာဘုရား၊ သုံးလူ့ဖျားကို၊ တတ်အားသမျှ၊ ဖူးမြော်ကြလျက်၊ ရှိပန်ဆက်သည်၊ တောကြက် တောင်ပံ၊ ဖြန်းဖြန်းတည်း"[၁] ဟု စာဆိုရှင်တို့ သဒ္ဒါရွှင်ကြွ စာတင်ခဲ့ကြ ပါသည် ဘုရား။

## သံဝေဂ

၇။ ဤသို့လျှင် စက္ကန့် မိနစ်၊ နာရီ ရက် လ၊ နှစ်တွေပြောင်းကြ၍ အဟောင်းအဟောင်းတွေ ချုပ်ပျောက် အသစ်အသစ်တွေ ပေါ်ပေါက်ကြကာ ခဏမစဲ ပြောင်းလဲနေသော ရုပ်သဘာဝ နာမ်သဘာဝတို့၏ မတည်မြဲခြင်း အနိစ္စ၊ ဆင်းရဲခြင်း ဒုက္ခ၊ ပုဂ္ဂိုလ် သတ္တဝါ အတ္တ မဟုတ်ခြင်း

---

၁။ ရှင်ဥတ္တမကျော်

http://www.dhammadownload.com



အနတ္တ သဘောတို့ကို နစ်နှောသက်ဝင် အမှန်မြင်လျက် ခင်မင်မှု သမုဒယ ပယ်နိုင်ကြ၍ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ ချမ်းသာစစ် ချမ်းသာမှန် မြတ်နိဗ္ဗာန်ကို ကေန်မုချ ရောက်နိုင်ကြရန် သတိပဋ္ဌာန်လေးပါး မြတ်တရားကို ပွါးများ အားထုတ်ကြပါစို့ ဘုရား။

---

## ကင်းဝန်မင်းကြီး၏
## ဆယ့်နှစ်ရာသီ သံပေါက်များ

### တန်ခူးလဖွဲ့

တန်ခူးမိဿ၊ စိတြ၊ လနှင့်ယှဉ်ပြိုင်ထွန်း။
ရင်ခတ်ကုံကော်၊ ထုံသင်းပျော်၊ ပွဲတော်အတာညွန်း။

### ကဆုန်လဖွဲ့

ကဆုန်ပြိဿ၊ ကောင်းကင်ဝ၊ ထွန်းပဝိသာခါ။
စကားပွင့်ဆဲ၊ ညောင်ရေပွဲ၊ သွန်းမြဲအချိန်သာ။

### နယုန်လဖွဲ့

နယုန်မာသ၊ မေထုန်ကျ၊ ဇေဋ္ဌရောင်စုံကျင်း။
စံပယ်မြတ်လေး၊ ရနံ့မွှေး၊ စာမေးသဘင်ခင်း။

http://www.dhammadownload.com



## ဝါဆိုလဖွဲ့

ဝါဆိုကရက္ကင်၊ လပြာသာဒ်၊ တည့်မတ်အာသဠ်။
ပုန်းညက်ငုံကင်း၊ စမ္ပီသင်း၊ ပဌင်းခါတော်မှီ။

## ဝါခေါင်လဖွဲ့

ဝါခေါင်သိဟ်မွန်၊ အာကာစွန်၊ သရဝဏ်ရောင်ဆွေးဆွေး။
ခတ္တာဖူးလျှံ၊ စာရေးတံ၊ သုံးတန်ဆောင်ဖွေးဖွေး။

## တော်သလင်းလဖွဲ့

တော်သလင်းဆီ၊ ကန်ရာသီ၊ ထွန်းချီအဒြ။
ရင်းမာလှိုင်မြ၊ ခိုင်လုံးတွဲ၊ လှေပွဲသဘင်ပ။

## သီတင်းကျွတ်လဖွဲ့

သီတင်းကျွတ်ပြီ၊ တူရာသီ၊ အဿဝဏီရှိန်ဝါရွှန်း။
ကြာမျိုးလည်းစို၊ မိုးမြင်းမိုရ်၊ ဗဟိုအချာထွန်း။

## တန်ဆောင်မုန်းလဖွဲ့

တန်ဆောင်မုန်းဗြိစ္ဆာ၊ ကြတ္တိကာ၊ ရောင်ဝါရှိန်လို့ဖြိုး။
ခဝဲပွင့်ချိန်၊ ခင်းကထိန်၊ ရွှေအိမ်ပိုင်လည်စိုး။

http://www.dhammadownload.com



## နတ်တော်လဖွဲ့

နတ်တော်ခါမို့၊ နေရှို့၊ မိဂသီရောင်တဆန်း။
သခင်ဖူးယဉ်၊ ဂမုန်းအင်၊ သဘင်ဆင်တော်ပန်း။

## ပြာသိုလဖွဲ့

ပြာသိုမကာရ၊ ကြယ်ဖုသျှ၊ ယှဉ်ထတူနှစ်ဖော်။
ခွါညိုနွယ်ရင်း၊ ဝတ်မှုံကင်း၊ မြင်းခင်းသဘင်တော်။

## တပို့တွဲလဖွဲ့

တပို့တွဲလ၊ ကုံသို့ကျ၊ မာဃထွန်းစမြဲ။
ပေါက်လဲပွင့်တုံ၊ ဆူးပန်းငုံ၊ မီးပုံယာဂုပွဲ။

## တပေါင်းလဖွဲ့

တပေါင်းခါချိန်၊ ရာသီမိန်၊ တောက်ထိန်ဖဂ္ဂုဏ္ဏ။
သရဖီဖူးဆဲ၊ ပိတောက်ပွဲ၊ သဲပုံစေတီပ။

http://www.dhammadownload.com

# သံဂါယနာ ၆ တန်

## ပထမသံဂါယနာ တင်တော်မူကြခြင်း

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ၇ ရက် မြောက်သော နေ့၌ အရှင်မဟာကဿပမထေရ်သည် တပည့် ရဟန်း ငါးရာနှင့်အတူ ပါဝါပြည်မှ ကုသိနာရုံ ပြည်သို့ အသွား၊ လမ်းခရီးအကြားဝယ် သစ်ပင်တစ်ပင်၏ အရိပ်၌ နားနေတော်မူပါသည်။ ထိုအချိန်တွင် ကုသိနာရုံပြည်ဘက်မှ လာသော အာဇီဝက တစ်ယောက်ကို မြင်တော်မူ၍ မြတ်စွာဘုရားကို သိ, မသိ မေးမြန်းတော်မူရာ ထိုအာဇီဝကက "ရှင်ကြီးဂေါတမ ပရိနိဗ္ဗာန်စံတော်မူသည်မှာ ၇ ရက် ရှိပါပြီ" ဟု ပြောပြပါသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီဟု ကြားရသော အခါ ရာဂ မကင်းကြသေးသော ရဟန်းများသည် ငိုကြွေး ကြပါသည်။ အချို့လည်း သတိလစ်ကာ လဲပြိုကြပါသည်။ ထိုအခါ ထိုသံဃာများထဲမှ တောထွက်ရဟန်းကြီး တစ်ပါး

http://www.dhammadownload.com



ဖြစ်သော သုဘဒ္ဒက "ငါ့ရှင်တို့ မပူဆွေးကြနှင့်၊ မငိုကြွေးကြနှင့်၊ ယခု ငါတို့ ထိုရဟန်းကြီးမှ ကောင်းစွာ လွတ်မြောက်ကြပြီ၊ 'ဒါ အပ်တယ်, ဒါ မအပ်ဘူး' လို့ ချုပ်ချယ်မည့်သူ မရှိတော့ဘူး၊ ငါတို့လုပ်ချင်တာကို လုပ်ကြရတော့မယ်" ဟု ဝမ်းမြောက်ဝမ်းသာ အော်ဟစ် ပြောဆိုပါလေသည်။

ထိုရဟန်းကြီး၏ စကားကို ကြားလိုက်ရသော အရှင်မဟာကဿပ မထေရ်ကြီးသည် လွန်စွာ ထိပ်လန့် သံဝေဂဖြစ်ပွါးကာ ထို ရဟန်းကြီးကို တားမြစ်၍ တပည့် ရဟန်းတို့အား အားပေးနှစ်သိမ့်စကား မိန့်ကြားတော်မူပြီးလျှင် ကုသိနာရုံသို့ ဆက်လက်ကြွတော်မူပါသည် ဘုရား။

ရှင်တော်မြတ်ဘုရား၏ ဥတ္တမ ရုပ်အလောင်းတော်ကို ဈာပနသဘင် ဆင်ယင်ကျင်းပ ပြီးစီးကြသောအခါ ထို သုဘဒ္ဒ တောထွက်ရဟန်းကြီး၏ စကားများကို ထောက်ဆ၍ သာသနာတော်၌ ဖြစ်ပေါ်လာမည့် ဘေးရန်အန္တရာယ်တို့ကို ကာကွယ်စောင့်ရှောက်ရေးနှင့် သာသနာတော် အရှည်တည်တံ့ ခိုင်ခံ့ စည်ပင်ရေး တို့ကို မြော်တွေး ဆင်ခြင်လျက် အရှင်မဟာကဿပ အမှူးရှိသော ရဟန္တာမထေရ်မြတ်ကြီးများသည် "မသူတော်တရား မထွန်းကားမီ၊ သူတော်ကောင်းတရား မကွယ်ပမီ၊ အဓမ္မဝါဒီတို့ အင်အား မကောင်းမီ၊ ဓမ္မဝါဒီတို့ အင်အား မယုတ်လျော့မီ ဘုရားရှင်၏

http://www.dhammadownload.com



တရားတော်များကို စုပေါင်း ညီညာရွတ်ဆိုခြင်း သံဂါယနာကို လျင်မြန်စွာ တင်ကြပါစို့" ဟု စည်းဝေးတိုင်ပင်ကာ ဆုံးဖြတ်တော်မူကြပါသည် ဘုရား။

ရဟန္တာအရှင်မြတ် ၇ သိန်းပါဝင်သော ထိုသံဃ အစည်းအဝေးမှ ချမှတ်ခဲ့သော ဆုံးဖြတ်ချက်နှင့်အညီ ရှင်တော်မြတ်ဘုရား ပရိနိဗ္ဗာန်စံပြီးနောက် သုံးလအကြာ၊ မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ (ဒယရှုခရစ် မပေါ်မီ ၅၄၄ နှစ်) ဝါခေါင်လပြည့်ကျော် ၅ ရက်နေ့မှ စ၍ ရာဇဂြိုဟ်ပြည်၊ ဝေဘာရတောင်နံပါးရှိ စရည်းပင်ပေါက်ရာ သတ္တပဏ္ဏိ လိုဏ်ဂူဝတွင် အဇာတသတ်ဘုရင်သည် နတ်ဗိမာန်အလား ခမ်းနားတင့်တယ်စွာ ဆောက်လုပ်လှူဒါန်းအပ်သော ရတနာ မဏ္ဍပ်ကြီးအတွင်း၌ အရှင်မဟာကဿပ အမှူးရှိသော ဈာန်အဘိညာဏ်ရ ပဋိသမ္ဘိဒါပတ္တ ရဟန္တာအရှင်မြတ်ကြီး ၅၀၀ တို့သည် ရှင်တော်မြတ်ဘုရား ဟောကြားမြွက်ဖော် တရားတော်တို့ကို ပထမဆုံးအကြိမ်အဖြစ် စုပေါင်းရွတ်ဆို ကာ ၇ လတိုင်တိုင် သံဂါယနာ တင်တော်မူခဲ့ကြပါသည် ဘုရား။

ထိုသို့ ပထမသံဂါယနာမတင်မီ တစ်ပွင့်စီ ပြန့်ကျဲ နေသော ပန်းပွင့်များကို တူရာတူရာ စုပေါင်းလျက် အစီ အစဉ်တကျ လှပစွာသီကုံးသကဲ့သို့ တစုတစည်းတည်း မဟုတ်ဘဲ ပြန့်ကျဲနေသောတရားတော်များကို သဘောတူရာ

http://www.dhammadownload.com



စုပေါင်း၍ "သုံးပုံပိဋကတ်၊ ငါးရပ်နိကာယ်၊ ကိုးသွယ်အင်္ဂါ၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်" စသည်ဖြင့် တစ်စုစီ တစ်စုစီ စုပေါင်းဖွဲ့စည်း သိပ်သည်းကျစ်လစ် စနစ်ကျအောင် စီစဉ်ခဲ့ကြပါသည်။ ထိုသို့ စီစဉ်ပြီးမှပင် အစီအစဉ်တကျ စုပေါင်းရွတ်ဆိုကာ သံဂါယနာ တင်တော်မူခဲ့ကြခြင်းဖြစ်ပါသည် ဘုရား။

ထို ပထမသံဂါယနာတင်ချိန်မှ စ၍ ဝိနည်းပိဋက၊ သုတ္တန်ပိဋက၊ အဘိဓမ္မာပိဋက ဟူသော ပိဋကသုံးပုံကို လည်းကောင်း၊

ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ ခုဒ္ဒကနိကာယ်ဟူသော နိကာယ် ငါးရပ်ကိုလည်းကောင်း၊

သုတ္တ၊ ဂေယျ၊ ဝေယျာကရဏ၊ ဂါထာ၊ ဥဒါန၊ ဣတိဝုတ္တက၊ ဇာတက၊ အဗ္ဘုတဓမ္မ၊ ဝေဒလ္လဟူသော အင်္ဂါကိုးသွယ်ကို လည်းကောင်း၊

တရားအစု ဟူသော ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကိုလည်းကောင်း နာယူမှတ်သား သင်ကြားပို့ချကျင့်ကြံ ပွါးများခဲ့ကြပါသည် ဘုရား။

ပထမသံဂါယနာတင်ပြီးသောအခါ အရှင်မဟာကဿပမထေရ်နှင့် အဓာတသတ်ဘုရင်တို့ ညှိနှိုင်း

http://www.dhammadownload.com



တိုင်ပင်ကာ မဟာသက္ကရာဇ် ၁၄၈ ခုနှစ်မှ ၁၄၇ ကို ဖြိုး၍ တစ်နှစ်ကြွင်းပြုလျက် သာသနာတော်နှစ်ကို ၁ နှစ်ဟု ထိုအချိန်မှ စတင်ရေတွက်ခဲ့ကြပါသည်။ ထိုသို့ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည့်နှစ်မှ စ၍ သာသနာတော်နှစ်ကို စတင်ရေတွက်ခဲ့ကြရာ ယနေ့အထိ ၂၅၃၃ နှစ် ရှိပါပြီဘုရား။

## ဒုတိယသံဂါယနာ တင်တော်မူကြခြင်း

ရှင်တော်မြတ်ဘုရား ပရိနိဗ္ဗာန်စံပြီးနောက် သာသနာတော်နှစ် ၁၀၀ (ယေရှုခရစ် မပေါ်မီ ၄၄၄ နှစ်) တွင် ဝေသာလီပြည်၌ ဝဇ္ဇီတိုင်းသား ရဟန်းများသည် မြတ်စွာဘုရား၏ ဝိနည်းပညတ်တော်များအနက် စည်းမျဉ်းဆယ်ချက်ကို မိမိတို့ လိုသလို အစိပ္ပါယ်ကောက်ယူလျက် ဖေါက်ဖျက်ကျူးလွန်ကာ ဝိနည်းမဟုတ်သည်ကို ဝိနည်းလုပ်၍ ကျင့်ကြံနေထိုင်ကြပါသည် ဘုရား။

ဤအကြောင်းအရာကို ဝေသာလီပြည်သို့ ဒေသစာရီ ကြွချီတော်မူလာသော အရှင်ယသမထေရ် သိတော်မူသော အခါ သာသနာတော်၏ အန္တရာယ်ကို မြင်တော်မူသဖြင့် ဈာန်အဘိညာဏ်ရ ပဋိသမ္ဘိဒါပတ္တ ရဟန္တာအရှင်မြတ်ကြီးများ အပါအဝင် သံဃာတော် တစ်သန်း နှစ်သိန်း ကြွရောက်

http://www.dhammadownload.com



သော သံဃာ့အစည်းအဝေးကြီး ပင့်ဖိတ် ကျင်းပတော်မူပါသည်ဘုရား။

ထိုသံဃာ့အစည်းအဝေးကြီး၌ ရဟန္တာအရှင်မြတ်ကြီး အရှင်ရေဝတမထေရ်က ဝဇ္ဇီတိုင်းသားရဟန်းများ လိုက်နာ ကျင့်ကြံနေသော ဝိနည်းစည်းမျဉ်း ဆယ်ချက်ကို တစ်ချက်ချင်းမေးတော်မူ၍ ရဟန္တာအရှင်မြတ်ကြီး အရှင်သဗ္ဗကာမီမထေရ်က ဖြေတော်မူပြီးလျှင် ဝဇ္ဇီရဟန်းတို့၏ အယူအဆ မှားယွင်းကြောင်း သံဃာ့အစည်းအဝေးကြီးက အတည်ပြု ဆုံးဖြတ်တော်မူကြပါသည် ဘုရား။

ထိုသို့ ဆုံးဖြတ်တော်မူကြပြီးနောက် အဓမ္မဝါဒီ ဝဇ္ဇီတိုင်းသား ရဟန်းများကို သံဃာ့ကံပြု၍ နှင်ထုတ်လိုက်ကြပြီးလျှင် ဈာန်အဘိညာဏ်ရ ပဋိသမ္ဘိဒါပတ္တ ရဟန္တာမထေရ်မြတ်ကြီး ၇၀၀ တို့က ဝေသာလီပြည်၊ ဝါလိကာရုံ ကျောင်းတော်၌ ၈ လတိုင်တိုင် ရှင်တော်မြတ်ဘုရား၏ တရားတော်များကို ဒုတိယအကြိမ် သံဂါယနာ တင်တော်မူကြပါသည် ဘုရား။

ထိုဒုတိယသံဂါယနာပွဲသဘင် ဆင်ယင်ကျင်းပနိုင်ရေးအတွက် ဝေသာလီပြည့်ရှင် ကာလာသောကဘုရင်က အဘက်ဘက်မှ တာဝန်ယူကာ ပစ္စည်းလေးပါး လှူဒါန်းထောက်ပံ့ပါသည် ဘုရား။

http://www.dhammadownload.com



စင်ပြိုင်သံဂါယနာ သံဃာ့ကံပြု၍ နှင်ထုတ်ခြင်းခံရသော ဝဇ္ဇီတိုင်းသား ရဟန်းများသည် ဝေသာလီပြည်မှ ထွက်ခွါသွားကြပြီးလျှင် အဓမ္မဝါဒီ အချင်းချင်း သဘောတူရာ သံဃာများ ဒါယကာများကို စည်းရုံးလှုံ့ဆော်ကာ ကောသမ္ဗီပြည်၌ သံဃာတစ်သောင်းဖြင့် စင်ပြိုင်သံဂါယနာ တင်ခဲ့ကြပါသည် ဘုရား။

ထိုဝဇ္ဇီရဟန်းတို့က ယင်းတို့၏ သံဂါယနာသည် သံဃာတစ်သောင်း ပါဝင်သဖြင့် ပိုမိုကြီးကျယ်သော သံဂါယနာဖြစ်၍ မဟာသင်္ဂီတိဟု သူတို့ဘာသာ နာမည် တပ်လိုက်ကြပါသည်။ သူတို့ဂိုဏ်းကိုလည်း မဟာသင်္ဂီတိ ဂိုဏ်းဟူ၍ လည်းကောင်း၊ မဟာသံဃိကဂိုဏ်းဟူ၍ လည်းကောင်း နာမည် တပ်လိုက်ကြပါသည်ဘုရား။

ထိုမဟာသင်္ဂီတိဂိုဏ်း၊ မဟာသံဃိကဂိုဏ်းသည် နှောင်သောအခါ သာသနာနှစ် ၁၀၀၀ ခန့်တွင် ထင်ရှားလာမည့် မဟာယာနဗုဒ္ဓဘာသာဂိုဏ်း ပေါ်ပေါက်ဖို့ရာ မျိုးစေ့ တစ်စေ့ ဖြစ်ပါသည် ဘုရား။

ယခုအခါ ထိုမဟာသံဃိက မျိုးစေ့မှ အညှောက်ထွက် အပင်ပေါက်ကာ အဖူးအပွင့်တွေ ဝေဆာလာသော မဟာယာနဗုဒ္ဓဘာသာဂိုဏ်းမှာ တိဘက်၊ ဆိကင်၊ ဘူတန်၊ နီပေါ၊ မွန်ဂိုလီးယား၊ ဗီယက်နမ်၊ တရုတ်၊ ကိုရီးယား၊ ဂျပန်နိုင်ငံများတွင် စည်ပင်ပြန့်ပွါး ထွန်ကားလျက်

http://www.dhammadownload.com



ရှိပါသည်။ အချို့သော အာရှ၊ ဥရောပ၊ အမေရိက တိုက်နိုင်ငံများသို့လည်း တစ်စတစ်စ ပျံ့နှံ့လျက် ရှိပါသည်ဘုရား။

## တတိယသံဂါယနာ တင်တော်မူကြခြင်း

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာသနာတော်နှစ် ၁၀၀ တွင် ထေရဝါဒ ဗုဒ္ဓသာသနာမှ မဟာသံဃိကဂိုဏ်း ခွဲထွက်သွားသည့် အချိန်မှ စ၍ ဓမ္မဝိနယ အယူအဆ မတူကြခြင်းကြောင့်လည်းကောင်း၊ ခေတ်ကာလ၊ နေရာ ဒေသ၊ အခြေအနေနှင့် လူတို့၏စရိုက်သို့ လိုက်၍ တရားတော်များကို ပြုပြင်၊ ဖြည့်စွက် ပယ်ဖျက်ကြခြင်းကြောင့်လည်းကောင်း ထေရဝါဒ ပင်မဗုဒ္ဓဘာသာမှ ၁၁ ဂိုဏ်း၊ မဟာသံဃိကဂိုဏ်းမှ ၅ ဂိုဏ်း ထပ်မံ ခွဲထွက်ကြပြန်ရာ နှစ်အနည်းငယ် အတွင်းမှာပင် ဗုဒ္ဓဘာသာဂိုဏ်းပေါင်း ၁၈ ဂိုဏ်းအထိ ရှိလာပါသည်ဘုရား။

သာသနာတော်နှစ် ၂၂၈ နှစ်ခန့် ရောက်သောအခါ ပါဋလိပုတ်ပြည့်ရှင် သီရိဓမ္မာသောက ဘုရင်ကြီးသည် သာသနာတော်ကို ကြည်ညိုလှ၍ သူမတူအောင် ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့လှူဒါန်းရကား သာသနာ့ဝန်ထမ်းရဟန်းသံဃာများမှာ ပစ္စည်းလေးပါး ပေါများ၍ ချမ်းသာစွာ သီတင်းသုံးကြရပါသည်။ ဤအချက်ကို သိမြင်ကြသော

http://www.dhammadownload.com



တိတ္ထိတက္ကတွန်းများ၊ ပရိဗိုဇ်များသည် စားဝတ်နေရေး ချမ်းသာစေရန် ရည်ရွယ်ချက်ဖြင့် မိမိတို့ဘာသာ သင်္ကန်း ဝတ်၍လည်းကောင်း၊ သာသနာတော်ကို ကြည်ညိုလေဟန် ရဟန်းအဖြစ် ခံယူ၍လည်းကောင်း ရဟန်းဘောင်သို့ ဝင်ရောက်လာကြပါသည်။ ဗုဒ္ဓသာသနာတော်တွင်းသို့ ရောက်သောအခါ၌မူ မိမိတို့၏ တိတ္ထိအယူကိုသာ ဟောပြော ကျင့်ကြံ ကြပါသည် ဘုရား။

ဤသို့ဖြင့် ဗုဒ္ဓသာသနာတော်ကြီးသည် ဝိုဏ်း အမျိုးမျိုး အယူဝါဒ အမျိုးမျိုး ရောထွေးရှုပ်ပွေလာရာ သံဃာမစင်ကြယ်သဖြင့် ပါဠိလိပုတ်ပြည်၊ အသောကာရုံ ကျောင်းတော်ကြီး၌ ရဟန်းကောင်းများသည် ၇ နှစ်တိုင်တိုင် ဥပုသ်မပြုဘဲနေခဲ့ကြရပါသည်။ ဤအခြင်းအရာကို မင်းကြီး သိတော်မူသောအခါ သံဃာတော်များနှင့် တိုင်ပင်၍ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်ကို ပင့်ပြီးလျှင် ရဟန်းများ ကို အယူဝါဒတူရာ တစ်စုချင်း စစ်ဆေး မေးမြန်းကာ ဗုဒ္ဓရှင်တော်မြတ်၏ အယူဝါဒနှင့် ဆန့်ကျင်သော ရဟန်းများ ကို လူဝတ်လဲစေခြင်း၊ ထေရဝါဒ ပင်မဗုဒ္ဓဘာသာမှ တစ်ပါး အခြားဝိုဏ်း ၁၇ ဝိုဏ်းဝင် ရဟန်းများကိုလည်း နှင်ထုတ်ခြင်းအားဖြင့် သာသနာတော် သန့်ရှင်းစင်ကြယ် ရေးတို့ကို ဆောင်ရွက်တော်မူခဲ့ပါသည် ဘုရား။

http://www.dhammadownload.com



သာသနာတော် သန့်ရှင်း စင်ကြယ်သောအခါ ပါဋလိပုတ်ပြည်၊ အသောကာရုံ ကျောင်းတော်ကြီး၌ ထေရဝါဒ သံဃာတော် ၆ သန်း စုဝေး၍ ဥပုသ်ပြုတော်မူကြပါသည်။ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်သည် ထိုသံဃာတော် ၆ သန်းထဲမှ ချွန်အဘိညာဏ်ရ ပဋိသမ္ဘိဒါပတ္တ ရဟန္တာမထေရ်မြတ်ကြီး ၁၀၀၀ ကိုရွေးချယ်၍ ရှင်တော်မြတ်ဘုရား၏ တရားတော် များကို တတိယအကြိမ် သံဂါယနာ တင်တော်မူကြပါသည် ဘုရား။

၎င်း တတိယသံဂါယနာကို သီရိဓမ္မာသောကမင်းကြီး၏ အကူအညီ အထောက်အပံ့ဖြင့် သာသနာတော် ၂၃၅ ခုနှစ်၊ (ခရစ်မပေါ်မီ ၃၀၉ နှစ်) နယုန်လမှ တပို့တွဲလအထိ ၉ လတိုင်တိုင် အောင်မြင်စွာ တင်တော်မူခဲ့ကြပါသည်ဘုရား။

၎င်း တတိယသံဂါယနာမတင်မီ ထေရဝါဒမှ တပါးသော ဂိုဏ်း ၁၇ ဂိုဏ်း၏ အယူဝါဒများ မှားယွင်းကြောင်းကို အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်သည် စိစစ်ဝေဖန်ကာ ရှင်းလင်းဟောကြားတော်မူပါသည်။ ယင်းသို့ ရှင်းလင်း ဟောကြားတော်မူရာတွင် မြတ်စွာဘုရား အဘိဓမ္မာ တရားကို ဟောကြားတော်မူစဉ်က ထားတော်မူခဲ့သော မာတိကာ စကားကို အကျယ်ချဲ့၍ ဟောကြားတော်မူခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အရှင်မြတ်၏ ဟောကြားတော် မူချက်များကို ကထာဝတ္ထုကျမ်းဟူသော အမည်ဖြင့် အဘိဓမ္မာပိဋကတ်၌

http://www.dhammadownload.com



သွင်းလျက် တတိယသံဂါယနာ တင်တော် မူခဲ့ကြပါသည် ဘုရား။

**စင်ပြိုင်သံဂါယနာ** ဤတတိယသံဂါယနာပွဲမှ အပယ် ခံရသော သဗ္ဗတ္ထိဝါဒ စသော ဂိုဏ်း အချို့သည် အချင်းချင်း တိုင်ပင် ညှိနှိုင်း၍ ရာဇဂြိုဟ်မြို့အနီးရှိ နာလန္ဒမြို့၌ စင်ပြိုင်သံဂါယနာ တင်ခဲ့ကြပါသည် ဘုရား။

**သာသနာပြု စေလွှတ်တော်မူခြင်း** ဤတတိယ သံဂါယနာပွဲ အပြီး တွင် အခြေအနေ အရပ်ရပ်ကို ခြုံငုံသုံးသပ်သည့်အခါ ဆန့်ကျင် ဘက် ဂိုဏ်း ၁၇ ဂိုဏ်းတို့သည် ဗြဟ္မဏဝါဒီ၊ ဂျိန်းဝါဒီများနှင့် တစ်စ တစ်စ ရောနှော ပူးပေါင်းကာ အင်းအားကောင်းစေရန် ကြိုးပမ်း အားထုတ်နေသည်ကို ရဟန္တာ အရှင်မြတ်ကြီးများ တွေ့မြင် တော်မူကြရပါသည်။

ဤအချင်းအရာကို ထောက်ဆ၍ မဖ္ဖိမဒေသ၌ နောင်သောအခါ ထေရဝါဒ သာသနာ ကြာရှည်စွာ တည်တံ့ နိုင်မည် မဟုတ်ကြောင်းကို ကြိုတင် သိမြင်တော်မူသော အရှင်မောဂ္ဂလိပုတ္တတိဿမထေရ် အမှူးပြုသော ရဟန္တာ အရှင်မြတ်ကြီးများသည် သင့်လျော်သော ရဟန္တာမထေရ် မြတ်ကြီးများကို ရွေးချယ်ပြီးလျှင် ကသ္မီရနှင့် ဂန္ဓာရတိုင်း၊ မဟိံသတိုင်း၊ ဝနဝါသီတိုင်း၊ အပရန္တတိုင်း၊ မဟာရဋ္ဌတိုင်း၊

http://www.dhammadownload.com



ယောနကတိုင်း၊ ဟိမဝန္တာဒေသ၊ သုဝဏ္ဏဘူမိ၊ တမ္ဗပဏ္ဏိ အမည်ရှိသော သီဟိုဠ်ကျွန်း၊ ဤ ကိုးတိုင်း ကိုးဌာနသို့ သာသနာပြု စေလွှတ်တော်မူခဲ့ကြပါသည်ဘုရား။

## စတုတ္ထသံဂါယနာ တင်တော်မူကြခြင်း

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက် ၂၃၅ နှစ် အကြာ တတိယသံဂါယနာတင်အပြီးတွင် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်နှင့် အသောကမင်းကြီးတို့၏ စီစဉ်ချက်အရ ဓမ္မာသောကမင်းကြီး၏ သားတော် အရှင်မဟိန္ဒမထေရ် အမှူးပြုသော ရဟန္တာမထေရ် ငါးပါးသည် သီရိလင်္ကာ သီဟိုဠ်ကျွန်းသို့ သာသနာပြု ကြွတော်မူကြရပါသည်။ ထိုအချိန်မှစ၍ သီဟိုဠ်ကျွန်း၌ ထေရဝါဒ သာသနာရောင် ထွန်းပြောင်လာခဲ့ပါသည် ဘုရား။

သာသနာတော်နှစ် ၄၅၀ ခန့်သို့ရောက်သောအခါ အမြော်အမြင် ကြီးမားတော်မူကြသော သီဟိုဠ်မထေရ်မြတ်ကြီးများသည် "နှောင်းသောအခါ လူတို့သန္တာန်၌ သတိ၊ ပညာ ဆုတ်ယုတ်အားနည်းလာလျှင် ဘုရားရှင်၏ တရားတော်များကို နှုတ်တက်အာဂုံ ဆောင်နိုင်ကြမည် မဟုတ်ပေ၊ ထိုအခါ သာသနာတော် မှေးမှိန် ကွယ်ပျောက် သွားနိုင်ပေသည်" ဟု ဆင်ခြင်တော်မူမိကြသဖြင့် အရှင်မဟာဓမ္မရက္ခိတ အမှူးပြုသော ရဟန္တာ မထေရ်မြတ်ကြီး ၅၀၀

http://www.dhammadownload.com



တို့သည် စတုတ္ထသံဂါယနာ တင်သည့်အနေဖြင့် မြတ်စွာဘုရား၏ တရားတော်များကို မလယဖနေပုဒ် အလောကလိုဏ်ဂူကျောင်း၌ ဆယ်ထက်အက္ခရာ တင်တော်မူကြပါသည်ဘုရား။

ဤ စတုတ္ထသံဂါယနာ တင်သည့်အချိန်မှာ ခရစ်မပေါ်မီ ၉၄ နှစ်ခန့်၊ ဝဋ္ဋဂါမဏိမင်း၏ လက်ထက်တော်အခါ ဖြစ်ပါသည်ဘုရား။

## ပဉ္စမသံဂါယနာ တင်တော်မူကြခြင်း

သာသနာတော် ၂၄၀၀ ကျော်သောအခါ မန္တလေးနေပြည်တော်တွင် မင်းတုန်းမင်းတရားကြီးသည် ပိဋကတ်တော်များ မူအကွဲကွဲ ရှိနေသည်ကို တညီတည်း ဖြစ်စေရန်နှင့် အရှည်တည်တံ့စေရန် ရည်သန်၍ ထင်ရှားသော ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူပြီးလျှင် မြန်မာနှစ် ၁၂၂၂ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်နေ့မှ ၁၂၃၀ ပြည့်နှစ် ကဆုန်လဆန်း ၁၄ ရက်နေ့အထိ ၈ နှစ်တိုင်တိုင် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ ပါဠိတော်များကို ဖြူဖွေးချောမွတ်သော စကျင်ကျောက်ပြားကြီး ၇၂၉ ချပ် ပေါ်တွင် အက္ခရာထွင်း၍ ကျောက်ထက်အက္ခရာ တင်ခဲ့ပါသည် ဘုရား။

ကျောက်ထက်အက္ခရာတင်ပြီးသောအခါ မြန်မာနှစ် ၁၂၃၀ ပြည့်နှစ်မှ ၁၂၃၃ ခုနှစ်အထိ သုဓမ္မာ ဆရာတော်ကြီး

http://www.dhammadownload.com



များ အမှူးပြုသော သံဃာတော် ၂၄၀၀ တို့က စုပေါင်းညီညာ ရွတ်ဆိုကာ ပဥ္စမသံဂါယနာ တင်တော်မူကြပါသည်ဘုရား။

## ဆဋ္ဌသံဂါယနာ တင်တော်မူကြခြင်း

သာသနာတော်နှစ်၊ ၂၄၉၈ – ခုနှစ်၊ မြန်မာနှစ် ၁၃၁၆ ခုနှစ် ရောက်သောအခါ ဘုရားဟော ပိဋကတ်တော်တို့၌ ပုဒ် ပါဠ် အက္ခရာ အမှားအယွင်း တတ်နိုင်သမျှ ကင်းရှင်းစေရန်နှင့် သန့်စင်ပြီး ပိဋကတ်တော်တို့ကို ကျမ်းစာအုပ် အဖြစ် ပုံနှိပ်ပြီးလျှင် ကမ္ဘာအနှံ့ ဖြန့်နိုင်ရန် ရည်သန်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် သမ္မတကြီး ဦးဘဦးနှင့် ဝန်ကြီးချုပ် ဦးနု အမှူးပြုသော ပြည်သူလူထု အပေါင်း၏ ပစ္စည်းလေးပါး အထောက်အပံ့ဖြင့် မြန်မာ၊ ထိုင်း၊ သီဟိုဠ်၊ လော၊ ကမ္ဘောဒီးယား ဟူသော ထေရဝါဒ ငါးနိုင်ငံတို့မှ သံဃာတော် ၂၅၀၀ ကျော်တို့သည် ရန်ကုန်မြို့၊ ကမ္ဘာအေး၊ မဟာပါသာဏ လိုဏ်ဂူတော်ကြီးအတွင်း၌ စုပေါင်း ညီညာ ရွတ်ဆိုကာ ဆဋ္ဌသံဂါယနာ တင်တော်မူခဲ့ကြပါသည် ဘုရား။

ဤ ဆဋ္ဌသံဂါယနာပွဲ၌ ဘုရားဟော ပါဠိတော်တို့ကို သာသနာတော်နှစ် ၂၄၉၈ ခုနှစ်မှ ၂၅၀၀ ပြည့်နှစ် အထိ၊ မြန်မာနှစ် ၁၃၁၆ ခုနှစ် ကဆုန်လပြည့်နေ့မှ ၁၃၁၈ ခုနှစ်၊ ကဆုန်လပြည့်နေ့ အထိ ၂ နှစ်တိုင်တိုင် သံဂါယနာ တင်တော်မူကြပါသည် ဘုရား။

http://www.dhammadownload.com



ပါဠိတော်များကို သံဂါယနာတင်ပြီးသောအခါ အဋ္ဌကထာ၊ ဋီကာများကိုလည်း ဆက်လက်၍ သံဂါယနာ တင်တော်မူကြပါသည် ဘုရား။

## အခြားသံဂါယနာများ

သီရိလင်္ကာနိုင်ငံ မဟာဝံသကျမ်းနှင့် ထိုင်းနိုင်ငံ သင်္ဂီတိဝံသ ကျမ်းတို့၌ ဖော်ပြထားသော အခြား သံဂါယနာ များလည်း ရှိပါသေးသည်။ သို့သော်လည်း ယင်း သံဂါယနာ များသည် ကမ္ဘာ့ဗုဒ္ဓဘာသာဝင် အားလုံးက သံဂါယနာဟု အသိအမှတ် ပြုရလောက်အောင် မထင်ရှားကြပါ ဘုရား။

ယင်းသံဂါယနာများမှာ –

၁။ သီဟိုဠ်ကျွန်းသို့ သာသနာရောက်ပြီး မကြာမီ ဒေဝါနံပိယတိဿမင်းကြီး လက်ထက် ဘီစီ ၃ ရာစု ကုန်ခါနီးတွင် အနုရာဓမြို့၊ ထူပါရုံကျောင်းတော်၌ အရိဋ္ဌ မထေရ် ဦးဆောင် ကျင်းပသော သံဂါယနာ၊

၂။ ခရစ်နှစ် ၅၁၆ ခုနှစ်တွင် သီဟိုဠ်ကျွန်း မဟာနာမမင်း လက်ထက်၌ အရှင်မဟာဗုဒ္ဓဃောသ မထေရ် ဦးဆောင် ကျင်းပသော သံဂါယနာ၊ [ ဤ သံဂါယနာမှာ အရှင် မဟာဗုဒ္ဓဃောသမထေရ် အဋ္ဌကထာများကို သီဟိုဠ် ဘာသာမှ ပါဠိဘာသာသို့ ပြန်ဆိုခြင်းကိုပင် သင်္ဂီတိဝံသ ကျမ်းက သံဂါယနာ ဟု ဖော်ပြထားခြင်း ဖြစ်ပါသည်။]

http://www.dhammadownload.com



၃။ ခရစ်နှစ် ၁၈၆၅ ခုနှစ်၌ သီဟိုဠ်ကျွန်း ရတနပူရ မြို့၌ ဟိကဒူဝေ သိရိသုမင်္ဂလမထေရ် ဦးဆောင်ကျင်းပသော သံဂါယနာ၊

၄။ သာသနာနှစ် နှစ်ထောင်ကျော်တွင် သီဟိုဠ်ကျွန်း မဟာပရက္ကမဗာဟု မင်းကြီးလက်ထက်၌ မဟာကဿပ မထေရ်ဦးစီးကျင်းပသော သံဂါယနာ၊ [ ဤ သံဂါယနာမှာ အဋ္ဌကထာ သံဂါယနာသာ ဖြစ်သည် ဟု သိရပါသည်။ ]

၅။ ထိုင်းနိုင်ငံ အယုဒ္ဓယခေတ်ဦး သာသနာနှစ် ၂၀၂၀ ခုနှစ်တွင် တိလောကရာဇမင်း လက်ထက် ဇင်းမယ်မြို့၊ မဟာဗောဓိကျောင်းတိုက် အတွင်း၌ ကျင်းပသော သံဂါယနာ၊

၆။ အယုဒ္ဓယမြို့ ပျက်ပြီးနောက် သာသနာနှစ် ၂၃၃၁ ခုနှစ်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ပထမရာမမင်း လက်ထက်တွင် ကျင်းပသော သံဂါယနာများ ဖြစ်ကြပါသည် ဘုရား။

http://www.dhammadownload.com

# ဗုဒ္ဓသာသနာ စတင်ပြန့်ပွားပုံ

## မြန်မာပြည်၌ ဗုဒ္ဓသာသနာ စ,တင်ပြန့်ပွါးပုံ

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း ၂၃၅ နှစ် အကြာတွင် သာသနာတော် သန့်ရှင်း စင်ကြယ်ရေး အတွက် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်နှင့် အသောက မင်းကြီးတို့ ဦးဆောင်၍ တတိယသံဂါယနာ တင်ခဲ့ကြရ ပါသည်။

ထို တတိယသံဂါယနာ အပြီး မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် ၂၃၆ နှစ် အကြာတွင် ၉ တိုင်း၊ ၉ ဌာနသို့ သာသနာပြု စေလွှတ်ကြောင်းကို မဟာဝံသကျမ်း၌ ဖော်ပြထားပါသည်။ ထိုသို့ စေလွှတ်ရာတွင် အရှင်သောဏ နှင့် အရှင်ဥတ္တရမထေရ်တို့ကို သုဝဏ္ဏဘူမိသို့ စေလွှတ်ခဲ့ ပါသည်။ ထိုစဉ်က သုဝဏ္ဏဘူမိဆိုသည်မှာ ယခု တနင်္သာရီ ကမ်းရိုးတန်း အပါအဝင် အင်ဒိုချိုင်းနား ကျွန်းဆွယ် တစ်ခုလုံးနှင့် ဆုမတြာကျွန်းတို့ ဖြစ်ဖွယ်ရှိကြောင်း သုတေသန ပညာရှင်များ ယူဆကြပါသည်။

ဆုမတြာကို ရှေးက သုဝဏ္ဏဒွိပဟု ခေါ်ဝေါ်ကြပါသည်။

http://www.dhammadownload.com



သို့ဖြစ်၍ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း ၂၀၀ ကျော်အကြာ၊ အိန္ဒိယပြည် အသောက မင်းကြီးတို့ လက်ထက်မှာပင် မြန်မာပြည် အောက်ပိုင်းသို့ ဗုဒ္ဓသာသနာတော် စ,တင် ရောက်ရှိနေပြီ ဖြစ်ကြောင်း မှတ်သားရပါသည် ဘုရား။

ထို့နောက် ခရစ်နှစ် ၄၀၀ ခန့်တွင် သရေခေတ္တရာ ပြည်၌ ဗုဒ္ဓသာသနာတော် ပြန့်ပွားနေကြောင်းကို ပြည်မြို့အနီး သရေခေတ္တရာမြို့ဟောင်း နေရာ၌ တူးဖော် တွေ့ရှိရသော ရှေးဟောင်းပစ္စည်း အထောက်အထားများအရ သိရပါသည်။ ယင်း ဗုဒ္ဓသာသနာမှာ အိန္ဒိယပြည် အရှေ့တောင်ကမ်းရိုးတန်း ကဉ္စိပူရ၊ နာဂပဋ္ဋန် စသော ဒေသများမှ ပြန့်ပွားလာသော ထေရဝါဒ ဗုဒ္ဓသာသနာဟု ယူဆရပါသည် ဘုရား။

ထို့နောက် အနော်ရထာဘုရင်၏ ခေတ်မတိုင်မီ ခရစ်နှစ် ၉ ရာစုခန့်က ပုဂံပြည်သို့ အရည်းကြီး သာသနာ စ,တင် ရောက်ခဲ့ပါသည်။ ယင်း အရည်းကြီး သာသနာ ဆိုသည်မှာ မန္တန်, မန္တရား, အင်းအိုင်, ခလှဲ့, လက်ဖွဲ့ အဆောင်များ၊ စုန်း,, ကဝေ, တစ္ဆေအတတ်, မှော်ဆရာ အတတ်, ပျောက်စေဆရာ အတတ်များကို ယုံကြည် ကိုးကွယ်သော မဟာယာနဂိုဏ်းခွဲ တန္တရဗုဒ္ဓဘာသာဂိုဏ်း ဖြစ်ပါသည်။ ယင်း တန္တရဂိုဏ်းမှာလည်း ဟိန္ဒူပြဟ္မဏတို့၏ တန္တရဝါဒကို ဗုဒ္ဓဘာသာနှင့် ရောနှော၍ ဗုဒ္ဓဘာသာအတွင်း

http://www.dhammadownload.com



သွတ်သွင်းထားသောဂိုဏ်း ဖြစ်ပါသည်။ ဟိန္ဒူတို့၏ တန္တရဝါဒသည် ဖိုမဆက်ဆံရေးကိုပါ ဘာသာရေး အရေးခြုံထားသဖြင့် ထိုဂိုဏ်းမှ ဆင်းသက်လာသော ဗုဒ္ဓဘာသာတန္တရဂိုဏ်းပျက် ဖြစ်သည့် အရည်းကြီးရဟန်းတို့ ပန်းဦးဆွတ်ဝါဒကို ကျင့်သုံးကြခြင်း ဖြစ်ပါသည် ဘုရား။

ထိုအချိန်၌ အိန္ဒိယပြည် အရှေ့ပိုင်း နှင့် အရှေ့မြောက်ပိုင်းတို့တွင် မဟာယာန တန္တရဗုဒ္ဓဘာသာဂိုဏ်း ပြန့်ပွါးလျက်ရှိသဖြင့် ထိုအရပ်ဒေသများမှ ပုဂံပြည်သို့ တန္တရဂိုဏ်းပျက် အရည်းကြီးရဟန်းဝါဒ ပြန့်နှံ့ ရောက်ရှိလာခြင်း ဖြစ်သည်ဟု ယူဆရပါသည် ဘုရား။

ခရစ်နှစ် ၁၀၀၀ ခန့်၌ သထုံပြည်မှ ကြွလာသော ဓမ္မဒဿီ အမည်ရသော ရှင်အရဟန် ဟောပြောညွှန်ပြသည့် ထေရဝါဒဗုဒ္ဓဘာသာ တရားစစ် တရားမှန်ကို အနော်ရထာဘုရင် ယုံကြည် ကိုးကွယ်မိမှပင် တန္တရဘာသာဝင် အရည်းကြီး ရဟန်းတို့ကို ဖယ်ရှားပြီးလျှင် ထေရဝါဒ ဗုဒ္ဓသာသနာ ပြန့်ပွါးရေးကို အားကြိုးမာန်တက် ဆောင်ရွက်ရပါသည်။ ထိုအချိန်မှစ၍ ယခုအချိန်အထိ မြန်မာပြည်၌ ထေရဝါဒ ဗုဒ္ဓသာသနာတော် အဆက်မပြတ် စည်ပင်ပြန့်ပွါးထွန်းကား လာခဲ့ပါသည် ဘုရား။

http://www.dhammadownload.com



## သီရိလင်္ကာ၌ ဗုဒ္ဓသာသနာ စ,တင်ပြန့်ပွါးပုံ

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံပြီးနောက် ၂၃၅ နှစ်၌ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်နှင့် အသောကမင်းကြီးတို့ ဦးဆောင်၍ ပါဋလိပုတ်မြို့၌ တတိယသံဂါယနာ တင်ကြပါသည်။ သံဂါယနာတင်ပွဲ ပြီးစီး အောင်မြင်သော အခါ အသောကမင်းကြီး၏ သားတော် အရှင်မဟိန္ဒမထေရ် ဦးဆောင်သော သံဃာတော် ၅ ပါးကို ယခု သီရိလင်္ကာဟု ခေါ်သော သီဟိုဠ်ကျွန်းသို့ သာသနာပြု စေလွှတ်ကြပါသည်။ ထိုအချိန်မှ စ,၍ သီဟိုဠ်ကျွန်း၌ ထေရဝါဒ ဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွါး ထွန်းကားခဲ့ပါသည် ဘုရား။

ထို့နောက် မကြာမီပင် သီဟိုဠ် အမျိုးသမီးများကို ရဟန်းမ ပြုပေးဖို့ရာ သမီးတော် သံဃမိတ္တာထေရီကိုလည်း သီရိလင်္ကာသို့ စေလွှတ်တော် မူပါသည်။ သံဃမိတ္တာသည် ဗုဒ္ဓဂယာ မဟာဗောဓိ ညောင်ပင်မှ မျိုးပွါး၍ ပျိုးထားသော ဗောဓိပင်ပေါက် တစ်ပင်ကိုပါ သီရိလင်္ကာသို့ ပင့်ဆောင် သွားရာ ယခုတိုင် ရှင်သန်လျက် ရှိပါသည် ဘုရား။

ထိုအချိန်မှာ ခရစ်မပေါ်မီ နှစ်ပေါင်း ၂၀၀ ကျော် အချိန်ဖြစ်ပါသည်။ ထိုစဉ်က အုပ်စိုးသော ဘုရင်မှာ ဒေဝါနံပိယတိဿမင်းကြီး ဖြစ်၍ သာသနာတော်ကို အလွန် ကြည်ညိုသောမင်း ဖြစ်ပါသည်။ ဘုရင်နှင့် အရှင် မဟိန္ဒမထေရ်တို့ တိုင်ပင်၍ မဟာဝိဟာရ ကျောင်းတိုက်ကြီး

http://www.dhammadownload.com



ကိုလည်း တည်ထောင်ကြပါသည်။ နှောင်နှစ်ပေါင်း ၁၀၀ ခန့်အကြာတွင် ဒုဋ္ဌဂါမဏိ မင်းကြီးက အနုရာဓမြို့၌ မဟာစေတီတော်ကြီးကို တည်ထား ကိုးကွယ်ပါသည်။

ခရစ်မပေါ်မီ တစ်ရာစုတွင် ဝဋ္ဋဂါမဏိမင်းက အဘယဂိရိ ကျောင်းတိုက်ကြီးနှင့် အဘယဂိရိ စေတီတော်ကို တည်ပါသည်။ ခရစ်နှစ် လေးရာစုတွင် မဟာသေနမင်းက ဇေတဝန ကျောင်းတိုက်ကြီးနှင့် ဇေတဝန စေတီတော်ကြီးကို တည်ထား ကိုးကွယ်ပါသည် ဘုရား။

အဘယဂိရိ သံဃာများသည် မူလက မဟာဝိဟာရ သံဃာများနှင့် အယူအဆတူမျှကြ၍ တစ်လုံးတစ်စည်းတည်း ဖြစ်သော်လည်း မကြာမီပင် အယူအဆ မတူကြပဲ ဂိုဏ်း သီးခြားထောင်၍ ခွဲထွက်ကြကာ မဟာယာနဗုဒ္ဓဘာသာ တရားများကို အလေးထား သင်ကြား လာကြပါသည်။ ဘုရင်ကလည်း မင်းဆရာများဖြစ်သည့် အဘယဂိရိဂိုဏ်း သားများကိုသာ အလေးထား၍ လေးစားကြည်ညို ပါသည်။

ထိုအချိန်တွင် ဗြဟ္မဏတိဿ သူပုန်ဘေး၊ ငတ်မွတ် ခေါင်းပါးခြင်းဘေး၊ နိုင်ငံရေး မငြိမ်မသက်ခြင်းဘေး စသော ဘေးရန်များလည်း ထူပြောသောအချိန် ဖြစ်ပါသည်။

ထို့ကြောင့် သာသနာတော်၏ ရှေ့ရေးကို မြော်တွေး ဆင်ခြင်မိကြသော မဟာဝိဟာရဂိုဏ်းသား သံဃာများသည်

http://www.dhammadownload.com



မြို့တော်နှင့်ဝေးရာ အလောကဝိဟာရ၌ ဘုရားဟော တရားတော်များကို ပေရွက်တွင် အက္ခရာတင်၍ စတုတ္ထသံဂါယနာ တင်ကြပါသည်။ ထို စတုတ္ထသံဂါယနာ မတင်မီကမူ တရားတော်များကို အစဉ်အဆက် နှုတ်တက် အာဂုံ ဆောင်ခဲ့ကြပါသည် ဘုရား။

ယခုမူ ထို မဟာဝိဟာရ၊ အဘယဂိရိ၊ ဇေတဝန ဂိုဏ်းများ ကွယ်ပျောက်ခဲ့သည်မှာ ကြာမြင့်ခဲ့ပါပြီ။ ယခု ထင်ရှားရှိနေသော ဂိုဏ်းများမှာ ရာမညဂိုဏ်း၊ အမရပူရဂိုဏ်း၊ ရှမ်းဂိုဏ်းများ ဖြစ်ပါသည်။

သီဟိုဠ်ကျွန်းတွင် နိုင်ငံခြား တိုင်းပြည်များ ဝင်ရောက် အုပ်စိုးခြင်းကြောင့် လည်းကောင်း၊ သဘာဝ ဘေးရန်များ ကြောင့် လည်းကောင်း သာသနာတော် မှေးမှိန် အားနည်း သော အချိန်များလည်း ရှိခဲ့ပါသည်။ ထိုအချိန်မျိုးတွင် အခြားသော ထေရဝါဒ ဗုဒ္ဓဘာသာ နိုင်ငံများ၏ အကူအညီ ကို ယူ၍ သာသနာ အားဖြည့်ကြရပါသည်။ ဤ နည်းဖြင့် ရာမညစသော ဂိုဏ်းများ ပေါ်ပေါက်လာကြပါသည်။

အောက်မြန်မာပြည် ဟံသာဝတီ ကောင်းစားစဉ်က ရာမညတိုင်း သံဃာတော်တို့၏ အကူအညီကို ယူ၍ သာသနာတော် အားဖြည့်ရသဖြင့် ရာမညဂိုဏ်း ပေါ်ပေါက် ခဲ့ပါသည်။

http://www.dhammadownload.com



ထို့အတူပင် အထက်မြန်မာပြည် အမရပူရ ကောင်းစားစဉ်က အမရပူရ သံဃာတော်များကိုပင့်၍ သာသနာအားဖြည့်ရသဖြင့် **အမရပူရဂိုဏ်း** ပေါ်ပေါက်ခဲ့ ပါသည်။

အလားတူပင် ယိုးဒယား သံဃာတော်များကို ပင့်၍ သာသနာ အားဖြည့်ရသဖြင့် ရှမ်းဂိုဏ်း ပေါ်ပေါက်လာပါသည်။ ရှေးက ယိုးဒယားနိုင်ငံကို ရှမ်း (Siam) ဟု ခေါ်ကြသဖြင့် ထိုဂိုဏ်း၏ အမည်ကိုလည်း ရှမ်းဂိုဏ်းဟု ခေါ်ကြခြင်း ဖြစ်ပါသည်။

ဒုတိယကမ္ဘာစစ် မတိုင်မီက ရွှေကျင်ဂိုဏ်း၏ ဗဟိုဌာနဖြစ်သော မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ လာရောက်၍ ပညာသင်ကြားကြသော သီဟိုဠ် သံဃာတော်များလည်း ရှိခဲ့ပါသည်။ ထိုသံဃာများထဲမှ **သီရိဓမ္မမထေရ်**သည် ကိုလံဘိုမြို့၌ **မဟာဝိသုဒ္ဓါရာမ** ကျောင်းတိုက်ကို တည်ထောင်၍ သာသနာပြုခဲ့ရာ တပည့်သံဃာများ ထွန်းကားခဲ့ပါသည်။ သို့သော်လည်း သီရိဓမ္မမထေရ် ပျံလွန်တော်မူသောအခါ နောက်ဆက်ခံသော တပည့်သံဃာများ စွမ်းရည် မထက်မြက်ကြသောကြောင့် လည်းကောင်း၊ ဂိုဏ်းသံဃာ အားနည်းသောကြောင့်လည်းကောင်း ယခုအခါ သီဟိုဠ်ကျွန်း၌ ရွှေကျင်ဂိုဏ်း မထင်ရှားတော့ပါ ဘုရား။

ရှေးက သီဟိုဠ်ကျွန်းသည် ပရိယတ်ရော ပဋိပတ်ပါ လွန်စွာ ထွန်းကားခဲ့သဖြင့် ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားရေ

http://www.dhammadownload.com



ဗဟိုဌာန ဖြစ်ခဲ့ပါသည်။ မြန်မာ၊ ယိုးဒယား၊ ကမ္ဘောဇ၊ လောနိုင်ငံများသည် ထေရဝါဒ ဗုဒ္ဓဘာသာဆိုင်ရာ စာပေ ကျမ်းဂန်များကို သီဟိုဠ်ကျွန်းမှ ရရှိခဲ့ကြပါသည်။ အရှင်မဟာဗုဒ္ဓဃောသ၊ အရှင်အာနန္ဒာ၊ အရှင်ဗုဒ္ဓဒတ္တ၊ အရှင်ဓမ္မပါလ၊ အရှင်သာရိပုတ္တရာ စသော ကျမ်းတတ် အကျော် ဆရာတော်များသည် အဋ္ဌကထာ၊ ဋီကာကျမ်းဂန် များကို ပါဠိဘာသာဖြင့် ရေးသားပြုစုခဲ့ရာ ထိုကျမ်းဂန်များကို ထေရဝါဒနိုင်ငံများ၌ ယခုတိုင် သင်ယူမှတ်သား အားထုတ် လျက် ရှိကြပါသည်ဘုရား။

## ထိုင်း (ယိုးဒယား) ၌ ဗုဒ္ဓသာသနာ စ,တင်၊ ပြန့်ပွါးပုံ

ထိုင်းနိုင်ငံ၌ ရှေးဦးစွာ နေထိုင်ကြသော လူမျိုး များသည် ထိုင်းလူမျိုးများ မဟုတ်ကြပါ။ မွန်လူမျိုးများ ဖြစ်ကြပါသည်။ ထိုင်းလူမျိုးများမှာ တရုတ်ပြည် အနောက် တောင်ပိုင်းမှ ယခု ထိုင်းနိုင်ငံဟု ခေါ်သော ဒေသသို့ ခရစ်နှစ် ၁၁ – ရာစုနှင့် ၁၂ – ရာစု အတွင်း၌ တဖြည်းဖြည်း ရွှေ့ပြောင်း ဝင်ရောက်လာကြသော လူမျိုးစု တစ်စုသာ ဖြစ်ပါသည်ဘုရား။

ထိုင်းနိုင်ငံ၏ ရှေးဦး လူမျိုးများ ဖြစ်ကြသော မွန်တို့သည် ယခုခေတ် ဗန်ကောက်မြို့တော်၏ အနောက် ဘက် မိုင် ၃၀ ခန့်ဝေးသော နခုန်ပထုမ် ဒေသ၌ စ,တင်

http://www.dhammadownload.com



နေထိုင်ကြ၍ အရှေ့ဘက်နှင့် မြောက်ဘက် အရပ်ဒေသများသို့ တစ်ဖြည်းဖြည်း ပျံ့နှံ့ နေထိုင်ကြပါသည်။ နခုန်ပထုမ်ဆိုသည်မှာ နဂရပထမ ပင်ဖြစ်၍ ပထမဆုံး တည်ထောင်သော မြို့ဟု ဆိုလိုပါသည်။ နခုန်ပထုမ် ဒေသသည် အသောကမင်းကြီး သာသနာပြု စေလွှတ်ခဲ့သော သုဝဏ္ဏဘူမိ အရပ်တွင် ပါဝင်သည်ဟု ယူဆကြပါသည်။ ယင်း အယူအဆအရဆိုသော် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း ၂၅၀ ခန့်ကပင် ယင်းဒေသ၌ ဗုဒ္ဓသာသနာတော် စ,တင် ရောက်ရှိနေပြီဟု ဆိုရပါမည်။ သို့သော်လည်း ခိုင်မာသော အထောက်အထားကား မတွေ့ရပါဘုရား။

ထိုဒေသ၌ ရှေးဟောင်းပစ္စည်းများ ဖြစ်သည့် အိန္ဒိယပြည် ဂုတ္တခေတ် ဘုရား ရုပ်ထုများ၊ စဉ့်ကွင်းများ၊ ဓမ္မစကြာ ပုံတော်များကို တူးဖော် တွေ့ရှိရပါသည်။ ယင်း အထောက်အထားများအရ ခရစ်နှစ် ၁ ရာစု၊ ၂ ရာစု လောက်မှာပင် ဗုဒ္ဓသာသနာတော် စတင် ရောက်ရှိနေပြီ ဖြစ်ကြောင်း ယူဆရပါသည် ဘုရား။

ထို ဗုဒ္ဓဘာသာဝင် မွန်လူမျိုးတို့သည် ယခု ထိုင်းနိုင်ငံ ဟုခေါ်သော ဒွါရာဝတီပြည်၌ ခရစ်နှစ် ၁၁ ရာစုအထိ ယဉ်ကျေးမှုအဆင့် မြင့်မားသော ဒေသခံ လူမျိုးများအဖြစ် နေထိုင်ခဲ့ကြပါသည် ဘုရား။

ခရစ်နှစ် ၈ ရာစု၌မူ အရှေ့ဘက် ဖူနန် (ကမ္ဘောဇ) နိုင်ငံမှ ခမာလူမျိုးတို့သည် အနောက်ဘက် မွန်တို့ နိုင်ငံသို့

http://www.dhammadownload.com



တစ်ဖြည်းဖြည်း တိုးဝင်ကာ မွန်တို့နှင့် ရောနှော နေထိုင်ခဲ့ကြပါသည်။ ထိုစဉ်က ခမာတို့သည် မဟာယာန ဗုဒ္ဓဘာသာနှင့် ဗြဟ္မဏဘာသာ (ဟိန္ဒူဘာသာ)ကို ကိုးကွယ်ကြပါသည် ဘုရား။

ခရစ်နှစ် ၉ ရာစုမှစ၍ ခမာလူမျိုးနှင့် ခမာယဉ်ကျေးမှု ပိုမိုအားကောင်းလာကာ မွန်တို့အပေါ် လွှမ်းမိုးကြီးစိုးလာခဲ့သဖြင့် ခရစ်နှစ် ၁၁ ရာစု နောက်ပိုင်းတွင် ထိုင်းနိုင်ငံ၌ မွန်ယဉ်ကျေးမှု တစ်ဖြည်းဖြည်း တိမ်ကောလာ၍ မွန်တို့သည်လည်း အနောက်ဘက်သို့ ရွှေ့ပြောင်း နေထိုင်ခဲ့ကြပါသည်ဘုရား။

ခမာ (ကမ္ဘောဇ) လူမျိုးတို့သည် ခရစ်နှစ် ၁၁ ရာစုမှ ၁၃ ရာစုနှစ် ရှေ့ပိုင်းအထိ ပိုမို အင်အားကြီးမားတန်ခိုးထွားလာခဲ့ရာ ယခု ထိုင်းနိုင်ငံ၏ မြောက်ပိုင်းနှင့် အလယ်ပိုင်းအထိ အုပ်စိုးခဲ့ကြပါသည်။ တရုတ်ပြည် အနောက်တောင်ပိုင်းမှ တောင်ဘက်သို့ တစ်ဖြည်းဖြည်း ဆင်းလာကြသော ထိုင်းလူမျိုးတို့သည် ခရစ်နှစ် ၁၁ ရာစုတွင် ကမ္ဘောဇနိုင်ငံသို့ ရောက်လာပြီးလျှင် ခမာတို့၏ အုပ်စိုးမှုအောက်၌ နေထိုင်ခဲ့ကြပါသည်။ ထို့ကြောင့် ထိုင်းတို့သည် အုပ်စိုးသူခမာတို့ ကိုးကွယ်သော မဟာယာန ဗုဒ္ဓဘာသာနှင့် ဗြဟ္မဏ ဘာသာတို့ကို ကိုးကွယ်ကြရပါသည် ဘုရား။

ခမာတို့ တန်ခိုးထွားနေသော ခေတ်ဖြစ်၍ ခမာတို့၏ မဟာယာန ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာတို့သည်

ထိုင်းလူမျိုးတို့၏ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှု ပေါ်သို့ အင်အားကြီးမားစွာ လွှမ်းမိုးခဲ့သဖြင့် ယခုတိုင် ထိုင်းတို့၏ ဓလေ့ထုံးစံနှင့် ပွဲလမ်းသဘင် အခမ်းအနားတို့၌ မဟာယာနနှင့် ဟိန္ဒူဘာသာ အရိပ်အငွေ့များကို တွေ့နေရဆဲ ဖြစ်ပါသည်ဘုရား။

ခရစ်နှစ် ၁၃ ရာစု အလယ်ပိုင်းတွင် ထိုင်းတို့သည် တစ်ဖြည်းဖြည်း အင်အားစုဆောင်း၍ ခမာတို့ကို တိုက်ထုတ် လိုက်ကြပြီးလျှင် မြောက်ပိုင်း၌ လန္နာ (Lanna) နိုင်ငံကို လည်းကောင်း၊ အလယ်ပိုင်း၌ ဆုခေါထိုင်း (Sukhothai) နိုင်ငံကို လည်းကောင်း တည်ထောင် လိုက်ကြပါသည်။ ဤ လန္နာနှင့် ဆုခေါထိုင်း နှစ်နိုင်ငံသည် ထိုင်းနိုင်ငံ၏ အစ ဖြစ်ပါသည်။ ထိုအချိန်မှ စ,၍ ထိုင်းနိုင်ငံဟု ပေါ်ပေါက်လာခဲ့ပါသည်ဘုရား။

ထိုင်းလူမျိုးတို့သည် ခမာတို့၏ လက်အောက်ခံ ဘဝ၌ပင် ခရစ်နှစ် ၁၂ ရာစု၌ ပုဂံပြည်မှ ထေရဝါဒ ဗုဒ္ဓဘာသာကို တစ်စတစ်စ လက်ခံ ကျင့်သုံးခဲ့ကြပါသည်။ လန္နာနှင့် ဆုခေါထိုင်း နှစ်နိုင်ငံကို တည်ထောင်ပြီးသည့် အချိန်တွင်မူ သဒ္ဓါတရားပြည့်၍ ဘုန်းတန်ခိုး ရှိကြသော ထိုင်းဘုရင်များသည် သီရိလင်္ကာသို့ ရဟန်းတော်များကို စေလွှတ်၍ ပညာ သင်ယူစေခြင်း၊ သီရိလင်္ကာမှ ပညာတတ် ဆရာတော်များကို ထိုင်းနိုင်ငံသို့ ပင့်ဆောင်ခြင်း စသည်ဖြင့်

http://www.dhammadownload.com



ထေရဝါဒ ဗုဒ္ဓဘာသာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ကြရာ ခမာတို့ လက်အောက်ခံ ဘဝ၌ ကိုးကွယ်ကြသော မဟာယာနနှင့် ဗြဟ္မဏဘာသာတို့ တစ်ဖြည်းဖြည်း အားသေး မှေးမှိန်ကာ ကွယ်ပျောက် သွားကြပါသည်။ ထေရဝါဒ ဗုဒ္ဓဘာသာသည်သာလျှင် ယခုအချိန်အထိ စည်ပင်ပြန့်ပွား ထွန်းကားခဲ့ရာ နိုင်ငံတော် ဘာသာပင် ဖြစ်နေပါပြီ ဘုရား။

ခရစ်နှစ် ၁၉ ရာစု အလယ်ပိုင်း၌ ထိုင်းနိုင်ငံကို အုပ်စိုးသော ဇက္ကီ ရာမမင်းဆက်ဖြစ်သည့် မောင်းကွတ် (Mongkut) ဘုရင်သည် ဘုန်းတန်ခိုး ကြီးမား၍ ဘာသာတရားကိုလည်း အလွန် ကြည်ညို ကိုင်းရှိုင်းသဖြင့် ကိုယ်တော်တိုင် ၂၇ နှစ်တိုင်တိုင် ရဟန်းပတ်ဖြင့် နေပြီးမှ မင်းပြုပါသည်။ သာသနာတော် သန့်ရှင်းစေရန်နှင့် ဝိနည်းစည်းမျဉ်း တင်းတင်းကျပ်ကျပ် လိုက်နာကျင့်ကြံစေရန် ရည်သန်၍ ထမယုတ် ဟုခေါ်သော ဓမ္မယုတ္တိဂိုဏ်းကို စ,တင် တည်ထောင်တော်မူပါသည်။ ထိုအချိန်မှ စ,၍ ထိုင်းနိုင်ငံ ဗုဒ္ဓသာသနာတော်၌ မဟာနိကာယဂိုဏ်း၊ ထမယုတ်ဂိုဏ်းဟု ဗုဒ္ဓဘာသာဂိုဏ်း နှစ်ဂိုဏ်း ဖြစ်ပေါ်လာရာ ယခုအချိန်အထိ နှစ်ဂိုဏ်းကွဲလျက် ရှိပါသည်ဘုရား။

http://www.dhammadownload.com



## ကမ္ဘောဒီးယား၌ ဗုဒ္ဓသာသနာ စ,တင် ပြန့်ပွါးပုံ

အင်ဒိုချိုင်းနား ကျွန်းဆွယ်သည် ခရစ်သက္ကရာဇ် အစပိုင်းလောက်ကတည်းကပင် အိန္ဒိယ ကုန်သည်များ ကုန်ကူးသန်း သွားလာရာ ဒေသ ဖြစ်ခဲ့ပါသည်။ အိန္ဒိယ ကုန်သည်တို့သည် ဘာသာရေး ယဉ်ကျေးမှုဓလေ့ ထုံးစံများ ကိုပါ ယူဆောင်လာခဲ့ကြရာ ယခု **ကမ္ဘူချ** ဟုခေါ်၍ ရှေးက ဖူနန်ဟုခေါ်သော **ကမ္ဘောဒီးယား** နိုင်ငံသည် စောစီးစွာပင် ဟိန္ဒူဘာသာ ဟိန္ဒူယဉ်ကျေးမှု ပြန့်နှံ့ရာ နိုင်ငံ တစ်နိုင်ငံ ဖြစ်ခဲ့ပါသည်။

ခရစ်နှစ် ၄ ရာစုတွင် ကမ္ဘောဒီးယား၌ အုပ်စိုးသော ခမာဘုရင်များသည် ဟိန္ဒူဘာသာဝင်များ ဖြစ်လာကြပါသည်။ တိုင်းသူပြည်သား ခမာလူမျိုးများသည်လည်း အများအားဖြင့် ဟိန္ဒူဘာသာဝင်များ ဖြစ်ကြပါသည်။ သဗ္ဗတ္ထိဝါဒပိုဏ်း ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသူ အနည်းအပါး ရှိကြောင်းလည်း သိရပါသည်။ တရုတ် သမိုင်းနှင့် သင်္ကရိုက်ဘာသာရေး ကျောက်စာများ အဆိုအရ ၅ ရာစုနှစ်၌ ဟိန္ဒူဘာသာနှင့်အတူ မဟာယာန ဗုဒ္ဓဘာသာလည်း ပြန့်နှံ့လျက်ရှိကြောင်း သိရပါသည်။

သိဝနတ်ဘုရားကို ကိုးကွယ်သော ဟိန္ဒူ ဗြဟ္မဏ ယဉ်ကျေးမှုသည် ခရစ်နှစ် ၆ ရာစုမှ ၁၀ ရာစုအထိ ကမ္ဘောဒီးယား၌ အင်အားကြီးမားစွာ စည်ပင်ပြန့်ပွါး

http://www.dhammadownload.com



ထွန်းကားခဲ့ပါသည်။ ၉ ရာစု ဟိန္ဒူဝါဒီ ခမာဘုရင်များသည် ကြီးမား ခန့်ညားသော ဟိန္ဒူဘုရားကျောင်းများကို တည်ဆောက်ခဲ့ကြပါသည်။ ကမ္ဘာကျော် အန်ကောဝပ် ကျောင်းကြီးမှာ ထိုခေတ်၌ တည်ဆောက်သော သိဝ နတ်ဘုရားကျောင်းကြီး ဖြစ်ပါသည်။ ၁၃ ရာစုနှစ်တွင် ခမာတို့ ဟိန္ဒူဘာသာကို စွန့်၍ ထေရဝါဒ ဗုဒ္ဓဘာသာကို ပြောင်းလဲ ကိုးကွယ်သောအခါမှသာ ဗုဒ္ဓဆင်းတုတော်များ ကိန်းဝပ်ရာ ဗုဒ္ဓဘာသာ ဘုရားကျောင်းတော်ကြီး ဖြစ်လာပါသည် ဘုရား။

ထိုခေတ်၌ ခမာတို့သည် ဟိန္ဒူဘာသာကို ပဓာန ထား၍ ကိုးကွယ်ကြသော်လည်း မဟာယာန ဗုဒ္ဓဘာသာကိုလည်း ကိုးကွယ်ကြ ထောက်ပံ့ကြပါသည်။ မဟာယာန ဗုဒ္ဓဘာသာသည် ဘုရင်များ၏ ပူဇော်မှု ထောက်ပံ့မှုကို အထိုက်အလျောက် ရလျက် ရှိပါသည် ဘုရား။

ခရစ်နှစ် ၁၁ ရာစု၌ အချို့သော ဘုရင်များသည် ဗုဒ္ဓဘာသာကို ပို၍ ကြည်ညို ကိုးကွယ်လာကြပြီးလျှင် ဗုဒ္ဓဘာသာ တိုးတက်ရေးကို အလေးပေး ဆောင်ရွက်လာကြပါသည်။ သို့သော် ထိုအချိန်၌ရှိသော ဗုဒ္ဓဘာသာမှာ မဟာယာန ဗုဒ္ဓဘာသာ သာလျှင် ဖြစ်ပါသည်။ အချို့သော ဘုရင်များမှာမူ ဘာသာနှစ်ခုလုံးကို ရောနှော ကိုးကွယ် နေကြဆဲပင် ဖြစ်ပါသည်။ ခရစ်နှစ် ၁၂ ရာစု၌မူ မြန်မာပြည်မှ

http://www.dhammadownload.com



ရဟန်းတော် တစ်ပါးသည် ကမ္ဘောဒီးယားသို့ ကြွလာ၍ ထေရဝါဒ ဗုဒ္ဓဘာသာ တရားတော်ကို ဟောပြော ဖြန့်ဖြူး ပါသည်။ ခမာဘုရင်တို့ များစွာ နှစ်ခြိုက် ကြည်ညိုကြ၍ ထေရဝါဒဗုဒ္ဓဘာသာကို အားပေး ထောက်ပံ့လာကြပါသည်။ တဖြည်းဖြည်း ထေရဝါဒ ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်သူ များပြားလာကာ ၁၃ ရာစုနှစ် အကုန်လောက်တွင် ဟိန္ဒူဘာသာနှင့် မဟာယာနဗုဒ္ဓဘာသာ ကွယ်ပျောက်သွား ကြပါသည်။ ထိုအချိန်မှ စ၍ ယနေ့အထိ ထေရဝါဒ ဗုဒ္ဓဘာသာသည် သာလျှင် ကမ္ဘောဒီးယား၌ စည်ပင်ပြန့်ပွါး ထွန်းကားလျက် ရှိပါသည် ဘုရား။

ခရစ်နှစ် ၁၄ ရာစုနှစ်မှ စ၍ သီရိလင်္ကာ ဗုဒ္ဓဘာသာနှင့် ကမ္ဘောဒီးယားတို့ ဆက်သွယ်မိကြသောအခါ ကမ္ဘောဒီးယား၌ ထေရဝါဒ ဗုဒ္ဓဘာသာရောင် ပို၍ ထွန်းပြောင်လာပါသည်။ ထိုင်း ဗုဒ္ဓဘာသာ၏ ဩဇာ အရှိန်အဝါလည်း ကမ္ဘောဒီးယား၌ အမြဲတစေ ပြန့်နှံ့လျက် ရှိနေပါသည် ဘုရား။

**လောနိုင်ငံ** လောနိုင်ငံသည် ခရစ်နှစ် ၁၄ ရာစု ကျမှ သီးခြားနိုင်ငံ တစ်နိုင်ငံအဖြစ် ပေါ်ပေါက် လာပါသည်။ လောနိုင်ငံ ဖြစ်ပေါ်ရေးအတွက် ခမာတို့က ကူညီကြပါသည်။ ထေရဝါဒ ဗုဒ္ဓဘာသာကိုလည်း ခမာ

http://www.dhammadownload.com



တို့ပင် လောနိုင်ငံအတွင်းသို့ သွင်းယူဖြန့်ဖြူးခဲ့ကြပါသည်။ လောနိုင်ငံအဖြစ် မပေါ်ပေါက်မီကမူ ထိုဒေသ၌ မဟာယာန ဗုဒ္ဓဘာသာလည်း တည်ရှိခဲ့ဘူးပါသည်။

နောက်ပိုင်းဘုရင်များသည် ထေရဝါဒ ဗုဒ္ဓဘာသာကို ကာကွယ်စောင့်ရှောက် ထောက်ပံ့ကြပါသည်။ ၁၄ ရာစု နှစ်မှာပင် ထေရဝါဒဗုဒ္ဓဘာသာကို နိုင်ငံတော် ဘာသာအဖြစ် ကြေငြာခဲ့ကြပါသည်။ ထိုအချိန်မှ စ၍ ကွန်မြူနစ်များ စ,တင် အုပ်စိုးသည့် အချိန်အထိ လောနိုင်ငံ၌ ထေရဝါဒ ဗုဒ္ဓဘာသာ စည်ပင်ပြန့်ပွါး ထွန်းကားလျက် ရှိပါသည်။ ခမာနှင့် ထိုင်းဗုဒ္ဓဘာသာ အရှိန်အဝါသည် လောနိုင်ငံ ဗုဒ္ဓဘာသာပေါ်သို့ အမြဲတစေ အရိပ်ထိုးလျက်ရှိရာ လော၊ ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံ တို့သည် ထေရဝါဒ ဗုဒ္ဓဘာသာ တိုးတက်ရေးအတွက် တူညီသော လမ်းကြောင်းပေါ်၌ လျှောက်လျက် ရှိကြပါသည် ဘုရား။

## အာရှအလယ်ပိုင်း၌ ဗုဒ္ဓဘာသာ စ,တင် ပြန့်ပွါးပုံ

အာရှအလယ်ပိုင်း၌ ဗုဒ္ဓသာသနာတော် စ,တင် ရောက်ရာနိုင်ငံမှာ ခိုတန်နိုင်ငံ ဖြစ်ပါသည်။ ရှေးက ခိုတန်နိုင်ငံ ဆိုသည်မှာ တရုတ်ပြည် အနောက်မြောက်စွန်း ယခုခေတ် တာကစ္စတန်အနီး၌ တည်ရှိခဲ့ပါသည်။ ခိုတန်

http://www.dhammadownload.com



နိုင်ငံမှ တဆင့် အနီးဖြစ်သော **ကုချ (Kucha)၊ ဘရုက၊ အဂ္ဂနိဒေသ၊ တာဖန် (Turfan)** နှင့် တရုတ်ပြည်သို့ ဗုဒ္ဓသာသနာတော် စ,တင် ပြန့်နှံ့ခဲ့ပါသည်။ ထိုမှ တဆင့် ကိုရီးယားနှင့် ဂျပန်နိုင်ငံသို့လည်း သာသနာတော် ပျံ့နှံ့ခဲ့ သဖြင့် ခိုတန်သည် ကမ္ဘာ့အရှေ့ဖျားသို့ ဗုဒ္ဓသာသနာ ပြန့်နှံ့ရာတွင် အရေးပါသော နိုင်ငံ တစ်နိုင်ငံ ဖြစ်ခဲ့ပါသည် ဘုရား။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း ၂၅၀ ခန့်တွင် အိန္ဒိယနိုင်ငံမှ ဝိဇယသမ္ဘဝ မင်းသည် အာရှအလယ်ပိုင်း ခိုတန်နိုင်ငံသို့ ဗုဒ္ဓသာသနာတော်ကို ယူဆောင်လာခဲ့ကြောင်း ခိုတန်တို့၏ ရှေးဟောင်း အမှတ် အသားများ အဆိုရှိပါသည်။ ထိုအချိန်လောက်မှာပင် အိန္ဒိယမှ ကျမ်းဂန် တတ်ကျွမ်းသော **အာစရိယဝေရောစန** အမည်ရှိသော ဘုန်းတော်ကြီးသည် ခိုတန်နိုင်ငံသို့ ကြွရောက်၍ သာသနာပြုရာ ဘုရင်၏ ကြည်ညို ကိုးကွယ်မှု ကို ရရှိ၍ သာသနာတော် စည်ပင်ပြန့်ပွါးခဲ့ပါသည်။ ထို့ကြောင့် ခရစ်မပေါ်မီ ၂၁၁ နှစ် ၌ပင် ခိုတန်၌ ပထမဆုံး ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း စ,တင် ပေါ်ပေါက်ခဲ့ ပါသည် ဘုရား။

ထိုအချိန်န်မှ စ,၍ ခရစ်နှစ် ၈ ရာစုအထိ ခိုတန်နိုင်ငံ၌ ဗုဒ္ဓသာသနာတော် အဆက်မပြတ် စည်ပင် ပြန့်ပွါး

http://www.dhammadownload.com



ထွန်းကားခဲ့ကြောင်းကို တရုတ်ခရီးသည် ရဟန်းတော် ဖာဟီယန်နှင့် ရှင်ကျန့်တို့က သူတို့ မှတ်တမ်း များတွင် ဖော်ပြခဲ့ကြပါသည်။

ခိုတန်နိုင်ငံ၌ ဘုရား၊ တန်ဆောင်း၊ ကျောင်းကန် စသော သာသနာ့ အဆောက်အအုံများ လေးထောင်ကျော် တွေ့ရကြောင်း ရှင်ကျန့်၏ မှတ်တမ်း၌ ဖော်ပြထားပါသည် ဘုရား။

## တရုတ်ပြည်၌ ဗုဒ္ဓသာသနာ စ,တင် ပြန့်ပွါးပုံ

ဗုဒ္ဓသာသနာတော် မရောက်မီကတည်းက တရုတ်ပြည်၌ တာအိုနှင့် ကွန်ဖြူးရှပ် အယူဝါဒများကို ကိုးကွယ်ကြပါသည်။ ထို အယူဝါဒ နှစ်ခုလုံးသည် လူတို့၏ နေနည်း, ထိုင်နည်း လူ့ကျင့်ဝတ်များသာဖြစ်၍ ဘာသာတရား တစ်ခု၏ သဘောလက္ခဏာများ မရှိကြပါ။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း ၄၀၀ ခန့်၊ ခရစ်မပေါ်မီ နှစ်ပေါင်း ၁၀၀ ခန့်တွင်မှ အာရှ အလယ်ပိုင်း ခိုတန်, ကုချ စသော ဒေသများမှ ပိုးလမ်းမကြီး (Silk Route) အတိုင်း လာရောက်ကြသော ကုန်သည်များ၊ ရဟန်းတော်များ ယူဆောင်လာသဖြင့် တရုတ်ပြည်သို့ ဗုဒ္ဓသာသနာတော် စ,တင် ရောက်ရှိလာပါသည်။

http://www.dhammadownload.com



သာသနာနှစ် ၆၀၀ ခန့်၌မူ ဟန် မင်းဆက် ဘုရင်များသည် အိန္ဒိယနိုင်ငံမှ ရဟန်းတော်များကို တရုတ်ပြည်သို့ ပင့်ဆောင်၍ သာသနာပြုစေကြပါသည်။ ထို ရဟန်းတော်များသည် မဟာယာန ဗုဒ္ဓဘာသာကျမ်း အမြောက်အမြားကို ယူဆောင်လာ၍ တရုတ်ဘာသာသို့ ပြန်ဆိုကြပါသည်။ ထို ရဟန်းတော်များထဲမှ **ကဿပမာတင်္ဂမထေရ်နှင့် ကုမာရဇီဝမထေရ်တို့မှာ** အထင်ရှားဆုံး ပညာရှင်များ ဖြစ်ပါသည်။

သာသနာတော်နှစ် ၉ ရာစုမှ ၁၂ ရာစု အတွင်း၌ တရုတ်ရဟန်းတော်များလည်း အိန္ဒိယနိုင်ငံသို့ ကြွရောက်၍ စာပေကျမ်းဂန်များ သင်ကြား လေ့လာပြီးလျှင် မဟာယာန ကျမ်းစာ အမြောက်အများကို ယူဆောင်လာကာ ဘာသာ ပြန်ကြပါသည်။ ထို ရဟန်းတော်များထဲမှ ရဟန်းတော် **ဖာဟီယန်၊ ရွှင်ကျန့်နှင့် အီကျင်တို့သည်** ခရီးသွား မှတ်တမ်းများကိုလည်း စေ့စေ့စပ်စပ် ရေးသားခဲ့ကြသဖြင့် ယခုခေတ် ဗုဒ္ဓဘာသာ လေ့လာသူများအတွက် အလွန် အကျိုးများလှပါသည် ဘုရား။

သာသနာတော်နှစ် ၁၁ ရာစုတွင် အိန္ဒိယ ရဟန်းတော် **ဗောဓိဓမ္မ** တရုတ်ပြည်သို့ ရောက်လာပြီးလျှင် ချင်းဂိုဏ်းကို တည်ထောင် ဟောပြောပါသည်။ ယခုအခါ ယင်း ချင်းဂိုဏ်းသည် တရုတ်ပြည်၌ ကွယ်ပျောက်၍ ဂျပန်နှင့် ကိုရီးယား

http://www.dhammadownload.com



နိုင်ငံများ၌ ထွန်းကားလျက်ရှိပါသည်။ ဥရောပနှင့် အမေရိက တိုက်နိုင်ငံများ၌လည်း ပျံ့နှံ့လျက် ရှိပါသည်။

ချင်းဂိုဏ်းကဲ့သို့ပင် တရုတ်ပြည်ဖြစ် အခြားဂိုဏ်း တစ်ဂိုဏ်းလည်း ရှိပါသေးသည်။ ယင်းဂိုဏ်းမှာ သာသနာ ၁၂၀၀ ခန့်တွင် ပေါ်ထွန်းသော သုခဝတီဗျူဟာဂိုဏ်း ဖြစ်ပါသည်။

ဗုဒ္ဓဘာသာသည် တရုတ်ပြည်၌ အကျပ်အတည်း အခက်ခဲများကြားမှ ပြန့်ပွါးရခြင်း ဖြစ်ပါသည်။ ကွန်ဖြူးရှပ် အယူဝါဒသည် မင်းဆွေစိုးမျိုးတို့ ကိုးကွယ်သော အယူဝါဒ ဖြစ်ရာ ဗုဒ္ဓဘာသာ တဖြည်းဖြည်း တိုးတက် ကြီးပွါး လာသည်ကို မနှစ်မျို့နိုင်သော ဘုရင်နှင့် မှူးကြီး မတ်ကြီး တို့က အကြောင်းရှာ၍ ဗုဒ္ဓဘာသာကို နှိမ်နင်း ဖျက်ဆီးခဲ့သော အချိန်များလည်းရှိခဲ့ပါသည်။ သာသနာ့ဝန်ထမ်း ရဟန်းတော် များဘက်က ပရိယတ်, ပဋိပတ် အလုပ် အားမထုတ်ဘဲ အကျင့်သိက္ခာ ချွတ်ယွင်း ပျက်ပြားကြသဖြင့် အနှိမ်နင်း ခံကြရသည့် အချိန်များလည်း ရှိခဲ့ပါသည်။

သို့သော်လည်း အချိန်ကြာလာသည်နှင့်အမျှ ဗုဒ္ဓ ဘာသာ အားကောင်းလာသဖြင့် ယခုအချိန်မှာ တာအိုနှင့် ကွန်ဖြူးရှပ်ဝါဒတို့ထက် ပို၍ စည်ပင်ပြန့်ပွါး ထွန်းကားလျက် ရှိပါသည် ဘုရား။

http://www.dhammadownload.com



ကွယ်လွန်သူ ဘိုးဘွားစဉ်ဆက်တို့ကို ရှိခိုး ကိုးကွယ်သော အယူဝါဒ (Ancestor Worship) လည်း ယခုတိုင် ထွန်းကားဆဲ ဖြစ်ပါသည် ဘုရား။

## ကိုရီးယား၌ ဗုဒ္ဓသာသနာ စ,တင် ပြန့်ပွါးပုံ

ခရစ်နှစ် ၄ ရာစု၌ ကိုရီးယားနိုင်ငံသို့ တရုတ်ပြည် အရှေ့ ချင် မင်းဆက်မှတဆင့် မဟာယာန ဗုဒ္ဓဘာသာ စ,တင် ရောက်လာခဲ့ပါသည်။ ဗုဒ္ဓဘာသာ မရောက်မီကမူ အများအားဖြင့် နတ်ကိုးကွယ်ကြပါသည်။ ကွန်ဖြူးရှပ်နှင့် တာအို ကိုးကွယ်မှု အနည်းအကျဉ်း ရှိကြောင်းလဲ သိရပါသည်ဘုရား။

ကိုရီးယား ကျွန်းဆွယ်၌ ဗုဒ္ဓဘာသာ မရောက်မီက ကိုဂုရယို၊ ပက်ချီ၊ ဆိလ္လ ဟု နိုင်ငံကလေး သုံးနိုင်ငံ ရှိပါသည်။ ထို သုံးနိုင်ငံအနက် ကိုဂုရယိုသို့ ခရစ်နှစ် ၃၇၂ ခုနှစ်တွင် ဗုဒ္ဓဘာသာ စ,တင် ရောက်ခဲ့ပါသည်။ တရုတ်ပြည် ချင်မင်းဆက်မှ ဖူရှိအင်ဘုရင် လွှတ်လိုက်သော သာသနာပြုအဖွဲ့ခေါင်းဆောင် မဟာယာနဘုန်းကြီး ဆွန်ဒို ဆိုသူ ယူဆောင်လာခြင်း ဖြစ်ပါသည် ဘုရား။

ထို့နောက် ၁၂ နှစ်အကြာတွင် ပက်ချီသို့ လည်းကောင်း၊ အနှစ် ၃၀ အကြာတွင် ဆိလ္လသို့ လည်းကောင်း ဗုဒ္ဓဘာသာ စ,တင် ရောက်ရှိခဲ့ပါသည်။

http://www.dhammadownload.com



ဗုဒ္ဓဘာသာကို ကိုရီးယားတို့ လွယ်လွယ်ကူကူ လက်ခံ ကိုးကွယ်ကြပါသည်။ အထူးသဖြင့် မင်းဆွေမင်းမျိုးနှင့် ပညာတတ် အသိုင်းအဝိုင်းက ပို၍ နှစ်ခြိုက်စွာ ကိုးကွယ်ကြပါသည်။ ထိုအချိန်တွင် ကိုရီးယားတို့ မူလကိုးကွယ်သော ဘာသာတရားမှာ ဘာမျှ အခြေအမြစ် မရှိသောကြောင့်လည်းကောင်း၊ အချင်းချင်း အမြဲလိုလို တိုက်ခိုက်နေရသဖြင့် ကိုးကွယ်မှုလမ်းစ ပျောက်သလောက် ဖြစ်နေသောကြောင့်လည်းကောင်း၊ ကိုရီးယားတို့ အထင်ကြီးထားသည့် တရုတ်ပြည်ကြီးမှလာသော ဗုဒ္ဓဘာသာသည် အခြေခံ ခိုင်မာ၍ အဆင့်မြင့်သော တရုတ်ယဉ်ကျေးမှု သဘောလက္ခဏာများ ပါဝင်နေသောကြောင့် လည်းကောင်း လွယ်ကူစွာ ယုံကြည်ကိုးကွယ်ကြခြင်း ဖြစ်ပါသည် ဘုရား။

ထိုကြောင့်ပင် ကိုရီးယားနိုင်ငံသို့ ဗုဒ္ဓဘာသာ ရောက်လာပြီး နှစ်ပေါင်း ၁၅၀ အကြာ၊ ဆီလ္လနိုင်ငံ၌ လက်ခံ ကိုးကွယ်ကြ၍ နှစ်ပေါင်း ၁၀၀ ခန့်အကြာ၊ ခရစ်နှစ် ၅၂၇ ခုနှစ်တွင် ဗုဒ္ဓဘာသာကို ဆီလ္လနိုင်ငံ၏ နိုင်ငံတော် ဘာသာအဖြစ် ထိုစဉ်က အုပ်ချုပ်နေသော ဘုရင် ပို့ဟွန်က ကြေငြာလိုက်ပါသည်။ အချို့သော မှူးမတ်များနှင့် နန်းတွင်းသူ နန်းတွင်းသားများက ဘုရင်သည် သူ၏ ဩဇာအာဏာ ပိုမိုကျယ်ပြန့်ရေးနှင့် ဗဟိုက ထိန်းချုပ်သော အုပ်ချုပ်ရေး ပိုမိုခိုင်မာစေရန် နိုင်ငံတော် ဘာသာအဖြစ် ကြေငြာသည်ဟု ယူဆကာ ကျေနပ်မှု မရှိကြပါ ဘုရား။

http://www.dhammadownload.com



ခရစ်နှစ် ၆၆၀ ခုနှစ်၌ တရုတ်ပြည်နှင့် ဆိလ္လနိုင်ငံတို့ မဟာမိတ်စာချုပ် ချုပ်ဆိုကြပါသည်။ မကြာမီပင် ဆိလ္လဘုရင်သည် တရုတ်တို့၏ အကူအညီဖြင့် ကိုဂုရယိုနှင့် ပက်ချီနိုင်ငံတို့ကို တိုက်ခိုက်သိမ်းယူပြီးလျှင် ခရစ်နှစ် ၆၆၈ ခုနှစ်၌ ကိုရီးယားသုံးနိုင်ငံ ပေါင်းစည်းရေးကို အကောင်အထည်ဖေါ်လိုက်ပါသည်။ ယင်းသို့ သုံးနိုင်ငံကို တစ်နိုင်ငံတည်းအဖြစ် ပေါင်းစည်းနိုင်ခြင်းမှာ ဗုဒ္ဓဘာသာ တရားတော်၏ စွမ်းအားဖြစ်ကြောင်း ဆိလ္လနိုင်ငံသားတို့ ယုံကြည်ကြပါသည်။ ထို့ကြောင့် သုံးနိုင်ငံ ပေါင်းစည်းရေး အထိမ်းအမှတ်အဖြစ်ဖြင့် ခရစ်နှစ် ၇၇၆ ခုနှစ်တွင် နယ်ဂျန်တောင်ပေါ်ရှိ ပို့ဂျူကျောင်းတိုက် အတွင်း၌ ဉာဏ်တော် ၃၃ မီတာရှိသော အရိမေတ္တေယျ မတ်ရပ် ဘုရားလောင်း ရုပ်တုကြီးကို ထုလုပ် ကိုးကွယ်ကြပါသည် ဘုရား။

ခရစ်နှစ် ၆၆၈ မှ ၉၃၅ ခုနှစ် အထိသည် ဆိလ္လမင်းဆက်များ အုပ်စိုးသောခေတ် ဖြစ်ပါသည်။ ဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွါး အထွန်းကားဆုံးခေတ် ဖြစ်၍ **'ကိုရီးယား ဗုဒ္ဓဘာသာ ရွှေခေတ်'** ဟု ခေါ်ကြပါသည် ဘုရား။

ဤခေတ်၌ ကြီးမား ခန့်ညားလှသော ကျောင်းကန်ဘုရားများကို ဆောက်လုပ် ကိုးကွယ်ကြပါသည်။ ကြည်ညိုဖွယ်ရာ သပ္ပါယ်လှသော အရိမေတ္တေယျ ဘုရားလောင်း၊ အဝလောကိတေဿရ ဘုရားလောင်း ရုပ်တုကြီးများ

http://www.dhammadownload.com



ကိုလည်း တည်ထား ကိုးကွယ်ကြပါသည်။ ကိုရီးယား ဘုန်းကြီးများလည်း တရုတ်ပြည်နှင့် အိန္ဒိယသို့ သွားရောက် ပညာသင်ယူပြီးလျှင် အပြန်တွင် မဟာယာနဗုဒ္ဓဘာသာ တရားကျမ်းဂန်များကို ယူဆောင်လာကြပါသည် ဘုရား။

ထို့ပြင် ဝိနယဂိုဏ်း၊ နိဗ္ဗာနဂိုဏ်း၊ ဓမ္မသဘာဝဂိုဏ်း၊ အဝတံသကဂိုဏ်း၊ ယောဂါစာရဂိုဏ်းများကိုလည်း တရုတ်ပြည်မှ ယူဆောင်ခဲ့ကြပါသည်။ ဤ ဂိုဏ်းများ အားလုံးကို တရားကျမ်းဂန်များကို အလေးထားကြသဖြင့် သုတ္တ ဂိုဏ်းများ၊ ကျို (Kyo) ဂိုဏ်းများဟု ခေါ်ကြပါသည် ဘုရား။

ခရစ်နှစ် ၈၂၅ ခုနှစ်တွင် တရုတ်ပြည်မှ ပညာသင်ပြီး ပြန်လာသော ကိုရီးယားဘုန်းကြီး တိုအိက ကိုရီးယား၌ ဈာန်ဂိုဏ်းကို စ,တင် တည်ထောင်ပါသည်။ ဈာန်ဂိုဏ်း၏ အယူဝါဒမှာ ဘာမျှမလုပ်ဘဲ သူ့အလိုလို ရုတ်တရက် ဉာဏ်အလင်းရခြင်း၊ တရားကျမ်းဂန်များကို လုံးဝ ပစ်ပယ်ခြင်းများဖြစ်ရာ တရားကျမ်းဂန်ကို အလေး ထားသော ကျိုဂိုဏ်းနှင့် ထိပ်တိုက် တိုးပါတော့သည်။ ဈာန်ဂိုဏ်းသည်လည်း တဖြည်းဖြည်း ပြန့်ပွါးလာရာ တောင်ကိုးလုံးပေါ်၌ ရှိသော ဈာန်ကျောင်း ကိုးကျောင်းကို အစွဲပြု၍ တောင်ကိုးလုံးဈာန်ဂိုဏ်း ဟူသော ဝေါဟာရပင် ပေါ်ပေါက်လာပါသည် ဘုရား။

http://www.dhammadownload.com



ရှင်းဂိုဏ်းကို ဆုန် (Son) ဂိုဏ်းဟု ကိုရီးယား ဘာသာဖြင့် ခေါ်ဝေါ်ကြရာ ထိုအချိန်မှ စ၍ ဆုန်ဂိုဏ်းနှင့် ကျိုဂိုဏ်းတို့ အကြီးအကျယ် ပဋိပက္ခ ဖြစ်လာကြပါသည်။

ခရစ်နှစ် ၁၄ ရာစုနှစ် ကုန်ခါနီးတွင် ယိမင်းဆက် ဘုရင်များ နန်းတက်ခဲ့ကြပါသည်။ မင်းဆွေမိုးမျိုး အများစုနှင့် မှူးကြီးမတ်ရာ အရာရှိ အရာခံ အချို့သည် ကွန်ဖြူးရှပ် ဝါဒီများဖြစ်၍ ဗုဒ္ဓဘာသာ ဆန့်ကျင်ရေးသမားများ ဖြစ်ကြပါသည်။ ယိ မင်းဆက်၏ ပထမ, ဒုတိယ ဘုရင်များ လက်ထက်၌ ဘုန်းကြီးကျောင်းများအား မြေယာလှူမှုကို တားမြစ်ခြင်း၊ ကျောင်းပိုင် လယ်ယာမြေများကို သိမ်းယူခြင်း၊ ရဟန်းပြုလိုလျှင် အစိုးရထံမှ လိုင်စင်ယူရခြင်း၊ လိုင်စင်ကြေး ပေးဆောင်ရခြင်း စသည်ဖြင့် ဗုဒ္ဓဘာသာကို ညှဉ်းပန်း နှိပ်စက်ခဲ့ကြပါသည် ဘုရား။

တတိယဘုရင် တေဂျုန်၏ လက်ထက်၌ ဘုန်းကြီး ကျောင်းများကို ၈၈ ကျောင်းမျှသာ တည်ရှိခွင့်ပေး၍ ကျန်ကျောင်းများကို သိမ်းယူခြင်း၊ အခွန် ကင်းလွတ်ခွင့် များကို ရုပ်သိမ်းခြင်း စသည်ဖြင့် ဗုဒ္ဓဘာသာကို ညှဉ်းပန်း နှိပ်စက်ခဲ့ပါသည်။ စတုတ္ထဘုရင် ဆေဂျုန်ကလည်း ဆက်လက် တိုက်ခိုက်ခဲ့ပါသည် ဘုရား။

ယိ မင်းဆက်တွင် ဗုဒ္ဓဘာသာကို မညှဉ်းပန်းဘဲ ရသင့် သော အခွင့်အရေးများ ပြန်လည်ပေးအပ်ခြင်း၊ ချီးမြှောက်

http://www.dhammadownload.com



ထောက်ပံ့ခြင်းကို ပြုသောဘုရင်မှာ ဆောဂျီဘုရင်၊ ကိုဂျူန် ဘုရင်နှင့် မွန်ဂျူန် ဘုရင်မကြီးတို့သာ ရှိကြပါသည် ဘုရား။

ဆောဂျီနောက် ဆက်ခံသော ဘုရင်များသည်လည်း ပို၍ပင် ညှဉ်းပန်းနှိပ်စက် ဖျက်ဆီးကြပါသေးသည်။ ဗုဒ္ဓဘာသာ တည်ရှိခွင့် ပြဋ္ဌာန်းထားသော ဥပဒေကို ဖျက်သိမ်းပစ်ကြပါသည်။ ဆုန်ဂိုဏ်း, ကျိုဂိုဏ်းတို့၏ ဌာနချုပ်များကို ဖျက်ဆီးပစ်ကြရုံမျှမက ရဟန်းတော်များ ကိုလည်း မြို့တော်ထဲသို့ ဝင်ခွင့် မပြုကြပါ။ သာသနာတော် ဆိုင်ရာ စာမေးပွဲများကိုလည်း ဖျက်သိမ်းပစ်ကြပါသည်။ ဘုန်းကြီးများကို ပြက်ရယ်ပြောင်လှောင်ရန်၊ မထီလေးစား ပြုရန် လူငယ် လူရွယ်များကို မြှောက်ပေးကြပါသည်။ အချို့ ဘုန်းကြီးကျောင်းများကို မြင်းစောင်း လုပ်ပစ်ကြ ပါသည်။ အချို့ကို ဂေရှားမယ်အိမ်များ လုပ်ပစ်ကြပါသည်။ အချို့ကို ဖျက်ဆီးပစ်ကြပါသည်။ ဘုန်းကြီးကျောင်းများမှ ခေါင်းလောင်းကြီးများကို အရည်ကျို၍ လက်နက် လုပ်ပစ်ကြပါသည်။ ဘုန်းကြီးများကို လမ်းဖေါက်ခြင်းစသော အလုပ်ကြမ်းများ အလုပ်ခိုင်းရန် မှတ်ပုံတင် ကိုင်ဆောင် စေကြပါသည်။ ဤ ညှဉ်းပန်း နှိပ်စက်မှုများကြောင့် ဘုန်းကြီးများစွာ လူထွက်သွားကြပါသည် ဘုရား။

ဤမျှလောက် နှိပ်စက်ဖျက်ဆီးနေပါလျက် ကိုရီးယား၌ ဗုဒ္ဓဘာသာ ကွယ်ပျောက်မသွားခြင်းမှာ သဒ္ဓါတရား

http://www.dhammadownload.com



အားကောင်းလှသော ဘုန်းကြီးများသည် ဆိုးဝါးလှသော အခြေအနေကို လုံးဝဂရုမစိုက်ဘဲ မြို့နှင့်ဝေးရာ တောင်များပေါ်တွင် ပရိယတ်၊ ပဋိပတ်တရားတို့ကို ဖွဲကောင်းကောင်းနှင့် ကြိုးစား အားထုတ်နေကြသောကြောင့် တစ်ကြောင်း၊ ဗုဒ္ဓဘာသာကို ကြည်ညိုလှသော မိဖုရားများ၊ နန်းတွင်းသူများ၏ အားပေးထောက်ပံ့မှုကြောင့် တစ်ကြောင်း ဖြစ်ပါသည်။ ၁၆ ရာစု အလယ်ပိုင်းတွင်မူ မွန်ဂျူန်ဘုရင်မကြီး နှစ်ပေါင်း ၂၀ ခန့် တိုင်းပြည်ကို အုပ်ချုပ်ရပါသည်။ ဘုရင်မကြီးသည် သာသနာတော်ဆိုင်ရာ စာမေးပွဲများကို ပြန်လည်ကျင်းပစေပါသည်။ ဆုန်ဂိုဏ်း, ကျိုဂိုဏ်းတို့၏ ဗဟိုဌာနများကိုလည်း ပြန်လည်တည်ဆောက်စေပါသည်။ ဂိုဏ်းဆိုင်ရာ သာသနာပိုင်များကိုလည်း ခန့်ထားပါသည်။ ဤသို့ဖြင့် စွမ်းနိုင်သမျှ သာသနာတော်ကို ပြန်လည် ပြုစုပျိုးထောင်ပါသည် ဘုရား။

ခရစ်နှစ် ၁၅၉၂ ခုနှစ်တွင်မူ ဂျပန်များက စစ်မကြေငြာဘဲ ကိုရီးယားကို ဝင်တိုက်ကြပါသည်။ ကိုရီးယားဘုရင်သည် တရုတ်ဘုရင်ထံ စစ်ကူ တောင်းရပါသည်။ တိုင်းသူပြည်သားများကိုလည်း စည်းရုံး လှုံ့ဆော်ရပါသည်။ အချို့သော ဝန်ကြီးများနှင့် တာဝန်ရှိ မိုလ်ချုပ်ကြီးများသည် ကြောက်ရွံ့ကာ နောက်တွန့်နေကြပါသည်။ ထိုစဉ်က ဩဇာကြီးလှသော အသက် ၇၃ နှစ်ရှိ ဘုန်းတော်ကြီး ဆိုစန်

http://www.dhammadownload.com



ကမူ ဘုန်းကြီးများကို စည်းရုံး လှုံ့ဆော်ကာ ဘုန်းကြီး ၅၀၀၀ ပါဝင်သော တပ်မကြီး ဖွဲ့စည်း၍ ဂျပန်တို့ကို ရွတ်ရွတ်ချွန်ချွန် တိုက်ခိုက်ပါသည်။ ၁၅၉၈ ခုနှစ်တွင် ဂျပန်တို့ ရန်ကို တွန်းလှန် အောင်နိုင်သောအခါ ဆိုစန်သည် သူ့နေမြဲ တောင်ပေါ်သို့ ပြန်၍ နေပါသည်။

ဂျပန်တို့နှင့် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုပြီးသည့်အခါ ကွန်ဖြူးရှပ်ဝါဒီ မင်းဆွေစိုးမျိုး အရာရှိအရာခံများသည် ဗုဒ္ဓဘာသာကို နှိမ်မြဲ နှိမ်ကြပြန်ပါသည်။ ကျိုဂိုဏ်း ဘုန်းကြီး အနည်းငယ်မျှသာ မြို့များ၌ နေ၍ ဈင်းဂိုဏ်း ဘုန်းကြီး အားလုံးလောက်ပင် တောင်များပေါ်ရှိ ဂူများ ကျောင်းများတွင် နေကြပါသည်။ ၁၈၆၄ မှ ၁၉၀၆ ခုနှစ် အထိ အုပ်စိုးသော ကိုဂျုန်ဘုရင်လက်ထက်ကျမှပင် ရှေးက အခြေအနေမျိုးကို တဖြည်းဖြည်း ပြန်လည် ရရှိလာပါသည်။ ဘုန်းကြီးများကို အတင်းအကြပ် အလုပ်ကြမ်း လုပ်ခိုင်းခြင်းမှ ကင်းလွတ်ခွင့်အမိန့်၊ အခွန်ကင်းလွတ်ခွင့် အမိန့်များကို ဘုရင်က ထုတ်ပြန်ပါသည်။

ယီ မင်းဆက် အုပ်စိုးနေသည့် အမှောင်ခေတ်အတွင်း ကိုရီးယားဈင်းဂိုဏ်း ရလိုက်သည့် အမြတ်မှာ ၁၄၂၄ ခုနှစ်တွင် တောင်ကိုးလုံးဈင်းဂိုဏ်း ကိုးဂိုဏ်းကို တစ်ဂိုဏ်းတည်း ပေါင်းစည်း၍ ချိုဂဲဂိုဏ်းဟု အမည်တပ်လိုက် နိုင်ခြင်းပင် ဖြစ်ပါသည်။

http://www.dhammadownload.com



ဂျပန်နှင့် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆို၍ စစ်ပြေငြိမ်းသော်လည်း ကိုရီးယား၌ ဂျပန်တို့၏ စစ်ရေး၊ နိုင်ငံရေး အရှိန်အဝါကား ရှိနေဆဲပင် ဖြစ်ပါသည်။ ၁၈၉၄–၉၅ ခုနှစ် တရုတ်–ဂျပန် စစ်ပွဲတွင် ဂျပန်တို့ အောင်ပွဲရပြီးသောအခါ ဂျပန်တို့သည် ကိုရီးယားဘက်သို့ မျက်နှာမူလာပြန်ပါသည်။ ဘာသာရေး အနေဖြင့်လည်း ကိုရီးယားကို ဩဇာလွှမ်းမိုးရန် ကြိုးစားလာကြပါသည်။ ၁၈၉၅ ခုနှစ်တွင် နီချိရင်ဂိုဏ်းဝင် ဂျပန်ဘုန်းကြီး ဇင်ရေးဆာနိုသည် ဆိုးမြို့တော်သို့ လာ၍ ကိုရီးယား ဘုန်းကြီးများကို မြို့တော်အတွင်းသို့ မဝင်ရဟု တားမြစ်ထားသော ဥပဒေကို ရုပ်သိမ်းပေးရန် ကိုရီးယား အစိုးရထံ တောင်းဆိုပါသည်။ ကိုဂျုန်ဘုရင်သည် ၁၆၂၃ ခုနှစ်မှ ၁၈၉၅ ခုနှစ်အထိ နှစ်ပေါင်း ၂၇၂ နှစ် တိုင်တိုင် တားမြစ်ထားခဲ့သော ဥပဒေကို ရုပ်သိမ်းပေးလိုက်ပါသည်။ ကိုရီးယား ဘုန်းကြီးများကို မြို့တော်အတွင်း၌ ကျောင်းဆောက်ရန်၊ သီတင်းသုံး နေထိုင်ရန် ခွင့်ပြုမိန့်ကိုလည်း ထုတ်ပြန်လိုက်ပါသည် ဘုရား။

၁၈၉၆ ခုနှစ်မှ စ၍ ဂျပန် ဗုဒ္ဓဘာသာသည် ကိုရီးယားသို့ အလုံးအရင်းနှင့် ဝင်ရောက်လာကာ ကိုရီးယား ဗုဒ္ဓဘာသာအပေါ် တဖြည်းဖြည်း ဩဇာလွှမ်းမိုးလာပါသည်။

၁၉၀၄ ခုနှစ်၌ ကိုရီးယား အစိုးရသည် ဗုဒ္ဓဘာသာရေးရာများ အုပ်ချုပ်ထိန်းသိမ်းမှု အာဏာကို ဗုဒ္ဓဘာသာဝင်

http://www.dhammadownload.com



တို့အား လွှဲပြောင်းပေးလိုက်ပါသည်။ ကိုရီးယား ဗုဒ္ဓဘာသာ သမိုင်း၌ ဗုဒ္ဓဘာသာဆိုင်ရာ လုပ်ငန်းများကို ဗုဒ္ဓဘာသာဝင် တို့ကိုယ်တိုင် စီမံဆောင်ရွက်ခွင့်ကို ပထမဆုံးအကြိမ် ရရှိခြင်း ဖြစ်ပါသည် ဘုရား။

၁၉၁၀ ခုနှစ်၌မူ ဂျပန်တို့သည် ကိုရီးယားကို တိုက်ခိုက် သိမ်းယူလိုက်ကြပါသည်။ နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု အားလုံး ဂျပန်တို့ ထိန်းချုပ်မှု အောက်သို့ ကျရောက်ရပါသည်။ ဂျပန်တို့၏ ဖိနှိပ် ချုပ်ချယ်မှုကို အဘက်ဘက်က ခံကြရပါသည် ဘုရား။

ယင်းသို့သော အခြေအနေတွင် ကိုရီးယား ဗုဒ္ဓ ဘာသာ၏ သဘောလက္ခဏာများ မပျောက်ပျက်အောင် ကာကွယ် ထိန်းသိမ်းရေးအတွက် ကိုရီးယား ဗုဒ္ဓဘာသာဝင် များ ပိုမိုစည်းလုံးညီညွတ်ဖို့ အရေးတကြီး လိုအပ် လာပါသည်။ ထို လိုအပ်ချက်အရ အပူတပြင်း ညှိနှိုင်း ဆွေးနွေးကြရာ ၁၉၃၅ ခုနှစ်တွင် ဆုန်(ဈာန်) ဂိုဏ်းနှင့် ကျို(သုတ္တ) ဂိုဏ်းတို့ကို ချိုဂဲ အမည်ဖြင့် တစ်ဂိုဏ်းတည်း ပေါင်းစည်းနိုင်သည်အထိ ညီညွတ်မှု ရခဲ့ကြပါသည်။

ဂျပန် ဗုဒ္ဓဘာသာ၏ ဩဇာ အရှိန်အဝါသည် တဖြည်းဖြည်း ကြီးထွားပြန့်ပွါးလာပါသည်။ ဂျပန် အာဏာပိုင်တို့သည် အခွင့်အာဏာ ရာထူး ဌာနန္တရ ပေး၍ သွေးဆောင်ခြင်း၊ ဖိနှိပ်ခြင်း၊ ခြိမ်းခြောက်ခြင်း စသည်ဖြင့်

http://www.dhammadownload.com



နည်းမျိုးစုံသုံး၍ ဂျပန်ဘုန်းကြီးများနည်းတူ ကိုရီးယား ဘုန်းကြီးများကိုလည်း အိမ်ထောင် ပြုစေကြပါသည်။ ၁၉၄၅ ခုနှစ်၌ ဂျပန်တို့၏ လက်အောက်မှ လွတ်မြောက်၍ စာရင်းကောက်သောအခါ ကိုရီးယားဘုန်းကြီး ၇၀၀၀ ခန့်ရှိသည့်အနက်က ၆၀၀ ခန့်သာ အိမ်ထောင်မပြုဘဲ ကိုရီးယားဗုဒ္ဓဘာသာ အစဉ်အလာကို ထိမ်းသိမ်းခဲ့ကြ ကြောင်း တွေ့ရပါသည် ဘုရား။

ဂျပန်တို့ လက်အောက်မှ လွတ်မြောက်၍ ကိုရီးယား သမ္မတနိုင်ငံသစ် ထူထောင်မိသောအခါ ဗုဒ္ဓဘာသာဝင် တစ်ဦးဖြစ်သော ပထမဆုံး သမ္မတ ဆစ်ဂမန့်ရီးသည် အိမ်ထောင်ပြုသော ဘုန်းကြီးများကို သစ္စာဖောက်များဟု ဆိုကာ သက်ဆိုင်ရာကျောင်းများမှ နှင်ထုတ်ပစ်လိုက် ပါသည်။ တချိန်တည်းမှာပင် အိမ်ထောင်ပြုခြင်းကို ဆန့်ကျင်သော ချိုဂဲဂိုဏ်းက အုပ်ချုပ်ရေးအာဏာများကို ရယူကာ ခေတ်နှင့်လျော်ညီစွာ ပြုပြင်အုပ်ချုပ်ရန် ကြိုးစားခဲ့ ပါသည်။ ယခု အချိန်မှာမူ အိမ်ထောင်ပြုသော ဘုန်းကြီးများ တဖြည်းဖြည်း နည်းလာပြီး ကိုရီးယား ဗုဒ္ဓဘာသာ၏ မူလသဘောလက္ခဏာများ တစ်စတစ်စ ပေါ်လွင် ထင်ရှား လာပြီဟု ဆိုနိုင်ပါသည် ဘုရား။

http://www.dhammadownload.com



## ဂျပန်ပြည်၌ ဗုဒ္ဓသာသနာ စ,တင် ပြန့်ပွါးပုံ

ဂျပန်လူမျိုးများသည် ဂျပန်ပြည်သို့ ဗုဒ္ဓဘာသာ မရောက်မီက ရှင်တိုဘာသာကို ကိုးကွယ်ကြပါသည်။ ရှင်တိုဘာသာ ဆိုသည်မှာ နတ်ကိုးကွယ်မှု တစ်မျိုးပင် ဖြစ်ပါသည်။ ကွယ်လွန်သော ဘိုးဘွားစဉ်ဆက်ကို ကိုးကွယ်သော အယူဝါဒ (Ancestor Worship) ကိုလည်း ကျင့်သုံးကြပါသည်ဘုရား။

ခရစ်နှစ် ၅၅၂ ခုနှစ်တွင် ကိုရီးယား ကျွန်းဆွယ်ရှိ ပက်ချီ (Packche) နိုင်ငံမှ သံတမန်တစ်ဦးသည် ဗုဒ္ဓရုပ်ပွါး ဆင်းတုတော်များ၊ ကျမ်းစာများကို ဂျပန်ပြည်သို့ ယူဆောင်လာရာမှ မဟာယာန ဗုဒ္ဓဘာသာ စ,တင် ပြန့်ပွါးခဲ့ပါသည် ဘုရား။

ဗုဒ္ဓဘာသာကို ရှေးဦးစွာ လက်ခံကိုးကွယ်သော ဘုရင်မှာ ယိုမေ (Yomei) ဘုရင် ဖြစ်ပါသည်။ ထိုစဉ်က ဂျပန် မင်းဆွေစိုးမျိုးတို့သည် သပ္ပါယ်လှသော ဗုဒ္ဓရုပ်ပွါး ဆင်းတုတော်ကို ဘေးရန်အန္တရာယ်ကို ကာကွယ်ပေးနိုင်၍ လောကီ ကောင်းကျိုးချမ်းသာကို ရစေနိုင်သော နတ်ရုပ် အဖြစ် ယုံကြည်ယူဆကာ လက်ခံ ကိုးကွယ်ကြပါသည်။ ဗုဒ္ဓဘာသာကိုလည်း ရှင်တိုဘာသာကဲ့သို့ နတ်ကိုးကွယ်သော ဘာသာ တစ်ခုဟု ယုံကြည်ယူဆကာ ကိုးကွယ်ကြပါသည် ဘုရား။

http://www.dhammadownload.com



ဗုဒ္ဓဘာသာသည် ဂျပန်ပြည်၌ ရှေးဆန်သော အစွဲအလမ်း ကြီးသည့် ရှင်တိုဘာသာဝင် အချို့၏ ဆန့်ကျင်မှုကို အနည်းအကျဉ်း တွေ့ရသော်လည်း ဗုဒ္ဓဘာသာနှင့်အတူ တိုးတက်နေပြီ ဖြစ်သော တရုတ် ယဉ်ကျေးမှုပါ ပါလာသဖြင့် ဂျပန် မင်းဆွေစိုးမျိုးများနှင့် ပညာတတ်အပိုင်းက အခက်အခဲ မရှိလှဘဲ ဗုဒ္ဓဘာသာကို လက်ခံခဲ့ကြပါသည်။ မူလ ရှိရင်း ဖြစ်သော ရှင်တိုဘာသာကို ပယ်ပါးပဲ ဗုဒ္ဓဘာသာ၏ အစိတ်အပိုင်း တစ်ခုအနေဖြင့် ဗုဒ္ဓဘာသာအတွင်းသို့ တဖြည်းဖြည်း ပေါင်းစည်း သွတ်သွင်းခြင်း၊ ဘိုးဘွား အစဉ်အဆက်ကို ကိုးကွယ်သော အယူဝါဒကိုလည်း မဆန့်ကျင်ဘဲ လိုက်လျောညီထွေ ဟောပြော ကျင့်ကြံခြင်းများ သည်လည်း ဗုဒ္ဓဘာသာ အခက်အခဲမရှိဘဲ အခြေချနိုင်ခြင်း၏ အကြောင်းတရားများ ဖြစ်ပါသည်။ ယင်းသို့ သက်ဆိုင်ရာ ဒေသ၏ အခြေအနေအရ "မီးစင်ကြည့် ကခြင်း" မှာ မဟာယာန ဗုဒ္ဓဘာသာ၏ အသွင်အပြင် လက္ခဏာတစ်ရပ် ဖြစ်ပါသည်။

ဗုဒ္ဓဘာသာသည် မင်းဆွေစိုးမျိုးတို့ ယုံကြည် ကိုးကွယ်မှုကြောင့် မကြာမီပင် တစ်နိုင်ငံလုံးသို့ ပျံ့နှံ့သွား ပါသည်။ မင်းမျိုးမင်းနွယ်ထဲမှ ရှိုတိုကူ (Shotoku) အိမ်ရှေ့ မင်းသားသည် သာသနာတော်ပြန့်ပွါးရေးကို အားကြီး မာန်တက် ဆောင်ရွက်ရာ လွန်စွာ ခရီးရောက်လှပါသည်။

http://www.dhammadownload.com



ခရစ်နှစ် ၆၀၁ ခုနှစ်မှစ၍ တရုတ်ပြည်သို့ သံတမန်များ၊ ပညာတော်သင်များ စေလွှတ်ကာ ဗုဒ္ဓဘာသာနှင့် စာပေကျမ်းဂန်များကို လေ့လာ သင်ကြားစေပါသည်။ ရှိုတိုကူသည် ခရစ်နှစ် ၇၈၆ ခုနှစ်၌ ဂျပန်ပြည်တွင် ရှေးအကျဆုံးဖြစ်သော ဟိုးရယူကျိ စေတီကိုလည်း တည်ထားကိုးကွယ်ပါသည်။ ထိုအချိန်တွင် ကျေးလက်တောရွာ လူတန်းစားများ အကြားသို့ ဗုဒ္ဓဘာသာပြန့်ပွါးမှု အားနည်းနေပါသေးသည် ဘုရား။

## နာရခေတ် (၇၁၀–၇၈၄)

ပညာတော်သင် ဘုန်းကြီးများသည် တရုတ်ပြည်၌ ထိုစဉ်က ခေတ်စားနေသော မဟာယာန ဗုဒ္ဓကျမ်းစာများကို သင်ယူ၍ ဂျပန်ပြည်သို့ ပြန်လာပြီးလျှင် ထိုကျမ်းစာများကို ပြန်လည်ပို့ချပေးကြရာ စာသင်သားနှင့် စာချဘုန်းကြီးများသည် မိမိတို့ သင်ယူပို့ချနေသော ကျမ်းစာအလိုက် အုပ်စုကွဲရာမှ ခရစ်နှစ် ၈ ရာစု နာရခေတ်၌ ဂိုဏ်း ၆ ဂိုဏ်း ပေါ်ပေါက်လာပါသည်။ ယင်းခြောက်ဂိုဏ်းမှာ –

၁။ စံရွန်ဂိုဏ်း

၂။ ဂျိုဂျစ်ဆုဂိုဏ်း

၃။ ဟိုဆိုဂိုဏ်း

http://www.dhammadownload.com



၄။ ကုရုဂိုဏ်း

၅။ ကောဂုန်ဂိုဏ်း

၆။ ရစ်ဆုဂိုဏ်းတို့ ဖြစ်ပါသည်ဘုရား။

ခရစ်နှစ် ၇၅၄ တွင် ပေါ်ထွန်းလာသော ရစ်ဆု (ဝိနယ) ဂိုဏ်းက စနစ်ကျသော ရဟန်းခံ, ရှင်ပြု, သီလရှင်ဝတ်နည်း စည်းမျဉ်း ဥပဒေသတို့ကို ချမှတ်ပေးပါသည်။ ဤ နာရခေတ်၌ ရှိမှုဘုရင်၏ ဦးဆောင် အားပေးထောက်ပံ့မှုကြောင့် တစ်နိုင်ငံလုံး၌ ကျောင်းကန် ဘုရားများ စည်ကားလှပါသည်။ ဘုန်းကြီးများလည်း ပစ္စည်းလေးပါးပေါများလှပါသည်။ နိုင်ငံတော်၏ ဥပဒေနှင့် ဗုဒ္ဓတရားတော်၏ လမ်းညွှန်ချက်ပေါ်တွင် အခြေခံသော အုပ်ချုပ်ရေးစနစ်ကို ချမှတ်ထားသဖြင့် ဘုန်းကြီးများ နိုင်ငံရေးတွင် များစွာ ပါဝင်ပတ်သက်လာကြပါသည် ဘုရား။

ဤ နာရခေတ်သည် ဗုဒ္ဓဘာသာ အရှိန်အဝါ အထွန်းတောက်ဆုံးခေတ် ဖြစ်ပါသည်။ မင်းမျိုး စိုးနွယ်တို့၏ ဗုဒ္ဓဘာသာ အဖြစ်မှ ပြည်သူလူထု၏ ဗုဒ္ဓဘာသာ အဖြစ်သို့ ပြောင်းလဲလာသော ခေတ်လည်း ဖြစ်ပါသည်ဘုရား။

ဤ ခေတ်၌ နာရမြို့တော်တွင် လွန်စွာ ကြီးမားထင်ရှားသော မဟာဝေရောစန ကြေးဆင်းတုတော်ကြီးကို ကောဂုန်ဂိုဏ်း၏ ဗဟိုဌာနဖြစ်သော တိုဒိုက်ဂျိ ကျောင်းတိုက်

http://www.dhammadownload.com



ထဲ၌ တည်ထား ကိုးကွယ်ကြရာ သမိုင်းမှတ်တိုင်အဖြစ် ယခုတိုင် ကျန်ရစ်ခဲ့ပါသည်။ နာရဘုရားကြီးဟု ထင်ရှားပါသည်ဘုရား။

## ဟေယန်ခေတ် (၇၉၄ – ၁၁၈၄)

ခရစ်နှစ် ၈ ရာစု ကုန်ခါနီး၌ မင်းနေပြည်တော်ကို နာရမြို့တော်မှ **ဟေယန်ကျိုတိုမြို့**တော်သို့ ပြောင်းရွှေ့လိုက်ကြပါသည်။ ထို့ကြောင့် ၈ ရာစု ကုန်ခါနီးမှ ၁၂ ရာစု ကုန်ခါနီးအထိကို **ဟေယန်ခေတ်**ဟု သတ်မှတ်ကြပါသည်ဘုရား။

ဤ ခေတ်၌ **ဆိုက်ချို** တည်ထောင်သော **တင်ဒိုင်ဂိုဏ်း**နှင့် **ကူကိုင်** တည်ထောင်သော **ရှင်ဂွန်းဂိုဏ်း**များ ပေါ်ပေါက်လာကြပါသည်။ ရှင်ဂွန်းဂိုဏ်းမှာ **တန္တရဂိုဏ်း** ဖြစ်ပါသည်။ ဤ ခေတ်၌ ဘုန်းကြီးများ အားလုံးလိုလို နိုင်ငံရေးတွင် ပါဝင်ကြသောကြောင့်လည်းကောင်း၊ ရှင်ဂွန်းဂိုဏ်း၏ တန္တရဝါဒဖြစ်သော အင်းအိုင်, လက်ဖွဲ့, မန္တန်, မန္တရားနှင့် မှော် အတတ်ပညာများ အားကောင်းလာသောကြောင့်လည်းကောင်း ဗုဒ္ဓသာသနာ တစ်ဖြည်းဖြည်း ဆုတ်ယုတ်လာပါသည်ဘုရား။

တင်ဒိုင်ဂိုဏ်းနှင့် ရှင်ဂွန်းဂိုဏ်း ဘုန်းကြီး အချို့သည် နိုင်ငံရေးနှင့် ဘာသာရေး မရောထွေးစေရန် ကျိုတိုမြို့တော်

http://www.dhammadownload.com



၏ အနီး၌ရှိသော ဟီအေးတောင်နှင့် ကိုယာစံ တောင်များပေါ်တွင် ကျောင်းတိုက်များ တည်ထောင် နေထိုင်ကြသော်လည်း အရှိန်ကောင်းလှသော နိုင်ငံရေးပတ်ဝန်းကျင်ကို မလွှန်ဆန်နိုင်ကြပါ ဘုရား။

## ကမာကုရခေတ် (၁၁၈၅ – ၁၃၃၃)

ခရစ်နှစ် ၁၂ ရာစု ကုန်ခါနီး၌ စစ်သေနာပတိတို့က တိုင်းပြည်အုပ်ချုပ်ရေးကို သိမ်းယူလိုက်ပြီးလျှင် မြို့တော်ကို ကမာကုရသို့ ပြောင်းရွှေ့လိုက်ကြပါသည်။ ထို့ကြောင့် ၁၂ ရာစု ကုန်ခါနီးမှ ၁၄ ရာစုနှစ် ရှေ့ပိုင်းအထိ အချိန်ကာလကို **ကမာကုရခေတ်**ဟု သတ်မှတ်ကြပါသည် ဘုရား။

ဤခေတ်၌ ကြည်ညိုဖွယ်ရာ ကမ္ဘာကျော် ကမာကုရ ကြေးဆင်းတုတော်ကြီးကို ထုလုပ် ကိုးကွယ်ကြပါသည်။ ထူးခြားသော ဗုဒ္ဓဘာသာဂိုဏ်းများလည်း ပေါ်ပေါက်လာကြပါသည်။ ဟိုနင်ဆိုသူက ဂျိုဒိုဂိုဏ်းကို လည်းကောင်း၊ ၎င်း၏တပည့် ရှင်ရန်က ဂျိုဒိုရှင်ဂိုဏ်းကို လည်းကောင်း တည်ထောင်ခဲ့ကြပါသည်။ ထိုနှစ်ဂိုဏ်းလုံး **အမိတာဘာ** ဘုရား၏ နာမည်ကို အကြိမ်ပေါင်းများစွာ ရွတ်ဆိုခြင်းအားဖြင့် နိဗ္ဗာန်ရနိုင်ကြောင်း ယုံကြည်ကြပါသည် ဘုရား။

http://www.dhammadownload.com



ထို့ပြင် အေးဆိုင်က ရင်ဇိုင်းချင်းဝိုဏ်းကို လည်းကောင်း၊ ဒိုဂျင်က ဆိုတိုချင်းဝိုဏ်းကို လည်းကောင်း တရုတ်ပြည်မှ ယူဆောင်လာကာ တည်ထောင်ကြပါသည်။ ရင်ဇိုင်းချင်းက "တရားအားထုတ်ဖို့ မလို၊ စိတ်ကို သူ့အတိုင်းထား၊ အဆင်သင့်တဲ့အခါ ရုတ်တရက် ဉာဏ်အလင်း အလိုအလျောက် ပေါ်လာလိမ့်မည်" ဟု ယူဆပါသည်။ ဆိုတိုချင်းကတော့ "အလိုအလျောက် ရုတ်တရက် ဉာဏ်အလင်းမရနိုင်၊ တရားအားထုတ်မှ တစ်ဆင့်ထက်တစ်ဆင့် ဉာဏ်ရင့်ပြီး ဉာဏ်အလင်း ရနိုင်သည်"ဟု ယုံကြည်ပါသည် ဘုရား။

ထို့နောက် နီချီရင် ဆိုသူ ဘုန်းကြီးတစ်ပါးက နီချီရင်ဝိုဏ်းကို တည်ထောင်ပါသည်။ နီချီရင်က မဟာယာနကျမ်းဖြစ်သည့် သဒ္ဓမ္မပုဏ္ဍရိက ကျမ်း၏ အမည်ကို အကြိမ်များစွာ ရွတ်ဆိုခြင်းဖြင့် နိဗ္ဗာန်ကို ရနိုင်သည်ဟု ယူဆပါသည်ဘုရား။

ဤ ကမာကုရခေတ်၌ အထင်ရှားဆုံး အချက်တစ်ခုမှာ ဂျိုဒိုရှင်ဝိုဏ်းကို တည်ထောင်သော ဘုန်းကြီးရှင်ရန်က အိမ်ထောင်ပြုလိုက်ပြီးလျှင် တစ်ခြား ဘုန်းကြီးများကိုလည်း အိမ်ထောင်ပြုရန် တိုက်တွန်းသဖြင့် ထိုအချိန်မှစ၍ ယနေ့အထိ ဂျပန်ဘုန်းကြီးများ အိမ်ထောင်ပြုကြသော အစဉ်အလာ ပြန့်ပွါး ထွန်းကားလာပါသည် ဘုရား။

http://www.dhammadownload.com



## အရှိကာဂါခေတ် ( ၁၃၃၃ – ၁၅၆၈)

ကမာကုရခေတ်သည် နှစ်ပေါင်း ၁၅၀ မျှသာ ကြာခဲ့ပါသည်။ နောက်ပိုင်းတွင် ကမာကုရ စစ်သည်များ အုပ်စုကွဲကြခြင်း၊ မွန်ဂိုတို့ ဝင်ရောက်တိုက်ခိုက်ခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်း၊ ကပ်ရောဂါများ ဖြစ်ပွါးခြင်း စသည်ကြောင့် တိုင်းပြည် မငြိမ်မသက် ဖြစ်လာရာ ၁၄ ရာစု အလယ်ပိုင်းလောက်၌ အရှိကာဂါဆိုသော ဗိုလ်ချုပ်ကြီးက အာဏာကို လုရ၍ တိုင်းပြည်ကို အုပ်ချုပ်ပါသည်။ ထို့ကြောင့် ဤခေတ်ကို အရှိကာဂါခေတ်ဟု ခေါ်ကြပါသည်။

အရှိကာဂါလည်း နိုင်နင်းအောင် မအုပ်ချုပ်နိုင်သဖြင့် တိုင်းပြည် အစိတ်စိတ် အမွှာမွှာကွဲကာ သူတစ်လူ ငါတစ်မင်း ထင်သလို စိုးမိုးအုပ်ချုပ်နေကြရာ ဘာသာတရားကိုလည်း စိတ်မဝင်စားနိုင်ကြတော့ပါ။ ဘုန်းကြီးများလည်း နိုင်ငံရေးတွင် ပြန်လည် ပါဝင်လာကြပါသည်။ အမြစ်တွယ်နေပြီဖြစ်သော ဗုဒ္ဓတရားတော်ကမူ ဂျပန်တို့၏ နိုင်ငံရေးနှင့် ယဉ်ကျေးမှု အပေါ်တွင် ဩဇာ လွှမ်းမိုးမြဲ လွှမ်းမိုးလျက်ပင် ရှိပါသည်ဘုရား။

ဗုဒ္ဓဘာသာ ဘုန်းကြီးများနှင့် ယင်းတို့၏ နောက်လိုက်များမှာ အင်အား ကောင်းမြဲကောင်းလျက် ဩဇာအာဏာ ကြီးမားမြဲ ကြီးမားလျက်ပင် ဖြစ်ပါသည်။ ထို့ကြောင့်ပင် အာဏာပိုင်တို့က ဘုန်းကြီးများကို တိုင်းပြည် စည်းလုံး

http://www.dhammadownload.com



ညီညွတ်ရေး၏ ဆူးပြောင့် ခလုတ်ကသင်းများ၊ သွေးဖိ ရေး သမားများဟု ယူဆကာ ဗုဒ္ဓဘာသာကို တိုက်ခိုက်လာကြ ပါသည်။ ခရစ်နှစ် ၁၅၇၁ ခုနှစ်၌မူ ဟီအေးတောင်ပေါ်မှ တင်ဒိုင်ကိုဏ်းဝင် ကျောင်းများကို မီးရှို့၍ ဘုန်းကြီးများကို သတ်ပစ်သည်အထိ ရက်စက် ကြမ်းကြုတ်စွာ တိုက်ခိုက် လာကြပါသည်ဘုရား။

## တိုကူဂါဝါခေတ် (၁၆၁၅ – ၁၈၆၈)

ခရစ်နှစ် ၁၆ ရာစု ရှေ့ပိုင်း၌မူ ခရစ်ယာန် သာသနာပြု အဖွဲ့များ ဂျပန်ပြည်သို့ ဝင်ရောက်လာ၍ သာသနာပြုကြပါသည်။ အကျင့်ပျက်နေသော လောကီ ဆိန်လွန်းသည့် ဗုဒ္ဓဘာသာဘုန်းကြီးများ၏ သြဇာ လွှမ်းမိုးမှု ကို တိုက်ဖျက်ရန် ခရစ်ယာန်ဘာသာကို အာဏာပိုင်တို့ အစဦးတွင် ကြိုဆို လက်ခံခဲ့ကြပါသည်။ နောက်ပိုင်း၌မူ ခရစ်ယာန်တို့၏ ခြေလှမ်းကို သိမြင်လာသဖြင့် ခရစ်ယာန် သာသနာပြု လုပ်ငန်းများကို ပိတ်ပင် တားမြစ်ခြင်း၊ သာသနာပြုပုဂ္ဂိုလ်တို့ကို တိုင်းပြည်မှ နှင်ထုတ်ခြင်း စသည် ဖြင့် ကြမ်းတမ်းစွာ နှိမ်နင်းခဲ့ကြပါသည် ဘုရား။

ထို့နောက် နိုင်ငံခြားသားများကို နှင်ထုတ်ခြင်း၊ တိုင်းပြည်အတွင်းသို့ အဝင်မခံခြင်း၊ ဝင်လာသူအချို့ကို အဆုံးစီရင်ခြင်း၊ ဂျပန်တို့ကို နိုင်ငံခြားသို့ ထွက်ခွင့်မပြုခြင်း

http://www.dhammadownload.com



စသည်ဖြင့် ဂျပန်ပြည်ကို ကမ္ဘာနှင့် အဆက်ဖြတ်ကာ အထီးကျန်ဖြစ်အောင် အာဏာပိုင်တို့ ဆောင်ရွက်ခဲ့ကြပါသည် ဘုရား။

ထိုအချိန်မှ စ၍ တိုင်းပြည် စည်းလုံးညီညွတ်ရေးကို ဆောင်ရွက်နိုင်ခဲ့ကြသဖြင့် တိုကူဂါဝါခေတ်၌ နှစ်ပေါင်း ၂၅၀ တိုင်တိုင် အေးချမ်းစွာ နေထိုင်ခဲ့ကြရသည်ဟု သိရပါသည်။ ဤ တိုကူဂါဝါခေတ်၌ ဗုဒ္ဓဘာသာကို အားပေးချီးမြှောက်ကြရာ နိုင်ငံတော်ဘာသာ ဖြစ်သည်အထိ မြင့်တက်ခဲ့ပါသည်။ အာဏာပိုင်တို့၏ ဩဇာအာဏာဖြင့် ကြီးမားခန့်ညားသော ကျောင်းကန် ဘုရားများကိုလည်း ဆောက်လုပ်နိုင်ခဲ့ကြပါသည် ဘုရား။

သို့သော် အာဏာပိုင်များနှင့် ဘုန်းတော်ကြီးများ၏ ဆက်ဆံရေးမှာ ထူးဆန်းသည်ဟု ဆိုရပါမည်။ အာဏာပိုင်များသည် ဘုန်းကြီးများကို တိုက်ရိုက် ချုပ်ကိုင်၍ ပြည်သူလူထုကို ဘုန်းကြီးများမှ တဆင့် ချုပ်ကိုင်ထားပါသည်။ အာဏာပိုင်များ၏ အမိန့်အရ ဘုန်းကြီးများသည် လူတိုင်းကို ဘုန်းကြီးကျောင်း တစ်ကျောင်းကျောင်း၌ ဗုဒ္ဓဘာသာဝင်ဖြစ်ကြောင်း မှတ်ပုံ တင်စေကြရပါသည်။ ရည်ရွယ်ချက်မှာ ခရစ်ယာန် မဖြစ်စေရန် ဖြစ်ပါသည်။ တစ်ခြား ရည်ရွယ်ချက်များလည်း ပါပါသည်။ ဘုန်းကြီးများကမူ ထို့ထက်ပို၍ လက်ထပ်ခြင်း၊ ကလေးမွေးဖွားခြင်း၊ သေခြင်း၊ အလုပ်အကိုင်

http://www.dhammadownload.com



ပြောင်းခြင်း၊ ခရီးသွားခြင်း စသည့် ကိစ္စများကိုပါ ကျောင်း၌ မှတ်ပုံ တင်စေကြပါသည်။ ဘုန်းကြီးများသည် အစိုးရ၏ သန်းကောင်စာရင်း အရာရှိများ၊ မှတ်ပုံတင် အရာရှိများနှင့် သတင်းပေးသူများသဖွယ် ဖြစ်နေကြပါသည် ဘုရား။

ထိုအခါ လူဒကာ ဒကာမများသည် ဘုန်းကြီးများ၏ လက်အောက်၌ ဘုန်းကြီးများ ပြုသလို နရမည့် အခြေအနေသို့ ရောက်နေပါသည်။ အာဏာပိုင်တို့ကလည်း ဤ လုပ်နည်း လုပ်ဟန်ကို ပုလိပ် အလုပ်ဟု မြင်ကြပါသည် ဘုရား။

ဘုန်းကြီးများက လူများကို ဤမျှလောက် တင်းတင်း ကျပ်ကျပ် ချုပ်ကိုင်ထားရာ ဂျပန်လူမျိုးအားလုံး ဗုဒ္ဓဘာသာ ဝင်များ ဖြစ်စေကာမူ ဘာသာတရား၏ အနှစ်သာရကား မရှိတော့ပါ ဘုရား။

### မေဂျီခေတ် (၁၈၆၈ မှ ယခု အချိန်အထိ)

တိုကူဂါဝါခေတ် ကုန်ခါနီးတွင် အာဏာပိုင်တို့ အားနည်းလာကာ အုပ်ချုပ်မှု လျော့လျည်းလာသဖြင့် ဩဇာအာဏာ ကျဆင်းလာပါသည်။ ပုန်ကန်မှုများလည်း အနှံ့အပြား ဖြစ်ပွါးလာပါသည်။ တိုင်းပြည်လည်း အကွဲကွဲ အပြားပြား ဖြစ်လာပါသည်။ အာဏာပိုင်တို့ ဩဇာအာဏာ ကျဆင်းလာသည်နှင့်အမျှ ဗုဒ္ဓဘာသာ အရှိန်အဝါလည်း ကျဆင်းလာပါသည်။ ဘုန်းကြီးများကလည်း ရရှိထားသော

http://www.dhammadownload.com



လာဘ်လာဘ ပစ္စည်းပစ္စယများဖြင့် ဖိမ်ခံလျက်သာ နေကြပါသည်။ ဘာသာရေးလုပ်ငန်းကိစ္စများကို မဆောင်ရွက်ကြတော့ပါ ဘုရား။

ယင်းအခြေအနေတွင် တောင်ပိုင်းမှ အင်အားကောင်းလှသော သူပုန်များသည် ၁၈၆၈ ခုနှစ်တွင် တိုကူဂါဝါ စစ်အစိုးရကို ဖြုတ်ချလိုက်ကြပြီးလျှင် ကေရာဇ် စနစ်ကို ပြန်လည် တည်ထောင်လိုက်ကြပါသည်။ ဤ ခေတ်ကို **မေဂျီခေတ်**ဟု ခေါ်ကြပါသည်။ ဤခေတ်၌ ရှင်တို ဘာသာကို နိုင်ငံတော် ဘာသာ ပြုလုပ်လိုက်ကြ ပါသည်။ အာဏာပိုင်တို့က ဗုဒ္ဓဘာသာ ဆန့်ကျင်ရေး သွေးထိုးပေး ကြသဖြင့် အာဏာပိုင်တို့နှင့် နီးစပ်ရာ အသိုင်းအဝန်းအတွင်း၌ ဗုဒ္ဓဘာသာ ဆန့်ကျင်မှုတွေ တိုးပွါးလာပါသည်။ များစွာသော ဘုန်းကြီးကျောင်းများ၊ ဆင်းတုတော်များ၊ ကျမ်းစာများကို မီးရှို့ ဖျက်ဆီးပစ်ကြပါသည်။ ကျောင်းပိုင် လယ်, ယာ, မြေ တို့ကိုလည်း သိမ်းယူကြပါသည်။ ဘုန်းကြီးများကိုလည်း သက်ဆိုင်ရာ ရာထူးများမှ ချပစ်ကြပါသည်။ သို့သော်လည်း ဂျပန်လူထု၏ စိတ်နှလုံးထဲ၌ အမြစ်တွယ်နေပြီဖြစ်သော ဗုဒ္ဓဘာသာ စိတ်ဓာတ်ကြောင့် မကြာမီဘဲ ဗုဒ္ဓဘာသာ ပြန်လည် တောက်ပြောင်လာခဲ့သည် မှာ ယနေ့အချိန်အထိ ဖြစ်ပါသည် ဘုရား။

http://www.dhammadownload.com



သို့တစေ ယခုခေတ် ဂျပန်ဗုဒ္ဓဘာသာ ဘုန်းကြီး အများစုသည် အိမ်ထောင် သားမွေး၊ စီးပွါးရေး လုပ်ကြရုံမျှ မက လူသေသည့်အခါနှင့် တစ်နှစ်တစ်ကြိမ် ကွယ်လွန်သူ ဘိုးဘွား မိဘ ပူဇော်ပွဲ ပြုလုပ်သည့်အခါများ၌ ရွတ်ဖတ် ပေးရုံမှတစ်ပါး တခြား ဘာသာရေး အလုပ်ကို မလုပ်ကြ သဖြင့် လူတို့နှင့် မခြားနားတော့ပါ။ မြန်မာဗုဒ္ဓဘာသာကို လေ့လာထားသော ဂျပန်ဘုန်းကြီးတစ်ဦးက "ဂျပန် ဗုဒ္ဓ ဘာသာဟာ ဗုဒ္ဓဘာသာ မဟုတ်ပါဘူး၊ ဗုဒ္ဓဘာသာ ဓလေ့ ထုံးစံလောက်ပါပဲ"ဟု ပြောဘူးပါသည်။ ထို့ကြောင့် နောက်ပေါက် ဂျပန်လူငယ် လူရွယ်များသည် မိရိုးဖလာ ဗုဒ္ဓဘာသာကိုလည်း မယုံကြည်၊ အခြားဘာသာ တစ်ခုခု ကိုလည်း လက်မခံနိုင်ကြသဖြင့် (Free Thinker) ဘာသာ မရှိသူများ ဖြစ်နေကြသည်ဟု သိရပါသည်ဘုရား။

## တိဘက်၌ ဗုဒ္ဓသာသနာ စ,တင် ပြန့်ပွါးပုံ

တိဘက်နိုင်ငံတွင် ဗုဒ္ဓဘာသာ မရောက်မီက တိဘက် လူမျိုးများသည် "ဘွန်း" ဘာသာကို ကိုးကွယ်ကြပါသည်။ ဘွန်း ဘာသာ ဆိုသည်မှာ တော, တောင်, မြစ်, ချောင်း, အင်းအိုင်များနှင့် တောစောင့်နတ်၊ တောင်စောင့်နတ် စသည်ကို ကိုးကွယ်ခြင်း၊ စုံး, ကဝေများ, မှော်ဆရာများနှင့်

http://www.dhammadownload.com



ပျောက်စေ ဆရာများကို ကိုးကွယ်ခြင်းများကို "ဘွန်း" ဘာသာဟု ခေါ်ပါသည် ဘုရား။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း ၁၀၀၀ ခန့်, ခရစ်နှစ် ၅ ရာစုခန့်တွင် အိန္ဒိယပြည်မှ ဘုန်းတော်ကြီးများ ယူဆောင်လာ၍ တိဘက်နိုင်ငံသို့ ဗုဒ္ဓဘာသာ စ,တင် ရောက်လာသည်ဟု အဆိုရှိသော်လည်း ခိုင်လုံသော မှတ်တမ်း မှတ်ရာများနှင့် သက်သေ အထောက် အထားများ မတွေ့ရ၍ ထိုအဆိုကို သုတေသန ပညာရှင်များ လက်မခံကြပါ ဘုရား။

ခရစ်နှစ် ၇ ရာစု (သာသနာနှစ် ၁၂၀၀) ခန့်တွင် နန်းစံသော တိဘက်ဘုရင် စုန်စင်ဂမ်ပို လက်ထက်ကျမှပင် တိဘက်သို့ ဗုဒ္ဓဘာသာ စ,တင် ရောက်လာကြောင်း အထောက်အထားများ တွေ့ရပါသည် ဘုရား။

စုန်စင်ဂမ်ပိုသည် နှလုံးရည်ရော လက်ရုံးရည်ပါ ပြည့်ဝ၍ ဘုန်းတန်ခိုး ကြီးမားလှသော ဘုရင်ဖြစ်ရာ တရုတ်ပြည်ကြီး၏အရှင် ဘုရင်ဧကရာဇ် တိုက်စုန် (Taitsung) သည် သမီးတော် ဝင်ချင်ကိုလည်းကောင်း၊ နီပေါပြည့်ရှင် ဘုရင် **အံသုဝါမန် (Amsuvarman)** သည် သမီးတော် **ဘရိကုတီကို** လည်းကောင်း တိဘက်ဘုရင် စုန်စင်ဂမ်ပိုအား ဆက်သ၍ ရွှေလမ်းငွေလမ်း ဖေါက်ကြ ပါသည်။ ထိုအချိန်တွင် ထို နှစ်နိုင်ငံလုံး၌ ဗုဒ္ဓသာသနာတော်

http://www.dhammadownload.com



ပြန့်ပွါးနေပြီဖြစ်ရာ မင်းသမီး နှစ်ပါးလုံးသည် မိမိတို့ ကိုးကွယ်ရန် **အကျွောဘာဘုရားလောင်း** ရုပ်တု၊ **အရိမေတွေယျ** ဘုရားလောင်း ရုပ်တုနှင့် သကျမုနိ ဆင်းတုတော်များကို တပါတည်း ယူဆောင်ခဲ့ကြပါသည်။ ဤ အချက်မှာ တိဘက်နိုင်ငံ၌ ဗုဒ္ဓသာသနာတော် ပြန့်ပွါးခြင်း၏ အကြောင်း ရင်း ဖြစ်ပါသည် ဘုရား။

ဘုရင် စုန်စင်ဂမ်ပိုသည် သူ၏ တိုင်းသူပြည်သား များကို ယဉ်ကျေးမှု တိုးတက်လာစေလိုသော ဆန္ဒ ပြင်းပြလှ သဖြင့် မင်းသမီးနှစ်ပါး၏ အကူအညီကို ယူကာ ဗုဒ္ဓ ဘာသာ တရားတော်များကို အားကြိုးမာန်တက် ဟောပြော ဖြန့်ဖြူးခဲ့ပါသည် ဘုရား။

ပညာဉာဏ်ထက်မြက်သော အမတ်ကြီး ထုန်မိ ဦးဆောင်သော ပညာရှင် ၁၇ ဦး ပါဝင်သည့် အဖွဲ့ တစ်ဖွဲ့ ကိုလည်း အက္ခရာ အရေးအသား၊ ဘာသာစာပေ၊ သဒ္ဒါကျမ်း စသည်တို့ကို လေ့လာရန် အိန္ဒိယပြည်သို့ စေလွှတ်ပါသည်။ ထိုပညာရှင်များ ပြန်ရောက်လာသော အခါမှ တိဘက် အက္ခရာ၊ ဘာသာစကား၊ သဒ္ဒါဖွဲ့စည်းပုံ စသည်တို့ကို စနစ်တကျ တီထွင်ကြရပါသည်။ ထို ပညာရှင်များ အဖွဲ့သည် မဟာယာန ဗုဒ္ဓဘာသာကျမ်း တစ်ကျမ်းကိုလည်း တိဘက် ဘာသာသို့ အစမ်း ပြန်ဆို၍ ယူဆောင်ခဲ့ကြပါသည် ဘုရား။

http://www.dhammadownload.com



ဘုရင် စုန်စင်ဂမ်ပိုသည် ဗုဒ္ဓတရားတော်မှ သုစရိုက် တရား ဆယ်ပါးကို အခြေခံ၍ နိုင်ငံတော်၏ ဥပဒေကို ရေးဆွဲပြဋ္ဌာန်းပါသည်။ လာဆာမြို့တော်တွင် ပိုတလာ နန်းတော်နှင့် ရာမိုချေ (Ramoche) ကျောင်းတော်၊ ဂျိုခန် (Jokhang) ကျောင်းတော်တို့ကိုလည်း တည်ဆောက် ခဲ့ပါသည် ဘုရား။

ဘုရင် စုန်စင်ဂမ်ပိုသည် ဗုဒ္ဓသာသနာတော် ပြန့်ပွားရေးအတွက် ဤမျှလောက် ကြိုးပမ်းအားထုတ် သော်လည်း ဘွန်းဘာသာ အစွဲကြီးလှသော ရှေးဆန်လှသည့် တိဘက်နိုင်ငံ၌ စုန်စင်ဂမ်ပို ဖြစ်စေချင်သလို ဗုဒ္ဓဘာသာ လျင်မြန်စွာ အမြစ် မတွယ်နိုင်ဘဲ ဖြစ်နေပါသည်။ တစိမ်း တရုံဆံဖြစ်သော ဗုဒ္ဓဘာသာကို ဘွန်းအစွဲ ကြီးလှသော တိဘက်တို့သည် နည်းအမျိုးမျိုးဖြင့် ဆန့်ကျင် တိုက်ခိုက် ကြပါသည်။ ဗုဒ္ဓဘာသာသည် ဆန့်ကျင်ဘက် အခက်အခဲ အတိုက်အခိုက် အမျိုးမျိုးကို နှစ်ပေါင်း ၃၀၀ ကြာအောင် ခုခံ တွန်းလှန်ပြီးမှပင် တိဘက်နိုင်ငံ၌ အမြစ်တွယ် အခြေချ နိုင်ခဲ့ပါသည်။

ဘုရင် စုန်စင်ဂမ်ပိုနောက် မင်းငါးဆက်မြောက် ဖြစ်သည့် ဘုရင် ခရိစုန်ဒေစင် လက်ထက်, ခရစ်နှစ် ၈ ရာစု ကုန်ခါနီးတွင် စုန်ဒေစင်သည် အိန္ဒိယပြည် မဟာယာန ဗုဒ္ဓဘာသာ ဗဟိုဌာနဖြစ်သည့် နာလန္ဒတက္ကသိုလ်မှ

http://www.dhammadownload.com



ကျောင်းအုပ်ကြီး သန္တရက္ခိတမထေရ်ကို တိဘက်သို့ပင့်၍ သာသနာ ပြုစေပါသည်။ အပြောအဟော ကောင်းလှသော သန္တရက္ခိတ မထေရ်၏ တရားများကို တိဘက်တို့ နားမဝင်ကြပါ။ တိဘက်တို့သည် လေမုန်တိုင်း တိုက်ခြင်း၊ မိုးကြီးလေကြီး ကျခြင်း၊ ကူးစက်ရောဂါများ ဖြစ်ပွါးခြင်း စသည်များကို သန္တရက္ခိတမထေရ် ဟောသော ဗုဒ္ဓ တရားတော်များကြောင့် ဖြစ်သည်ဟု စွပ်စွဲကာ မထေရ်ကို အန္တရာယ်ပြုမည့် အခြေအနေအထိ ဆန့်ကျင်လာကြ ပါသည်။ အခြေအနေကို ရိပ်စားမိသော ဘုရင်သည် မထေရ်ကို အိန္ဒိယသို့ အခိုက်အတံ့ ပြန်ပို့ထားရပါသည်။

တိဘက်တို့၏ စိတ်နေသဘောထားကို ကိုယ်တွေ့ သိမြင်ခဲ့ပြီးဖြစ်သော သန္တရက္ခိတမထေရ်သည် မန္တန်၊ မန္တရား၊ မှော်အတတ်ပညာ စသော တန္တရဝါဒ၌ တဘက် ကမ်းရောက် တတ်မြောက်သော ပဒုမသမ္ဘဝ မထေရ်ကို ပင့်ရန် ဘုရင်အား အကြံပေးရာ ဘုရင် ပင့်ဆောင်၍ ပဒုမသမ္ဘဝမထေရ် တိဘက်သို့ ကြွရောက်ကာ သာသနာပြု ရပါသည်။ မထေရ်သည် မိမိ၏ အတတ်ပညာဖြင့် ဗုဒ္ဓ ဘာသာ တရားတော်ကို ပိတ်ပင် တားဆီးနေကြသော ဘွန်းဘုန်းကြီး၊ နတ်ဆရာ၊ မှော်ဆရာ၊ နတ်ဆိုး နတ်ဝါး၊ စုန်း တစ္ဆေ ကဝေဆိုသည်များကို နှိမ်နင်း အောင်မြင်သဖြင့် တိဘက်တို့သည် ဗုဒ္ဓဘာသာကို ယုံကြည် ကိုးကွယ်

http://www.dhammadownload.com



ဆည်းကပ်လာကြပါသည်။ ထိုအချိန်မှစ,၍ တိဘက်တို့သည် ပဒ္မသမ္ဘဝမထေရ်ကို ဘုရားတစ်ဆူ ဂူတစ်လုံး သဖွယ် သဘောထား၍ ဆည်းကပ် ကိုးကွယ်ကြပါသည်။ ဘွဲ့ကိုပင် မခေါ်တော့ပဲ ဂုရုရင်ပိုချေ (ဆရာ အရှင်မြတ်ကြီး) ဟု ယနေ့တိုင် မမေ့နိုင်ဘဲ စွဲမြဲစွာ ခေါ်ဝေါ်ကြပါသည် ဘုရား။

ထိုအချိန်မှ စ,၍ တိဘက်၌ မဟာယာနဂိုဏ်းခွဲ တန္တရဟဿဗုဒ္ဓဘာသာ ပြန့်ပွါးလာခဲ့ပါသည်။ ဤ တန္တရဂိုဏ်းကို မန္တရဂိုဏ်း၊ ဝဇိရယာနဂိုဏ်း ဟုလည်း ခေါ်ပါသည်။

ခရိဒေစုန်စင်သည် သူ၏ သားတော်အငယ် ရာလ်ပါချင်ကို ခရစ်နှစ် ၈၁၆ ခုနှစ်တွင် ထီးနန်းကို ဆက်ခံစေပါသည်။ ရာလ်ပါချင်သည်လည်း ဗုဒ္ဓသာသနာကို အထူးကြည်ညိုသော မင်းဖြစ်၍ လွန်စွာ ချီးမြှောက် ထောက်ပံ့ပါသည်။ သို့သော် သူ၏နောင်တော် လန်ဒါမားနှင့် ယခုတိုင် ဘွန်းဘာသာ အစွဲသန်နေသေးသော မှူးမတ်တချို့ ပူးပေါင်း၍ ရာလ်ပါချင်ကို ခရစ်နှစ် ၈၃၈ ခုနှစ်တွင် လုပ်ကြံလိုက်ကြပြီးလျှင် လန်ဒါမား နန်းတက်ပါသည်။ လန်ဒါမား အုပ်စိုးသော တစ်ချိန်လုံးသည် ဗုဒ္ဓဘာသာ အမှောင်ခေတ်ကြီး ဖြစ်ပါသည် ဘုရား။

လန်ဒါမားသည် ဘုရားဆင်းတုတော်များကို မြေမြှုပ်ခြင်း၊ ဘုန်းကြီးကျောင်းများကို ဖျက်ဆီးခြင်း၊ ဘာသာရေး အခမ်းအနားများကို ပိတ်ပင်ခြင်း၊ ဘုန်းကြီးများကို

http://www.dhammadownload.com



အတင်းအကြပ် လူထွက်စေခြင်း စသည်ဖြင့် ဗုဒ္ဓဘာသာ ဖျက်ဆီးရေး အလုပ်ကို အစွမ်းကုန် ပြုလုပ်ပါသည်။ သူ၏ လုပ်ရပ်က တိုင်းသူပြည်သားတို့၏ စိတ်နှလုံးကို ညှိုးချုံးပူလောင်စေပါသည်။ ဒေါသ အမျက် ချောင်းချောင်း ထွက်စေပါသည်။ သူပြုသော မကောင်းမှုသည် သူ၏ ကိုယ်ပိုင်ဥစ္စာဖြစ်ရာ သူနန်းစံနှစ် သုံးနှစ်မပြည့်မီပင် မခံနိုင် လွန်းသော ဘုန်းကြီးတစ်ပါး၏ အဆုံးစီရင်ခြင်းကို မရှုမလှ ခံလိုက်ရပါသည် ဘုရား။

နောက်ပိုင်း နန်းတက်သော ဘုရင်များသည် ဗုဒ္ဓ ဘာသာကို ကြည်ညိုအားပေးကြသော မင်းများချည်း ဖြစ်ရာ ဗုဒ္ဓသာသနာတော် တရှိန်ရှိန် ထွန်းတောက်လာ ပါတော့ သည်။ ခရစ်နှစ် ၁၁ ရာစုသို့ ရောက်သောအခါ အိန္ဒိယပြည် ဝိက္ကမသီလတက္ကသိုလ်မှ ကျောင်းအုပ်ကြီး ဒီပင်္ကရသိရီ ဉာဏမထေရ်ကို တိဘက်သို့ပင့်၍ သာသနာပြုစေရာ ထူးကဲစွာ အောင်မြင်မှုရပါသည်။ ထို မထေရ်ကို တိဘက် တို့က ကြည်ညိုရိုသေလှသဖြင့် အာစရိယ အတိဆာ ဟု ခေါ်ကြပါသည် ဘုရား။

တဖြည်းဖြည်း နှစ်ကြာလာသောအခါ တိဘက်တို့ ကိုးကွယ်သော တန္တရဂိုဏ်းမှ ပင်မဂိုဏ်းကြီး ၅ ဂိုဏ်း ပေါ်ပေါက်လာပါသည်။ ခရစ်နှစ် ၉ ရာစုတွင် ငြင်မဂိုဏ်း၊ ခရစ်နှစ် ၁၁ ရာစုတွင် ကဂျူဂိုဏ်း၊ သကျာဂိုဏ်း၊ ကာဒမ်

http://www.dhammadownload.com



ဂိုဏ်းများ၊ ခရစ်နှစ် ၁၄ ရာစုတွင် ဂေလုဂိုဏ်း ဟူ၍ ပင်မဂိုဏ်းကြီး ၅ ဂိုဏ်း ပေါ်ပေါက်ခဲ့ပါသည်။ ထို ပင်မ ၅ ဂိုဏ်းမှ ဂိုဏ်းသေးဂိုဏ်းမွှားပေါင်း မြောက်မြားစွာ လည်း ပေါ်ပေါက်လာပါသည် ဘုရား။

ဂိုဏ်းကြီး ၅ ဂိုဏ်း အနက်မှ ဂေလုဂိုဏ်းသည် နိုင်ငံရေးအရ အင်အားကြီးမား၍ အရေးအပါဆုံးသော ဂိုဏ်း ဖြစ်ပါသည်။ ခရစ်နှစ် ၁၇ ရာစုတွင် တိဘက်ဘုရင် စမ္မကို မွန်ဂိုဘုရင် ဂုသိရီခန်က နန်းချ၍ ဂေလုဂိုဏ်းမှ ပဉ္စမ ဒလိုင်လားမားကို နန်းတင်ခဲ့ရာ ထိုအချိန်မှ စ,၍ တိဘက်နိုင်ငံကို ဒလိုင်လားမားဟု ခေါ်သော ရဟန်းမင်း အဆက်ဆက် အုပ်စိုးခဲ့ပါသည်။ လားမားဆိုသည်မှာ မြင့်မြတ်သူ ဟု အဓိပ္ပါယ် ရပါသည်။ ၁၉၅၉ ခုနှစ်တွင် တရုတ်များ ဝင်ရောက် တိုက်ခိုက်သဖြင့် အိန္ဒိယသို့ ထွက်ပြေး ခိုလှုံနေရသော ယခုလက်ရှိ ဒလိုင်လားမားမှာ ၁၄ ဆက်မြောက် ဒလိုင်လားမား ဖြစ်ပါသည် ဘုရား။

## မွန်ဂိုလီးယား၌ ဗုဒ္ဓသာသနာ စ,တင် ပြန့်ပွါးပုံ

မွန်ဂိုလီးယားနိုင်ငံသည် တရုတ်ပြည်နှင့် ဆက်စပ် လျက်ရှိရာ ခရစ်နှစ် ၄ ရာစုနှစ်လောက်ကပင် ဗုဒ္ဓဘာသာနှင့် စ,တင် ထိတွေ့ခဲ့ရပါသည်။ ၇ ရာစုနှစ်၌မူ နိုင်ငံ အနှံ့ အပြားသို့ ပြန့်နှံ့လျက် ရှိပါပြီ။

http://www.dhammadownload.com



သို့သော်လည်း ၁၄ ရာစု နှောက်ထက်ဝက် အချိန်တွင် တရုတ်ပြည်ကို မွန်ဂိုလူမျိုးတို့ အုပ်စိုးမှု အဆုံးသတ်သွားသောအခါ ဗုဒ္ဓဘာသာ တဖြည်းဖြည်း အားနည်းလာပါသည်။

၁၇ ရာစုနှစ်များတွင် မွန်ဂိုလီးယားသို့ တိဘက်ဘုန်းကြီးများ ကြွလာချိန်မှ စ၍ ဗုဒ္ဓဘာသာ ပြန်လည်အားပြည့်လာပါသည်။ မွန်ဂိုလီးယားသည် တရုတ်ပြည်နှင့် တစပ်တည်းဖြစ်သော်လည်း မွန်ဂိုတို့သည် တိဘက် ဗုဒ္ဓဘာသာကို ပို၍နှစ်သက်ကြသဖြင့် တိဘက် ဗုဒ္ဓဘာသာကိုသာ ကိုးကွယ်ကြပါသည်ဘုရား။

## နီပေါ၌ ဗုဒ္ဓသာသနာ စ,တင်ပြန့်ပွါးပုံ

နီပေါနိုင်ငံသည် အိန္ဒိယ၏ မြောက်ဘက်၌ ကပ်လျက်ရှိ၍ အိန္ဒိယနှင့် နယ်နိမိတ်ချင်း စပ်နေပါသည်။ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ မယ်တော်၊ ခမည်းတော်များ နေထိုင်ရာ ကပ္ပိလဝတ် နေပြည်တော်နှင့် ဘုရားလောင်းဖွားမြင်ရာ လုမ္ဗိနီအင်ကြင်းဥယျာဉ်တို့သည် နီပေါနိုင်ငံအတွင်း အိန္ဒိယ နယ်စပ်အနီးမှာ ရှိပါသည်။ လုမ္ဗိနီအင်ကြင်းဥယျာဉ်သည် ကပ္ပိလဝတ်မြို့တော်၏ အရှေ့တောင်ဘက် ၁၅ မိုင် အကွာတွင်ရှိ၍ အိန္ဒိယနယ်စပ်နှင့် ပို၍ နီးပါသည်ဘုရား။

http://www.dhammadownload.com



မြတ်စွာဘုရားသည် ဘုရား ဖြစ်တော်မူပြီးနောက် တစ်နှစ်အကြာ ကဆုန်လတွင် ခမည်းတော် သုဒ္ဓေါဒန မင်းကြီး ပင့်လျှောက်ချက်အရ ကပိလဝတ်ပြည်သို့ ကြွတော်မူပါသည်။ ခမည်းတော်နှင့်တကွ တိုင်းသူပြည်သားများကို တရားရေအေး တိုက်ကျွေးတော်မူပါသည်။ ညီတော်နန္ဒကို ရဟန်းအဖြစ်သို့လည်းကောင်း၊ သားတော်ကလေး ရာဟုလာကို ရှင်သာမဏေအဖြစ်သို့ လည်းကောင်း သွတ်သွင်း ချီးမြှင့်တော်မူပါသည်။ ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းတော်၌ ရုံဖန်ရုံခါ မြတ်စွာဘုရား သီတင်းသုံးတော်မူပါသည်။ မဟာသမယသုတ်တော်ကို ဤ ကပိလဝတ်မြို့အနီး မဟာဝုန် တောကြီးအတွင်းမှာ ဟောတော်မူပါသည် ဘုရား။

သို့ဖြစ်၍ ရှေးက ကပိလဝတ်ပြည်ရှိရာ ယခုနီပေါနိုင်ငံ၌ မြတ်စွာဘုရား ပွင့်တော်မူပြီးစ ကတည်းက ဗုဒ္ဓသာသနာ ပြန့်ပွါးခဲ့ပါသည်။ မည်သည့် ခေတ်ကာလအထိ အဆက်မပြတ် ပြန့်ပွါးခဲ့သည်ကိုမူ မသိရပါ ဘုရား။

အသောကမင်းကြီးသည် ခရစ်မပေါ်မီ နှစ်ပေါင်း ၃၀၀ လောက်တွင် နီပေါသို့ကြွ၍ မြတ်စွာဘုရား ဖွားတော်မူရာ နေရာ၌ အထိမ်းအမှတ်ကျောက်တိုင် စိုက်ထူကြောင်း၊ သူ၏ သမီးတော် စာရုမတီကိုလည်း နီပေါအမတ်ကြီး တစ်ဦးနှင့် ထိမ်းမြားကြောင်း၊ ထို သမီးက

http://www.dhammadownload.com



နီပေါနိုင်ငံ၌ ကျောင်း၊ ကန်၊ ဘုရား အမြောက်အများ တည်ထား ဆောက်လုပ်ကြောင်း သိရပါသည် ဘုရား။

ခရစ်နှစ် စောစောပိုင်းတွင် နီပေါနိုင်ငံသည် အအေးလွန်ကဲ၍ ရာသီဥတု ပြင်းထန်သဖြင့် ထိုနိုင်ငံ၌ သီတင်းသုံးသော သဗ္ဗတ္ထိဝါဒ ဂိုဏ်းသား ရဟန်းများသည် အဝတ်သင်္ကန်းနှင့် ပတ်သက်သော ဝိနည်း စည်းမျဉ်းများကို လျှော့လျှော့ပေါ့ပေါ့ ကျင့်သုံးရသည်ဆိုရာ ထိုအချိန်တွင် နီပေါ၌ သဗ္ဗတ္ထိဝါဒဂိုဏ်း သာသနာ ပြန့်ပွါးနေသည်ဟု ယူဆရပါသည် ဘုရား။

အဘိဓမ္မာကောသကျမ်းကို ပြုစု၍ အစဦးတွင် ထင်ရှားသော သဗ္ဗတ္ထိဝါဒဂိုဏ်း ဆရာကြီး တစ်ဦးဖြစ်ပြီး နောက်ပိုင်းတွင် မဟာယာနဘက်ကို ပြောင်းသွားသော အာစရိယ ဝသုဗန္ဓု သည်လည်း ၄ ရာစုနှစ်၌ နီပေါသို့ ကြွရောက်ခဲ့ပါသည်။ ထို့ကြောင့် ထိုအချိန်တွင် သဗ္ဗတ္ထိဝါဒ ဂိုဏ်း ပြန့်ပွါးလျက်ရှိကြောင်း သိရပါသည် ဘုရား။

ခရစ်နှစ် ၇ ရာစုတွင် နီပေါ၌ နန်းတက်သော အံသုဝါမန် ဘုရင်သည် ဗုဒ္ဓဘာသာဝင် တစ်ဦးဖြစ်ပြီး ဗုဒ္ဓသာသနာတော်ကို အားပေးချီးမြှောက်ပါသည်။ ဤဘုရင် အံသုဝါမန်သည်ပင် တိဘက်ဘုရင် စုန်စင်ဂမ်ပိုအား သမီးတော်ကို ဆက်သ၍ ရွှေလမ်း ငွေလမ်း ဖောက်ခဲ့သဖြင့်

http://www.dhammadownload.com



တိဘက်တွင် ဗုဒ္ဓဘာသာ စ,တင် ပြန့်ပွါးခဲ့ပါသည်။ ထိုအချိန်မှ စ,၍ အနည်းဆုံး ၈ ရာစု၊ ၉ ရာစုနှစ်များအထိ နီပေါနှင့် တိဘက်တို့ ဘာသာရေး ယဉ်ကျေးမှုအရ ရင်းနှီး ကျွမ်းဝင်စွာ ဆက်သွယ်မှုရှိကြောင်း သိရပါသည် ဘုရား။

၁၁၉၈ ခုနှစ်တွင် တူရကီမူဆလင်များသည် အိန္ဒိယပြည် ဗီဟာနယ်နှင့် ဘင်္ဂါနယ်များကို ဝင်ရောက်တိုက်ခိုက်၍ ဘုန်းကြီးကျောင်းများ၊ နာလန္ဒာတက္ကသိုလ်ကဲ့သို့သော ကြီးကျယ်သည့် မဟာယာန တက္ကသိုလ်များ၊ စာကြည့်တိုက်များကို ပြာပုံဖြစ်သည်အထိ မီးရှို့ခြင်း၊ ဗုဒ္ဓဘာသာ ဘုန်းကြီးများကို သတ်ဖြတ်ခြင်း၊ ဟိန္ဒူဘာသာဝင်များနှင့် ဗုဒ္ဓဘာသာဝင်များကို အစ္စလာမ် ဘာသာသို့ အတင်းအကြပ် ဝင်စေခြင်း၊ မဝင်လျှင် သတ်ခြင်း စသည်ဖြင့် ဗုဒ္ဓဘာသာကို အမြစ်ပါမကျန် ဖျက်ဆီး ပစ်ကြပါသည်။ ထိုအချိန်တွင် အပြေးကောင်းသော ဘုန်းကြီးများသည် ယူနိုင်သမျှသော တန္တရဗုဒ္ဓဘာသာ ကျမ်းစာများကို ယူ၍ နီပေါနိုင်ငံသို့ ထွက်ပြေးကြပါသည်။ ထိုအချိန်မှ စ,၍ နီပေါနိုင်ငံ၌ မဟာယာန တန္တရဗုဒ္ဓဘာသာ ထွန်းကားလာခဲ့ပါသည် ဘုရား။

ယခုခေတ်၌မူ ဟိန္ဒူဘာသာဝင်များက ပိုမို အားကောင်းလျက် ရှိပါသည်။ သို့သော်လည်း ထေရဝါဒ

http://www.dhammadownload.com



ဗုဒ္ဓဘာသာလည်း တဖြည်းဖြည်း တိုးတက်လျက် ရှိပါသည် ဘုရား။

ဆိုက်ကင်နိုင်ငံ၊ ဘူတန်နိုင်ငံတို့၌လည်း တိဗက်နိုင်ငံ၏ မဟာယာန အရှိန်အဝါ လွှမ်းမိုးခြင်းကြောင့် မဟာယာန တန္တရဗုဒ္ဓဘာသာပင် ပြန့်ပွါးပါသည် ဘုရား။

## မလေးရှား၌ ဗုဒ္ဓသာသနာ စ,တင် ပြန့်ပွါးပုံ

မလေးကျွန်းဆွယ်သည်လည်း သုဝဏ္ဏဘူမိ ဟု ရှေးက ခေါ်ဝေါ်သောဒေသ၌ ပါဝင်ကြောင်း အချို့ ပညာရှင်များ ယူဆကြပါသည်။ ထိုအယူအဆအရ ဆိုသော် တတိယသံဂါယနာ တင်အပြီး သာသနာပြုစေလွှတ်ရာ ဒေသတွင် ပါဝင်သဖြင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း ၂၅၀ ခန့်တွင် ထို ဒေသ၌ ဗုဒ္ဓသာသနာ စ,တင် ရောက်ရှိသည် ဟု ဆိုရပါမည်။ သို့သော် ခိုင်လုံသော အထောက်အထားကား မတွေ့ရပါ။

ခိုင်လုံသော အထောက်အထား အနေနှင့်မူ ခရစ်နှစ် ၄ ရာစု ၅ ရာစုသုံး အိန္ဒိယ အက္ခရာတို့ဖြင့် ရေးထိုးထားသော သင်္ကရိတ်ဘာသာ ကျောက်စာများကို မလေးကျွန်းဆွယ် အနှံ့အပြား၌ တွေ့ကြရပါသည်။ ထို ကျောက်စာများ၌ ရေးထိုးထားသော စာများမှာ မဟာယာန မဇ္ဈိမိကဂိုဏ်း၏

http://www.dhammadownload.com



အတွေးအခေါ်များ ဖြစ်ကြောင်း တွေ့ရပါသည်။ ထို့ကြောင့် ခရစ်နှစ် ၅ ရာစုလောက်ကပင် မလေးကျွန်းဆွယ်၌ မဟာယာနဗုဒ္ဓဘာသာ စ,တင် ရောက်ရှိနေပြီဟု ယူဆဖွယ် ရှိပါသည်ဘုရား။

ခရစ်နှစ် ၇ ရာစု၌ ဆုမတြာကျွန်းတွင် သိရိဝိဇယနိုင်ငံသည် တန်ခိုးထွားသော ဗုဒ္ဓဘာသာနိုင်ငံအဖြစ် ထင်ရှားလာရာ မလေးကျွန်းဆွယ်ကိုပါ အုပ်စိုး လွှမ်းမိုးလာခဲ့ပါသည်။ ၇ ရာစုနှစ် ကုန်ခါနီး၌ သိရိဝိဇယ နိုင်ငံသို့ ကြွလာ၍ အချိန်အတော်ကြာ သီတင်းသုံးသွားသော တရုတ်ခရီးသည် ဘုန်းတော်ကြီး အိကျင်က သိရိဝိဇယနိုင်ငံ၌ ဗုဒ္ဓသာသနာ လွန်စွာ ထွန်းကား၍ အနီးအပါးနိုင်ငံများသို့ ဗုဒ္ဓသာသနာတော် ဖြန့်ဖြူးရာ ဗဟိုဌာနဖြစ်ကြောင်း၊ ရဟန်းပေါင်း တစ်ထောင်ကျော် ရှိကြောင်း၊ သဗ္ဗတ္ထိဝါဒဂိုဏ်း ထွန်းကားကြောင်း၊ မဟာယာန အနည်းငယ်ရှိကြောင်း မှတ်တမ်းပြုခဲ့ပါသည်ဘုရား။

ခရစ်နှစ် ၈ ရာစု၌မူသိရိဝိဇယ နိုင်ငံကို အုပ်စိုးသော သေလေန္ဒြ ဘုရင်များသည် အိန္ဒိယပြည်မှ တန္တ ရဗုဒ္ဓဘာသာ ဗဟိုဌာနဖြစ်သော နာလန္ဒတက္ကသိုလ်နှင့် လည်းကောင်း၊ တန္တ ရဗုဒ္ဓဘာသာဝင် ပါလမင်းတို့၏ ဝိက္ကမသီလ၊ ဩဒန္တပူရီ၊ ဂျဂဒ္ဒလ တက္ကသိုလ်များနှင့် လည်းကောင်း ရင်းနှီး ကျွမ်းဝင်စွာ ဆက်ဆံကြသဖြင့် သိရိဝိဇယ နိုင်ငံတော်

http://www.dhammadownload.com



ဖြစ်သော မလေးကျွန်းဆွယ်၊ ဆုမတြာကျွန်း၊ ဂျားဗားကျွန်း များသို့ မဟာယာနတန္တရဗုဒ္ဓဘာသာ ရောက်ရှိလာကာ စည်ပင်ပြန့်ပွါး ထွန်းကားခဲ့ပါသည် ဘုရား။

ဂျားဗားကျွန်းမှ ကမ္ဘာ့အံ့ဖွယ်ဖြစ်အောင် ကြီးကျယ် ခန်းနားသည့် ဗိုရိုဗုဒူးစေတီတော်ကြီး၊ မင်းဒွတ် စေတီတော် ကြီး များသည် ၈ ရာစု အတွင်း၌ သေလေန္ဒြ ဘုရင်များ တည်ဆောက်ခဲ့သော ဘာသာရေး အဆောက်အအုံကြီးများ ဖြစ်ပါသည်။ ခရစ်နှစ် ၁၃ ရာစု ရောက်သောအခါ သေလေန္ဒြ ဘုရင်တို့၏ သိရိဝိဇယ နိုင်ငံတော်ကို ဟိန္ဒူ ဘုရင်များ တိုက်ခိုက် သိမ်းယူလိုက်ကြပါသည် ဘုရား။

ခရစ်နှစ် ၁၆ ရာစုနှစ်သို့ ရောက်သောအခါ မူဆလင် စူလတန်ဘုရင်များက သိရိဝိဇယကို ဟိန္ဒူဘုရင်များ၏ လက်မှ တိုက်ခိုက် သိမ်းယူလိုက်ကြပါသည်။ သိရိဝိဇယ နိုင်ငံ၏ အစိတ်အပိုင်း ဖြစ်သော မလေးကျွန်းဆွယ် သည်လည်း မူဆလင်တို့ လက်အောက်သို့ ကျရောက် သွားပါသည်။ ထိုအချိန်မှ စ၍ မလေးကျွန်းဆွယ်၌ ဗုဒ္ဓဘာသာ ကွယ်ပျောက်သလောက်နီးပါး ဖြစ်သွားပါသည် ဘုရား။

ယခု မျက်မှောက်ခေတ်၌ မဟာယာန ဗုဒ္ဓဘာသာဝင် တရုတ်များနှင့် တရုတ်နွယ်ဘွား ထေရဝါဒ ဗုဒ္ဓဘာသာဝင် များ၏ တစ်စ တစ်စ ကြိုးစားမှုဖြင့် ဗုဒ္ဓဘာသာ ပြန်လည် ရှင်သန်လာပြီ ဖြစ်ပါသည်ဘုရား။

http://www.dhammadownload.com



## အင်ဒိုနီးရှား၌ ဗုဒ္ဓသာသနာ စ,တင် ပြန့်ပွါးပုံ

သုတေသနပညာရှင်များ ယူဆသည့်အတိုင်း ဆုမတြာ ကျွန်းနှင့် မလေးကျွန်းဆွယ်ကို သုဝဏ္ဏဘူမိဟု သတ်မှတ်လျှင် အင်ဒိုနီးရှား၏ အစိတ်အပိုင်းဖြစ်သည့် ဆုမတြာသို့ ခရစ် မပေါ်မီ ၃ ရာစု၌ပင် ဗုဒ္ဓဘာသာ စ,တင် ရောက်လာသည် ဟု ယူဆနိုင်ပါသည်။

ခရစ်နှစ် ၄၁၄ ခုနှစ်တွင် ဆုမတြာသို့ ခရီးလှည့် လည်ခဲ့သော တရုတ်ဘုန်းကြီး ဖာဟီယန်ကမူ ဆုမတြာ၌ ဗြာဟ္မဏဘာသာ ပြန့်ပွါးလျက်ရှိကြောင်း၊ ဗုဒ္ဓဘာသာ အနည်းငယ်မျှသာ တွေ့ရကြောင်း မှတ်တမ်းပြုပါသည်။

သို့သော်လည်း ဖာဟီယန် ရောက်ပြီးနောက် နှစ်ပေါင်း ၂၀ ခန့် အကြာတွင် အိန္ဒိယမှ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ဂုဏဝါမန် ဆုမတြာသို့ ကြွလာပြီးလျှင် ဗုဒ္ဓတရားတော်များကို ဟောပြော ဖြန့်ဖြူးသဖြင့် မဟာယာန ဗုဒ္ဓဘာသာ အမြစ်တွယ်ကာ ပြန့်ပွါးလာခဲ့ပါသည်။

ကျောက်စာများ အဆိုအရ ခရစ်နှစ် ၇ ရာစု ကုန်ခါနီး၌ အုပ်စိုးသော သိရိဝိဇယ ဘုရင်သည် ဗုဒ္ဓ ဘာသာကို အလွန်ကြည်ညို၍ အားပေးချီးမြှောက် ထောက်ပံ့ သဖြင့် ထိုအချိန်က သိရိဝိဇယနိုင်ငံ၌ မဟာယာန တန္တရ ဗုဒ္ဓဘာသာ ထွန်းကားလျက်ရှိကြောင်း၊ သံဃာတစ်ထောင်ကျော်

http://www.dhammadownload.com



ရှိကြောင်း ဘုရား ကျောင်းကန်များလည်း များစွာ တွေ့ရ ကြောင်း သိရပါသည် ဘုရား။

သီရိဝိဇယ၌ ခရစ်နှစ် ၈ ရာစုတွင် နန်းတက်သော သေလေန္ဒြဘုရင်များ လက်ထက်၌မူ ဗုဒ္ဓဘာသာ အထွန်း ကားဆုံးအချိန် ဖြစ်ပါသည်။ ကြီးမားခန့်ညားလှသော ဗိုရိုဗုဒူး စေတီတော်ကြီးနှင့် မင်းဒွတ် စသော စေတီများမှာ ထိုခေတ်၌ တည်ထားကိုးကွယ်သော စေတီများ ဖြစ်ပါသည်။ ဂျားဗား, ဗာလီစသော အင်ဒိုနီးရှား၏ တစ်ခြားကျွန်းများ သို့လည်း ဗုဒ္ဓဘာသာ ပျံ့နှံ့သွားပါသည် ဘုရား။

ခရစ်နှစ် ၁၃ ရာစုမှ ၁၅ ရာစု နှစ်များ၌မူ ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာကို ရောနှော ကိုးကွယ် လာကြကြောင်း တွေ့ရပါသည် ဘုရား။

ခရစ်နှစ် ၁၆ ရာစုတွင် မူဆလင် စူလတန်ဘုရင်များ အင်ဒိုနီးရှားကို ဝင်ရောက်အုပ်စိုးသောအခါ ဗုဒ္ဓဘာသာ ကွယ်ပျောက်သလောက်နီးပါး ဖြစ်သွားပါသည်။ ဟိန္ဒူ ဘာသာကမူ ဗာလီကျွန်း၌ ဆက်လက် ရှင်သန်လျက် ရှိပါသည် ဘုရား။

ယခု မျက်မှောက်ခေတ်၌မူ အင်ဒိုနီးရှားသို့ ဗုဒ္ဓ ဘာသာဝင် တရုတ်လူမျိုးများ တစ်စ တစ်စ ဝင်ရောက် လာကြသဖြင့် ဗုဒ္ဓဘာသာ တဖြည်းဖြည်း ပြန်လည် အားပြည့်လာပြီ ဖြစ်ပါသည် ဘုရား။

http://www.dhammadownload.com



၁၉၈၃ ခုနှစ်က ချမ်းမြေ့ဆရာတော်ဘုရားသည် အင်ဒိုနီးရှားနိုင်ငံ၊ ဂျားဗားကျွန်းနှင့် ဗာလီကျွန်းများသို့ တစ်လခန့် လှည့်လည်၍ ဝိပဿနာတရား ဟောပြော ပြသခဲ့ပါသည်။ ထိုစဉ်က စာရင်းအရ ဗုဒ္ဓဘာသာဝင် ၁၀ သန်းခန့်ရှိကြောင်း၊ ဗုဒ္ဓဘာသာလုပ်ငန်းကို အမှန်တကယ် ဆောင်ရွက် လုပ်ကိုင်နေသူ ၂ သန်းခန့် ရှိကြောင်း ဗုဒ္ဓဘာသာ ခေါင်းဆောင်များက လျှောက်ထားလိုက်သည်ဟု သိရပါသည် ဘုရား။

## ဗီယက်နမ်၌ ဗုဒ္ဓသာသနာ စ,တင် ပြန့်ပွားပုံ

ဗီယက်နမ်နိုင်ငံ၏ ရှေးအမည်မှာ စမ္ပာဖြစ်ပါသည်။ အာနမ်သည်လည်း ဗီယက်နမ်၏ တခြားအမည်တစ်မျိုး ဖြစ်ပါသည်။ ထိုစဉ်က နေထိုင်သော လူမျိုးများမှာ ခမာလူမျိုးများဖြစ်ကြပါသည်။

အိန္ဒိယပြည် အမရာဝတီခေတ်၌ ထုလုပ်သော လက်ရာမြောက်လှသည့် ကြေးဆင်းတုတော်များကို ဗီယက်နမ်တွင် တွေ့ရခြင်းကြောင့် ခရစ်နှစ် ၃ ရာစု မတိုင်မီကပင် စမ္ပာနိုင်ငံသို့ ဗုဒ္ဓဘာသာ စ,တင် ရောက်ရှိနေပြီဖြစ်ကြောင်း ယူဆကြပါသည်။ ၆ ရာစုနှစ် အကုန်၌ စမ္ပာကို ဝင်ရောက်တိုက်ခိုက်ကြသော တရုတ်တို့သည်

http://www.dhammadownload.com



ဗုဒ္ဓဘာသာ အနုပညာလက်ရာ မြောက်မြားစွာတွေ့ရကြောင်း သိရပါသည်။

ကျောက်စာများ အဆိုအရ ၈ ရာစုနှစ်၌ တုန်ကင်ပြည်နယ်မှ တရုတ်တို့သည် တောင်ဘက် စမ္ပာနိုင်ငံအတွင်းသို့ တဖြည်းဖြည်း ဝင်ရောက်လာသဖြင့် မူလရှိရင်းဖြစ်သော ခမာတို့သည် မဲခေါင်မြစ်ဝှမ်းဘက်သို့ ရွှေ့ပြောင်း သွားကြပါသည်။ ဝင်ရောက်လာသော တရုတ်တို့သည် မဟာယာန ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသဖြင့် ထိုအချိန်မှစ၍ ဗီယက်နမ်၌ မဟာယာန ဗုဒ္ဓဘာသာ ပြန့်ပွါးလာခဲ့ပါသည် ဘုရား။

ဈင်းဗုဒ္ဓဘာသာသည် ဗီယက်နမ်နိုင်ငံသို့ ၆ ရာစု၊ ၉ ရာစု၊ ၁၁ ရာစု နှစ်များအတွင်းက ရောက်ခဲ့သော်လည်း မပြန့်ပွါးခဲ့ပါ။ ၁၆ ရာစုနှစ်တွင်မှ တဖြည်းဖြည်း ပြန့်ပွါးလာရာ ယခုအခါ ဈင်းဂိုဏ်းသည် အင်အား အကြီးမားဆုံးသော ဂိုဏ်းဖြစ်နေပါပြီ။

အမိတာဘာ စသော တစ်ခြား မဟာယာန ဂိုဏ်းဝင်များလည်း အနည်းအကျဉ်း ရှိပါသည် ဘုရား။

ထေရဝါဒ ဗုဒ္ဓဘာသာ ပြန်လည် အားကောင်းလာပြီဖြစ်၍ ယခုအခါ ထေရဝါဒ ဗုဒ္ဓဘာသာဝင် ၁ သိန်းကျော်ရှိကြောင်း သိရပါသည်။

http://www.dhammadownload.com



မဟာယာနနှင့် ထေရဝါဒ ဗုဒ္ဓဘာသာဝင်များ ပူးပေါင်း၍ ဗုဒ္ဓဘာသာ တိုးတက်ပြန့်ပွားရေးကို ဆောင်ရွက်သောနိုင်ငံမှာ ဗီယက်နမ် တစ်နိုင်ငံတည်းသာလျှင် ရှိပါသည် ဘုရား။

မှတ်ချက်။ ။ ဤ 'သံဃါယနာ ၆ တန်' နှင့် 'ဗုဒ္ဓသာသနာ ပြန့်ပွါးပုံ' တို့ကို နေ့စဉ် သင့်လျော်သလောက် ပိုင်းခြား၍ သာသနာတော် လျှောက်ရာတွင် ထည့်သွင်း လျှောက်ထားရန် ဖြစ်ပါသည်။

ဤ 'ဗုဒ္ဓသာသနာတော် စ,တင် ပြန့်ပွါးပုံ'ကို အောက်ပါ ကျမ်းစာတို့မှ ထုတ်နှုတ်ညှိနှိုင်း၍ ပြုစုပါသည်။


1. 2500 Years of Buddhism, P.V Pat
2. A History of Religion East and West, Trevor Ling
3. A Short Histroy of Buddhism, Edward Conze
4. The Buddhist Religion, R.H Robinson & W.l. Johnson
5. The Buddhist Handbook, John Snelling
6. Thai Buddhism in the Buddhist World, P. Rajavaramuni
7. Buddhism in the Mordern World

http://www.dhammadownload.com

# နှစ်စဉ်

## အရုဏ်တက်ချိန်နှင့် နေထွက်ချိန်

ဤ စာတန်းအစ 'စာသဝဏ်'၌ ဖော်ပြခဲ့သည့် အတိုင်းပင် ခရစ်သက္ကရာဇ်၌ တစ်စုံတစ်ခုသော နှစ်၏ တစ်နှစ်လုံး အရုဏ်တက်ချိန်သည် အခြားနှစ်များနှင့် တူညီသည်က များပါသည်။ အချို့ ရက်များ၌ ကွာခြားစေကာမူ အများဆုံး ၁ မိနစ်ခန့်သာ ကွာခြားပါသည်။ သို့ဖြစ်၍ မြန်မာသက္ကရာဇ် နှစ် လ ရက် နေ့များ၌ အရုဏ်တက်ချိန်များကို ခရစ်နှစ် အရုဏ်တက်ချိန်များနှင့် ယှဉ်စပ် တိုက်ဆိုင်၍ ကြည့်ရှုလျှင် အချိန်မှန်နှင့် အနီးစပ်ဆုံးကို ရနိုင်ဖွယ် ရှိပါသည်။

ထို့ကြောင့် ဤ စာတန်း၌ နိုင်ငံတော်အစိုးရ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်းမှ ထုတ်ဝေသော "နေ့စဉ်မှတ်တမ်း" စာအုပ်မှ ၁၉၈၇ ခုနှစ်အတွက် စံတော်ချိန်ဒေသ နေထွက်ချိန်နှင့် ယင်းကို အခြေပြု၍ တွက်ချက်ထားသော အရုဏ်တက်ချိန်တို့ကို ဇယား ပြုလုပ် ထည့်သွင်းထားပါသည်။

http://www.dhammadownload.com



**စံတော်ချိန်ဒေသ** စံတော်ချိန်ဒေသဆိုသည်မှာ လတ္တီတွဒ်မျဉ်း ၂၀ ံ မြောက်၊ လောင်ဂျီတွဒ်မျဉ်း ၉၇ ံ ၃၀ ´ အရှေ့၌ ကျရောက်သော မြန်မာနိုင်ငံတော်၏ ဗဟိုဒေသကို ဆိုလိုပါသည်။ တောင်မြောက် အလျားလိုက် တည်ရှိသော ယင်း အရှေ့လောင်ဂျီတွဒ်မျဉ်း ၉၇ ံ ၃၀ ´ တစ်လျှောက်၌ ကျရောက်သော အနီးဆုံးဒေသများမှာ မြောက်မှ တောင်သို့ အစဉ်အတိုင်း.....

| | |
|---|---|
| ဝိုင်းမော် | (ကချင်ပြည်နယ်) |
| ကစ္ဆူ | ( ॥ ) |
| နလုံ | ( ॥ ) |
| စိန်လုံကဘား | ( ॥ ) |
| မိုင်းရယ် | ( ရှမ်းပြည်နယ် ) |
| မိုင်းကိုင် | ( ॥ ) |
| မိုင်းပွန် | ( ॥ ) |
| ရွာသစ် | (ကယားပြည်နယ်) |
| ကျောက်ညှပ် | (ကရင်ပြည်နယ်) |
| ပေါင် | ( မွန်ပြည်နယ် ) |
| ချောင်းဆုံ | ( ॥ ) |

အနောက် တောရက်ကျွန်းကြီး (မြိတ်ကျွန်းစု) တို့ ဖြစ်ကြသည်။

http://www.dhammadownload.com



ဒေသတိုင်းအတွက် ထိုထိုဒေသ၏ အရုဏ်တက်ချိန် အရုဏ်တက်ချိန် နေထွက်ချိန်တို့ကို သိနိုင်ရန်ဖော်ပြပါ စံတော်ချိန် ဒေသ (လောင်ဂျီတွဒ် ၉၇˚ ၃၀´ အရှေ့) ၏ အရှေ့ဘက်ကျသော ဒေသများ အတွက် စံတော်ချိန်ဒေသနှင့် အကွာအဝေးအလိုက် ခြားနားချက် မိနစ်ကို စံတော်ချိန်မှ နုတ်ယူရမည်။

စံတော်ချိန်ဒေသ၏ အနောက်ဘက်ကျသော အရပ် ဒေသများ အတွက် စံတော်ချိန်၌ ခြားနားချက် မိနစ်ကို ပေါင်းရမည်။

အောက်၌ မြန်မာနိုင်ငံတော် အရှေ့ဖျားမှ အနောက် ဖျားအထိ အချို့သော ဒေသများ၏ စံတော်ချိန်နှင့် ခြားနား ချက် မိနစ်များကို နုတ်ရန် သို့မဟုတ် ပေါင်းရန် ဖော်ပြ ထားပါသည်။ ဒေသဆိုင်ရာ ခြားနားချက် မိနစ်များကို စံတော်ချိန်မှ နုတ်ခြင်း၊ သို့မဟုတ် စံတော်ချိန်၌ ပေါင်းခြင်း အားဖြင့် ထိုဒေသဆိုင်ရာ အရုဏ်တက်ချိန် နေထွက်ချိန်တို့ကို သိနိုင်ပါသည်။

စက္ကန့် အနေဖြင့်မူ ၃၀ စက္ကန့်အောက် လျော့နည်း လျှင် ထည့်သွင်း မရေတွက်တော့ပါ။ ၃၀ စက္ကန့်ထက် ပိုလျှင် ၁ မိနစ် အဖြစ် ရေတွက်ပါသည်။

၁ မိနစ်ထက် မပိုဘဲ အချိန်ကွာခြားသော ဒေသ အချို့ကို လွယ်ကူစေရန် အချိန်တူအဖြစ် ဖော်ပြထားပါသည်။

http://www.dhammadownload.com



မြန်မာနိုင်ငံတော် အရှေ့ဖျားမှ စ၍ အနောက်သို့ အစဉ်အတိုင်း လောင်ဂျီတွဒ်ဒီဂရီ တူသော ဒေသအချို့ကို မြောက်ဖျားမှစ၍ တောင်ဖျားအထိ တစ်စုစီ တစ်စုစီ အမှတ်စဉ် တပ်လျက် ဖော်ပြပါသည်။ ဖော်ပြမထားသော ဒေသများအတွက်မူ ဖော်ပြထားသော အနီးဆုံးဒေသ၏ အချိန်အတိုင်း မှတ်ယူရန် ဖြစ်ပါသည်။

## စံတော်ချိန်ဒေသ၏ အရှေ့ဘက်ကျ၍ စံတော်ချိန်မှ နုတ်ရမည့် ခြားနားချက် မိနစ်နှင့် ဒေသများ

၁။ ၁၁ မိနစ် နုတ်ရန် မိုင်းယောင်း (အရှေ့ဖျား)။

၂။ ၁၀ မိနစ် နုတ်ရန် တာချီလိတ်။

၃။ ၉ မိနစ် နုတ်ရန် ကျိုင်းတုံ။

၄။ ၆ မိနစ် နုတ်ရန် မိုင်းမော၊ မိုင်းပြင်၊ ဖင်းမယ်၊ (ယိုးဒယား)၊ တနင်္သာရီ။

၅။ ၅ မိနစ် နုတ်ရန် ခေါ်ဘူးဒဲ၊ ရှာဒမ်၊ ဝမ်တိမ်၊ မိုင်းနောင်၊ ကျုံဒိုး၊ ကော့ကရိတ်၊ ကြာအင်း ဆိတ်ကြီး၊ ရေဖြူ၊ ထားဝယ်၊ သရက်ချောင်း။

http://www.dhammadownload.com



၆။ ၄ မိနစ် နုတ်ရန် ကွမ်းလုံ၊ မန်ဖန့်၊ မြဝတီ၊ မြိတ်၊ ကော့သောင်း (တောင်ဖျား)။

၇။ ၂ မိနစ်နုတ်ရန် မူဆယ်၊ ကွတ်ခိုင်၊ သိန္နီ၊ လင်းခေး၊ ပိုင်ကျုံ။

၈။ ၁ မိနစ် နုတ်ရန် နမ့်ခမ်း၊ လာရှိုး၊ လွိုင်လင်၊ မုဋ္ဌမ၊ မော်လမြိုင်၊ ကျိုက်မရော၊ မုဒုံ၊ သံဖြူဇရပ်။

## စံတော်ချိန်ဒေသ၏ အနောက်ဘက်ကျ၍ စံတော်ချိန်၌ ပေါင်းရမည့် ခြားနားချက် မိနစ်နှင့် ဒေသများ

၁။ စက္ကန့် ၂၀ ပေါင်းရန် ပူတာအို၊ (မြောက်ဖျား)၊ မြစ်ကြီးနား၊ နမ္မတူ၊ ဖာပွန်၊ သထုံ။

၂။ ၁ မိနစ် ပေါင်းရန် ဗန်းမော်၊ သီပေါ၊ ဟိုပုံး၊ လွိုက်ကော်၊ ဒီမောဆိုး၊ ကြယ်ဖိုးကြီး၊ မော်ချီး။

၃။ ၂ မိနစ် ပေါင်းရန် နမ္မတီး၊ မိုးကောင်း၊ ကျောက်မဲ၊ ဂုတ်ထိပ်၊ ရွှေညောင်၊ တောင်ကြီး၊ ညောင်ရွှေ၊ မိုင်းသောက်၊ ရွှေကျင်၊ ကွမ်ဆိပ်၊ ကျိုက်ထို။

http://www.dhammadownload.com



၄။ ၃ မိနစ် ပေါင်းရန် မိုးမိတ်၊ နောင်ချို၊ ပွေးလှ၊ အောင်ပန်း၊ ကလော၊ သံတောင်၊ ကျောက်ကြီး၊ ကျောက်တံခါး၊ ညောင်လေးပင်၊ ဒိုက်ဦး၊ ဝေါ၊ ခရမ်း၊ သုံးခွ။

၅။ ၄ မိနစ် ပေါင်းရန် ဟိုပင်၊ မိုညှင်း၊ ကသာ၊ မိုးကုတ်၊ မေမြို့၊ တပ်ကုန်း၊ ပျဉ်းမနား၊ တောင်ငူ၊ အုတ်တွင်း၊ ဖြူး၊ ကညွတ်ကွင်း၊ ပဲခူး၊ လှည်းကူး၊ သံလျင်။

၆။ ၅ မိနစ်ပေါင်းရန် အင်းတော်၊ တကောင်း၊ စဥ့်ကူ၊ မတ္တရာ၊ မန္တလေး၊ စစ်ကိုင်း၊ ကျောက်ဆည်၊ မြစ်သား၊ သာစည်၊ ပျော်ဘွယ်၊ ရမည်းသင်း၊ လယ်ဝေး၊ မှော်ဘီ၊ အင်းစိန်၊ ရန်ကုန်၊ ကွမ်းခြံကုန်း။

၇။ ၇ မိနစ် ပေါင်းရန် ကောလင်း၊ ဝန်းသို၊ ခင်ဦး၊ ရွှေဘို၊ ဗွားထိုးကြီး၊ မလှိုင်၊ ကြို့ပင်ကောက်၊ အုတ်ဖို၊ မင်းလှ၊ ဓနုဖြူ၊ ညောင်တုံး၊ မအူပင်။

၈။ ၈ မိနစ် ပေါင်းရန် ရေဦး၊ မြင်းမူ၊ မြင်းခြံ၊ တောင်သာ၊ နတ်မောက်၊ တောင်တွင်းကြီး၊ ပေါက်ခေါင်း၊ ပေါင်းတည်၊ နတ္တလင်း၊ သာရဝေါ၊ ဟင်္သာတ၊ ပန်းတနော်၊ ဘိုကလေး။

http://www.dhammadownload.com



၉။ ၉ မိနစ် ပေါင်းရန် ဘူတလင်၊ မုံရွာ၊ ဆားလင်းကြီး၊ ရေစကြို၊ ပခုက္ကူ၊ ကျောက်ပန်းတောင်း၊ မိကျောင်းရဲ၊ ကမ္မ၊ အောင်လံ၊ သရက်၊ ပြည်၊ ရွှေတောင်၊ ပန်းတောင်း၊ ကြံခင်း၊ မြန်အောင်၊ သေိုင်းချောင်း၊ ကျုံပျော်၊ ဝါးခယ်မ၊ မော်လမြိုင်ကျွန်း။

၁၀။ ၁၀ မိနစ် ပေါင်းရန် ပုဂံ၊ ညောင်ဦး၊ စဉ့်ကူ၊ ချောက်၊ စလေ၊ ရေနံချောင်း၊ မကွေး၊ မင်းလှ၊ မြောင်းမြ။

၁၁။ ၁၁ မိနစ် ပေါင်းရန် ဟုမ္မလင်း၊ ဖောင်းပြင်၊ ကန္တီ၊ ယင်းမာပင်၊ ပုလဲ၊ မြိုင်၊ ဆင်ဖြူကျွန်း၊ စလင်း၊ ပွင့်ဖြူ၊ မင်းတုံး၊ သာပေါင်း၊ ပုသိမ်။

၁၂။ ၁၂ မိနစ် ပေါင်းရန် တမူး၊ မော်လိုက်၊ ကလေးဝ၊ ကလေး၊ ကနီ၊ ဂန့်ဂေါ၊ ထီးလင်း၊ ကျောက်ထု၊ ယော၊ ဆော၊ စေတုတ္တရာ၊ တောင်ကုတ်၊ သံတွဲ၊ ငပလီ

၁၃။ ၁၅ မိနစ် ပေါင်းရန် အမ်း၊ ရမ်းဗြဲ၊ မာန်အောင်။

၁၄။ ၁၆ မိနစ် ပေါင်းရန် တွမ်းဇံ၊ တီးတိန်၊ ဖလမ်း၊ ဟာခါး၊ ကျောက်ဖြူ။

၁၅။ ၁၈ မိနစ် ပေါင်းရန် ပလက်ဝ၊ စစ်တွေ။

http://www.dhammadownload.com



၁၆။ ၂၂ မိနစ် ပေါင်းရန် ဘူးသီးတောင်၊ မောင်းတော (အနောက်ဖျား)။

**ပုံသေ သတ်မှတ်၍ မဖြစ်** မြန်မာနိုင်ငံတော်၏ အရှေ့ဖျား မိုင်းယောင်းမြို့နှင့်အနောက်ဖျား မောင်းတောမြို့တို့ အချိန်ခြားနားချက်မှာ ၃၃ မိနစ် ဖြစ်ရာ မောင်းတောက မိုင်းယောင်းထက် ၃၃ မိနစ် နောက်ကျ၍ အရုဏ်တက် နေထွက်ကြောင်း သိရပါသည်။ ဤအချက်ကို ကြည့်လျှင် တစ်နိုင်ငံလုံးအတွက် အရုဏ်တက်ချိန်ကို ပုံသေ သတ်မှတ်၍ မဖြစ်နိုင်ကြောင်း ထင်ရှားပါသည်။

**တောင်မြောက် အချိန်ခြားနားမှု သတ်မှတ်ဖို့ခက်** အရှေ့နှင့် အနောက် (လောင်ဂျီတွဒ်) အလိုက် အချိန်ခြားနားမှုကို ဒီဂရီအလိုက် တွက်ချက် သတ်မှတ်၍ ရသော်လည်း တောင်နှင့်မြောက် (လတ္တီတွဒ်) အလိုက် အချိန်ခြားနားမှုကို သတ်မှတ်ရန် ခက်ခဲပါသည်။ အကြောင်းမှာ နေသွားလမ်းကြောင်းသည် တစ်နှစ်ပတ်လုံး ရာသီအလိုက် နေ့စဉ်နှင့်အမျှ မြောက်မှ တောင်သို့၊ တောင်မှမြောက်သို့ တရွေ့ရွေ့ ရွေ့လျား ပြောင်းလဲနေသောကြောင့် ပုံသေသတ်မှတ်ရန် ခက်ခဲခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com



**နှင်းတည့်သိလွယ်သည်** နေမွန်းတည့်ချိန်သည်လည်း သာသနာတော်အတွက် အလွန် အရေးကြီးပါသည်။ သို့သော်လည်း မြန်မာ စံတော်ချိန် မွန်းတည့် ၁၂ နာရီအချိန်သည် စံတော်ချိန်ဒေသ၏ မွန်းတည့်ချိန်ဖြစ်ကြောင်း သံသယဖြစ်ဖွယ် မရှိသဖြင့် ဤ စာတမ်း၌ မွန်းတည့်ချိန်ကို မဖော်ပြပါ။ မိမိတို့ ဒေသဆိုင်ရာ မွန်းတည့်ချိန်ကို သိလိုလျှင် ယခု ဖော်ပြထားသော ခြားနားချက် မိနစ်တို့ကို စံတော်ချိန်မှ နုတ်ခြင်း၊ သို့မဟုတ် စံတော်ချိန်၌ ပေါင်းခြင်းအားဖြင့် သိနိုင်ပါသည်။

ဥပမာ ရန်ကုန်ဒေသ မွန်းတည့်ချိန်ကို သိလိုလျှင် စံတော်ချိန် မွန်းတည့် ၁၂ နာရီ၌ ခြားနားချက် ၅ မိနစ်ကို ပေါင်းလျှင် ၁၂ နာရီ ၅ မိနစ်၌ ရန်ကုန်ဒေသတွင် မွန်းတည့်ကြောင်း လွယ်ကူစွာပင် သိနိုင်ပါသည်။

http://www.dhammadownload.com



## ၁၉၈၇ ခုနှစ်၊ စံတော်ချိန် အရုဏ်တက် နေထွက်ဇယား

| နေ့စွဲ | ဇန်နဝါရီလ | | | |
|---|---|---|---|---|
| | အရုဏ်တက် | | နေထွက် | |
| | နာရီ | မိနစ် | နာရီ | မိနစ် |
| ၁ | ၀၅ | ၄၇ | ၀၆ | ၃၅ |
| ၂ | ၀၅ | ၄၇ | ၀၆ | ၃၅ |
| ၃ | ၀၅ | ၄၇ | ၀၆ | ၃၅ |
| ၄ | ၀၅ | ၄၈ | ၀၆ | ၃၆ |
| ၅ | ၀၅ | ၄၈ | ၀၆ | ၃၆ |
| ၆ | ၀၅ | ၄၈ | ၀၆ | ၃၆ |
| ၇ | ၀၅ | ၄၉ | ၀၆ | ၃၇ |
| ၈ | ၀၅ | ၄၉ | ၀၆ | ၃၇ |
| ၉ | ၀၅ | ၄၉ | ၀၆ | ၃၇ |
| ၁၀ | ၀၅ | ၄၉ | ၀၆ | ၃၇ |
| ၁၁ | ၀၅ | ၄၉ | ၀၆ | ၃၇ |
| ၁၂ | ၀၅ | ၄၉ | ၀၆ | ၃၇ |
| ၁၃ | ၀၅ | ၅၀ | ၀၆ | ၃၈ |
| ၁၄ | ၀၅ | ၅၀ | ၀၆ | ၃၈ |
| ၁၅ | ၀၅ | ၅၀ | ၀၆ | ၃၈ |
| ၁၆ | ၀၅ | ၅၀ | ၀၆ | ၃၈ |
| ၁၇ | ၀၅ | ၅၀ | ၀၆ | ၃၈ |
| ၁၈ | ၀၅ | ၅၀ | ၀၆ | ၃၈ |
| ၁၉ | ၀၅ | ၅၀ | ၀၆ | ၃၈ |
| ၂၀ | ၀၅ | ၅၀ | ၀၆ | ၃၈ |
| ၂၁ | ၀၅ | ၅၀ | ၀၆ | ၃၈ |
| ၂၂ | ၀၅ | ၅၀ | ၀၆ | ၃၈ |
| ၂၃ | ၀၅ | ၅၀ | ၀၆ | ၃၈ |
| ၂၄ | ၀၅ | ၅၀ | ၀၆ | ၃၈ |
| ၂၅ | ၀၅ | ၄၉ | ၀၆ | ၃၇ |
| ၂၆ | ၀၅ | ၄၉ | ၀၆ | ၃၇ |
| ၂၇ | ၀၅ | ၄၉ | ၀၆ | ၃၇ |
| ၂၈ | ၀၅ | ၄၉ | ၀၆ | ၃၇ |
| ၂၉ | ၀၅ | ၄၉ | ၀၆ | ၃၇ |
| ၃၀ | ၀၅ | ၄၉ | ၀၆ | ၃၇ |
| ၃၁ | ၀၅ | ၄၈ | ၀၆ | ၃၆ |

http://www.dhammadownload.com



## ၁၉၈၇ ခုနှစ်၊ စက်တော်ချိန် အရုဏ်တက် နေထွက်ဇယား

| နေ့စွဲ | ဖေဖော်ဝါရီလ | | | |
|---|---|---|---|---|
| | အရုဏ်တက် | | နေထွက် | |
| | နာရီ | မိနစ် | နာရီ | မိနစ် |
| ၁ | ၀၅ | ၄၈ | ၀၆ | ၃၆ |
| ၂ | ၀၅ | ၄၈ | ၀၆ | ၃၆ |
| ၃ | ၀၅ | ၄၇ | ၀၆ | ၃၅ |
| ၄ | ၀၅ | ၄၇ | ၀၆ | ၃၅ |
| ၅ | ၀၅ | ၄၇ | ၀၆ | ၃၅ |
| ၆ | ၀၅ | ၄၆ | ၀၆ | ၃၄ |
| ၇ | ၀၅ | ၄၆ | ၀၆ | ၃၄ |
| ၈ | ၀၅ | ၄၆ | ၀၆ | ၃၄ |
| ၉ | ၀၅ | ၄၅ | ၀၆ | ၃၃ |
| ၁၀ | ၀၅ | ၄၄ | ၀၆ | ၃၂ |
| ၁၁ | ၀၅ | ၄၄ | ၀၆ | ၃၂ |
| ၁၂ | ၀၅ | ၄၃ | ၀၆ | ၃၁ |
| ၁၃ | ၀၅ | ၄၃ | ၀၆ | ၃၁ |
| ၁၄ | ၀၅ | ၄၃ | ၀၆ | ၃၁ |
| ၁၅ | ၀၅ | ၄၂ | ၀၆ | ၃၀ |
| ၁၆ | ၀၅ | ၄၁ | ၀၆ | ၂၉ |
| ၁၇ | ၀၅ | ၄၁ | ၀၆ | ၂၉ |
| ၁၈ | ၀၅ | ၄၀ | ၀၆ | ၂၈ |
| ၁၉ | ၀၅ | ၃၉ | ၀၆ | ၂၇ |
| ၂၀ | ၀၅ | ၃၉ | ၀၆ | ၂၇ |
| ၂၁ | ၀၅ | ၃၀ | ၀၆ | ၂၆ |
| ၂၂ | ၀၅ | ၃၇ | ၀၆ | ၂၅ |
| ၂၃ | ၀၅ | ၃၇ | ၀၆ | ၂၅ |
| ၂၄ | ၀၅ | ၃၆ | ၀၆ | ၂၄ |
| ၂၅ | ၀၅ | ၃၅ | ၀၆ | ၂၃ |
| ၂၆ | ၀၅ | ၃၅ | ၀၆ | ၂၃ |
| ၂၇ | ၀၅ | ၃၄ | ၀၆ | ၂၂ |
| ၂၈ | ၀၅ | ၃၃ | ၀၆ | ၂၁ |
| | | | | |
| | | | | |
| | | | | |

## ၁၉၈၇ ခုနှစ်၊ စံတော်ချိန် အရုဏ်တက် နေထွက်ဇယား

| နေ့စွဲ | မတ်လ | | | |
|---|---|---|---|---|
| | အရုဏ်တက် | | နေထွက် | |
| | နာရီ | မိနစ် | နာရီ | မိနစ် |
| ၁ | ၅ | ၃၃ | ၆ | ၂၁ |
| ၂ | ၅ | ၃၂ | ၆ | ၂၀ |
| ၃ | ၅ | ၃၁ | ၆ | ၁၉ |
| ၄ | ၅ | ၃၀ | ၆ | ၁၈ |
| ၅ | ၅ | ၂၉ | ၆ | ၁၇ |
| ၆ | ၅ | ၂၈ | ၆ | ၁၆ |
| ၇ | ၅ | ၂၈ | ၆ | ၁၆ |
| ၈ | ၅ | ၂၇ | ၆ | ၁၅ |
| ၉ | ၅ | ၂၆ | ၆ | ၁၄ |
| ၁၀ | ၅ | ၂၆ | ၆ | ၁၄ |
| ၁၁ | ၅ | ၂၅ | ၆ | ၁၃ |
| ၁၂ | ၅ | ၂၄ | ၆ | ၁၂ |
| ၁၃ | ၅ | ၂၃ | ၆ | ၁၁ |
| ၁၄ | ၅ | ၂၂ | ၆ | ၁၀ |
| ၁၅ | ၅ | ၂၁ | ၆ | ၀၉ |
| ၁၆ | ၅ | ၂၀ | ၆ | ၀၈ |
| ၁၇ | ၅ | ၁၉ | ၆ | ၀၇ |
| ၁၈ | ၅ | ၁၈ | ၆ | ၀၆ |
| ၁၉ | ၅ | ၁၈ | ၆ | ၀၆ |
| ၂၀ | ၅ | ၁၇ | ၆ | ၀၅ |
| ၂၁ | ၅ | ၁၆ | ၆ | ၀၄ |
| ၂၂ | ၅ | ၁၅ | ၆ | ၀၃ |
| ၂၃ | ၅ | ၁၄ | ၆ | ၀၂ |
| ၂၄ | ၅ | ၁၃ | ၆ | ၀၁ |
| ၂၅ | ၅ | ၁၃ | ၆ | ၀၁ |
| ၂၆ | ၅ | ၁၂ | ၆ | ၀၀ |
| ၂၇ | ၅ | ၁၁ | ၅ | ၅၉ |
| ၂၈ | ၅ | ၁၀ | ၅ | ၅၈ |
| ၂၉ | ၅ | ၀၉ | ၅ | ၅၇ |
| ၃၀ | ၅ | ၀၈ | ၅ | ၅၆ |
| ၃၁ | ၅ | ၀၇ | ၅ | ၅၅ |

http://www.dhammadownload.com



# ၁၉၈၇ ခုနှစ်၊ စံတော်ချိန် အရုဏ်တက် နေထွက်ဇယား

| နေ့စွဲ | ဧပြီလ | | | |
|---|---|---|---|---|
| | အရုဏ်တက် | | နေထွက် | |
| | နာရီ | မိနစ် | နာရီ | မိနစ် |
| ၁ | ၀၅ | ၀၆ | ၀၅ | ၅၄ |
| ၂ | ၀၅ | ၀၅ | ၀၅ | ၅၃ |
| ၃ | ၀၅ | ၀၅ | ၀၅ | ၅၃ |
| ၄ | ၀၅ | ၀၄ | ၀၅ | ၅၂ |
| ၅ | ၀၅ | ၀၃ | ၀၅ | ၅၁ |
| ၆ | ၀၅ | ၀၂ | ၀၅ | ၅၀ |
| ၇ | ၀၅ | ၀၁ | ၀၅ | ၄၉ |
| ၈ | ၀၅ | ၀၀ | ၀၅ | ၄၈ |
| ၉ | ၀၅ | ၀၀ | ၀၅ | ၄၈ |
| ၁၀ | ၀၄ | ၅၉ | ၀၅ | ၄၇ |
| ၁၁ | ၀၄ | ၅၈ | ၀၅ | ၄၆ |
| ၁၂ | ၀၄ | ၅၇ | ၀၅ | ၄၅ |
| ၁၃ | ၀၄ | ၅၆ | ၀၅ | ၄၄ |
| ၁၄ | ၀၄ | ၅၅ | ၀၅ | ၄၃ |
| ၁၅ | ၀၄ | ၅၅ | ၀၅ | ၄၃ |
| ၁၆ | ၀၄ | ၅၄ | ၀၅ | ၄၂ |
| ၁၇ | ၀၄ | ၅၃ | ၀၅ | ၄၁ |
| ၁၈ | ၀၄ | ၅၃ | ၀၅ | ၄၁ |
| ၁၉ | ၀၄ | ၅၂ | ၀၅ | ၄၀ |
| ၂၀ | ၀၄ | ၅၁ | ၀၅ | ၃၉ |
| ၂၁ | ၀၄ | ၅၁ | ၀၅ | ၃၉ |
| ၂၂ | ၀၄ | ၅၀ | ၀၅ | ၃၈ |
| ၂၃ | ၀၄ | ၄၉ | ၀၅ | ၃၇ |
| ၂၄ | ၀၄ | ၄၈ | ၀၅ | ၃၆ |
| ၂၅ | ၀၄ | ၄၇ | ၀၅ | ၃၅ |
| ၂၆ | ၀၄ | ၄၆ | ၀၅ | ၃၄ |
| ၂၇ | ၀၄ | ၄၆ | ၀၅ | ၃၄ |
| ၂၈ | ၀၄ | ၄၄ | ၀၅ | ၃၂ |
| ၂၉ | ၀၄ | ၄၄ | ၀၅ | ၃၂ |
| ၃၀ | ၀၄ | ၄၄ | ၀၅ | ၃၂ |
| | | | | |

http://www.dhammadownload.com



# ၁၉၈၇ ခုနှစ်၊ စံတော်ချိန် အရုဏ်တက် နေထွက်ဇယား

| နေ့စွဲ | မေလ | | | |
|---|---|---|---|---|
| | အရုဏ်တက် | | နေထွက် | |
| | နာရီ | မိနစ် | နာရီ | မိနစ် |
| ၁ | ၀၄ | ၄၃ | ၀၅ | ၃၁ |
| ၂ | ၀၄ | ၄၃ | ၀၅ | ၃၁ |
| ၃ | ၀၄ | ၄၃ | ၀၅ | ၃၁ |
| ၄ | ၀၄ | ၄၂ | ၀၅ | ၃၀ |
| ၅ | ၀၄ | ၄၁ | ၀၅ | ၂၉ |
| ၆ | ၀၄ | ၄၁ | ၀၅ | ၂၉ |
| ၇ | ၀၄ | ၄၀ | ၀၅ | ၂၈ |
| ၈ | ၀၄ | ၃၉ | ၀၅ | ၂၇ |
| ၉ | ၀၄ | ၃၉ | ၀၅ | ၂၇ |
| ၁၀ | ၀၄ | ၃၈ | ၀၅ | ၂၆ |
| ၁၁ | ၀၄ | ၃၈ | ၀၅ | ၂၆ |
| ၁၂ | ၀၄ | ၃၈ | ၀၅ | ၂၆ |
| ၁၃ | ၀၄ | ၃၇ | ၀၅ | ၂၅ |
| ၁၄ | ၀၄ | ၃၇ | ၀၅ | ၂၅ |
| ၁၅ | ၀၄ | ၃၇ | ၀၅ | ၂၅ |
| ၁၆ | ၀၄ | ၃၆ | ၀၅ | ၂၄ |
| ၁၇ | ၀၄ | ၃၅ | ၀၅ | ၂၃ |
| ၁၈ | ၀၄ | ၃၅ | ၀၅ | ၂၃ |
| ၁၉ | ၀၄ | ၃၄ | ၀၅ | ၂၂ |
| ၂၀ | ၀၄ | ၃၄ | ၀၅ | ၂၂ |
| ၂၁ | ၀၄ | ၃၄ | ၀၅ | ၂၂ |
| ၂၂ | ၀၄ | ၃၄ | ၀၅ | ၂၂ |
| ၂၃ | ၀၄ | ၃၄ | ၀၅ | ၂၂ |
| ၂၄ | ၀၄ | ၃၄ | ၀၅ | ၂၂ |
| ၂၅ | ၀၄ | ၃၃ | ၀၅ | ၂၁ |
| ၂၆ | ၀၄ | ၃၃ | ၀၅ | ၂၁ |
| ၂၇ | ၀၄ | ၃၃ | ၀၅ | ၂၁ |
| ၂၈ | ၀၄ | ၃၂ | ၀၅ | ၂၀ |
| ၂၉ | ၀၄ | ၃၂ | ၀၅ | ၂၀ |
| ၃၀ | ၀၄ | ၃၂ | ၀၅ | ၂၀ |
| ၃၁ | ၀၄ | ၃၂ | ၀၅ | ၂၀ |

http://www.dhammadownload.com



## ၁၉၈၇ ခုနှစ်၊ စံတော်ချိန် အရုဏ်တက် နေထွက်ဇယား

| နေ့စွဲ | ဇွန်လ | | | |
|---|---|---|---|---|
| | အရုဏ်တက် | | နေထွက် | |
| | နာရီ | မိနစ် | နာရီ | မိနစ် |
| ၁ | ၀၄ | ၃၂ | ၀၅ | ၂၀ |
| ၂ | ၀၄ | ၃၂ | ၀၅ | ၂၀ |
| ၃ | ၀၄ | ၃၂ | ၀၅ | ၂၀ |
| ၄ | ၀၄ | ၃၂ | ၀၅ | ၂၀ |
| ၅ | ၀၄ | ၃၂ | ၀၅ | ၂၀ |
| ၆ | ၀၄ | ၃၂ | ၀၅ | ၂၀ |
| ၇ | ၀၄ | ၃၂ | ၀၅ | ၂၀ |
| ၈ | ၀၄ | ၃၂ | ၀၅ | ၂၀ |
| ၉ | ၀၄ | ၃၂ | ၀၅ | ၂၀ |
| ၁၀ | ၀၄ | ၃၂ | ၀၅ | ၂၀ |
| ၁၁ | ၀၄ | ၃၂ | ၀၅ | ၂၀ |
| ၁၂ | ၀၄ | ၃၂ | ၀၅ | ၂၀ |
| ၁၃ | ၀၄ | ၃၂ | ၀၅ | ၂၀ |
| ၁၄ | ၀၄ | ၃၂ | ၀၅ | ၂၀ |
| ၁၅ | ၀၄ | ၃၂ | ၀၅ | ၂၀ |
| ၁၆ | ၀၄ | ၃၂ | ၀၅ | ၂၀ |
| ၁၇ | ၀၄ | ၃၂ | ၀၅ | ၂၀ |
| ၁၈ | ၀၄ | ၃၂ | ၀၅ | ၂၀ |
| ၁၉ | ၀၄ | ၃၃ | ၀၅ | ၂၁ |
| ၂၀ | ၀၄ | ၃၃ | ၀၅ | ၂၁ |
| ၂၁ | ၀၄ | ၃၄ | ၀၅ | ၂၂ |
| ၂၂ | ၀၄ | ၃၄ | ၀၅ | ၂၂ |
| ၂၃ | ၀၄ | ၃၄ | ၀၅ | ၂၂ |
| ၂၄ | ၀၄ | ၃၄ | ၀၅ | ၂၂ |
| ၂၅ | ၀၄ | ၃၄ | ၀၅ | ၂၂ |
| ၂၆ | ၀၄ | ၃၄ | ၀၅ | ၂၂ |
| ၂၇ | ၀၄ | ၃၅ | ၀၅ | ၂၃ |
| ၂၈ | ၀၄ | ၃၅ | ၀၅ | ၂၃ |
| ၂၉ | ၀၄ | ၃၅ | ၀၅ | ၂၃ |
| ၃၀ | ၀၄ | ၃၆ | ၀၅ | ၂၄ |

http://www.dhammadownload.com



## ၁၉၈၇ ခုနှစ်၊ စံတော်ချိန် အရုဏ်တက် နေထွက်ဇယား

| နေ့စွဲ | ဇူလိုင်လ | | | |
|---|---|---|---|---|
| | အရုဏ်တက် | | နေထွက် | |
| | နာရီ | မိနစ် | နာရီ | မိနစ် |
| ၁ | ၀၄ | ၃၆ | ၀၅ | ၂၄ |
| ၂ | ၀၄ | ၃၆ | ၀၅ | ၂၄ |
| ၃ | ၀၄ | ၃၇ | ၀၅ | ၂၅ |
| ၄ | ၀၄ | ၃၇ | ၀၅ | ၂၅ |
| ၅ | ၀၄ | ၃၇ | ၀၅ | ၂၅ |
| ၆ | ၀၄ | ၃၇ | ၀၅ | ၂၅ |
| ၇ | ၀၄ | ၃၇ | ၀၅ | ၂၅ |
| ၈ | ၀၄ | ၃၇ | ၀၅ | ၂၅ |
| ၉ | ၀၄ | ၃၇ | ၀၅ | ၂၅ |
| ၁၀ | ၀၄ | ၃၉ | ၀၅ | ၂၇ |
| ၁၁ | ၀၄ | ၃၉ | ၀၅ | ၂၇ |
| ၁၂ | ၀၄ | ၄၀ | ၀၅ | ၂၈ |
| ၁၃ | ၀၄ | ၄၀ | ၀၅ | ၂၈ |
| ၁၄ | ၀၄ | ၄၀ | ၀၅ | ၂၈ |
| ၁၅ | ၀၄ | ၄၁ | ၀၅ | ၂၉ |
| ၁၆ | ၀၄ | ၄၁ | ၀၅ | ၂၉ |
| ၁၇ | ၀၄ | ၄၁ | ၀၅ | ၂၉ |
| ၁၈ | ၀၄ | ၄၂ | ၀၅ | ၃၀ |
| ၁၉ | ၀၄ | ၄၂ | ၀၅ | ၃၀ |
| ၂၀ | ၀၄ | ၄၂ | ၀၅ | ၃၀ |
| ၂၁ | ၀၄ | ၄၃ | ၀၅ | ၃၁ |
| ၂၂ | ၀၄ | ၄၃ | ၀၅ | ၃၁ |
| ၂၃ | ၀၄ | ၄၃ | ၀၅ | ၃၁ |
| ၂၄ | ၀၄ | ၄၄ | ၀၅ | ၃၂ |
| ၂၅ | ၀၄ | ၄၅ | ၀၅ | ၃၃ |
| ၂၆ | ၀၄ | ၄၅ | ၀၅ | ၃၃ |
| ၂၇ | ၀၄ | ၄၆ | ၀၅ | ၃၄ |
| ၂၈ | ၀၄ | ၄၆ | ၀၅ | ၃၄ |
| ၂၉ | ၀၄ | ၄၆ | ၀၅ | ၃၄ |
| ၃၀ | ၀၄ | ၄၇ | ၀၅ | ၃၅ |
| ၃၁ | ၀၄ | ၄၇ | ၀၅ | ၃၅ |

http://www.dhammadownload.com



## ၁၉၈၇ ခုနှစ်၊ စံတော်ချိန် အရုဏ်တက် နေထွက်ဇယား

| နေ့စွဲ | ဩဂုတ်လ | | | |
|---|---|---|---|---|
| | အရုဏ်တက် | | နေထွက် | |
| | နာရီ | မိနစ် | နာရီ | မိနစ် |
| ၁ | ၀၄ | ၄၇ | ၀၅ | ၃၅ |
| ၂ | ၀၄ | ၄၈ | ၀၅ | ၃၆ |
| ၃ | ၀၄ | ၄၈ | ၀၅ | ၃၆ |
| ၄ | ၀၄ | ၄၀ | ၀၅ | ၃၆ |
| ၅ | ၀၄ | ၄၉ | ၀၅ | ၃၇ |
| ၆ | ၀၄ | ၄၉ | ၀၅ | ၃၇ |
| ၇ | ၀၄ | ၄၉ | ၀၅ | ၃၇ |
| ၈ | ၀၄ | ၅၀ | ၀၅ | ၃၈ |
| ၉ | ၀၄ | ၅၀ | ၀၅ | ၃၈ |
| ၁၀ | ၀၄ | ၅၀ | ၀၅ | ၃၈ |
| ၁၁ | ၀၄ | ၅၁ | ၀၅ | ၃၉ |
| ၁၂ | ၀၄ | ၅၁ | ၀၅ | ၃၉ |
| ၁၃ | ၀၄ | ၅၁ | ၀၅ | ၃၉ |
| ၁၄ | ၀၄ | ၅၂ | ၀၅ | ၄၀ |
| ၁၅ | ၀၄ | ၅၂ | ၀၅ | ၄၀ |
| ၁၆ | ၀၄ | ၅၂ | ၀၅ | ၄၀ |
| ၁၇ | ၀၄ | ၅၃ | ၀၅ | ၄၁ |
| ၁၈ | ၀၄ | ၅၃ | ၀၅ | ၄၁ |
| ၁၉ | ၀၄ | ၅၃ | ၀၅ | ၄၁ |
| ၂၀ | ၀၄ | ၅၃ | ၀၅ | ၄၁ |
| ၂၁ | ၀၄ | ၅၃ | ၀၅ | ၄၁ |
| ၂၂ | ၀၄ | ၅၃ | ၀၅ | ၄၁ |
| ၂၃ | ၀၄ | ၅၄ | ၀၅ | ၄၂ |
| ၂၄ | ၀၄ | ၅၄ | ၀၅ | ၄၂ |
| ၂၅ | ၀၄ | ၅၄ | ၀၅ | ၄၂ |
| ၂၆ | ၀၄ | ၅၅ | ၀၅ | ၄၃ |
| ၂၇ | ၀၄ | ၅၅ | ၀၅ | ၄၃ |
| ၂၈ | ၀၄ | ၅၅ | ၀၅ | ၄၃ |
| ၂၉ | ၀၄' | ၅၆ | ၀၅ | ၄၄ |
| ၃၀ | ၀၄ | ၅၆ | ၀၅ | ၄၄ |
| ၃၁ | ၀၄ | ၅၆ | ၀၅ | ၄၄ |

http://www.dhammadownload.com



# ၁၉၈၇ ခုနှစ်၊ စံတော်ချိန် အရုဏ်တက် နေထွက်ဇယား

| နေ့စွဲ | စက်တင်ဘာလ | | | |
|---|---|---|---|---|
| | အရုဏ်တက် | | နေထွက် | |
| | နာရီ | မိနစ် | နာရီ | မိနစ် |
| ၁ | ၀၄ | ၅၆ | ၀၅ | ၄၄ |
| ၂ | ၀၄ | ၅၆ | ၀၅ | ၄၄ |
| ၃ | ၀၄ | ၅၆ | ၀၅ | ၄၄ |
| ၄ | ၀၄ | ၅၇ | ၀၅ | ၄၅ |
| ၅ | ၀၄ | ၅၇ | ၀၅ | ၄၅ |
| ၆ | ၀၄ | ၅၇ | ၀၅ | ၄၅ |
| ၇ | ၀၄ | ၅၈ | ၀၅ | ၄၆ |
| ၈ | ၀၄ | ၅၈ | ၀၅ | ၄၆ |
| ၉ | ၀၄ | ၅၈ | ၀၅ | ၄၆ |
| ၁၀ | ၀၄ | ၅၈ | ၀၅ | ၄၆ |
| ၁၁ | ၀၄ | ၅၈ | ၀၅ | ၄၆ |
| ၁၂ | ၀၄ | ၅၈ | ၀၅ | ၄၆ |
| ၁၃ | ၀၄ | ၅၉ | ၀၅ | ၄၇ |
| ၁၄ | ၀၄ | ၅၉ | ၀၅ | ၄၇ |
| ၁၅ | ၀၄ | ၅၉ | ၀၅ | ၄၇ |
| ၁၆ | ၀၅ | ၀၀ | ၀၅ | ၄၈ |
| ၁၇ | ၀၅ | ၀၀ | ၀၅ | ၄၈ |
| ၁၈ | ၀၅ | ၀၀ | ၀၅ | ၄၈ |
| ၁၉ | ၀၅ | ၀၀ | ၀၅ | ၄၈ |
| ၂၀ | ၀၅ | ၀၀ | ၀၅ | ၄၈ |
| ၂၁ | ၀၅ | ၀၀ | ၀၅ | ၄၈ |
| ၂၂ | ၀၅ | ၀၁ | ၀၅ | ၄၉ |
| ၂၃ | ၀၅ | ၀၁ | ၀၅ | ၄၉ |
| ၂၄ | ၀၅ | ၀၁ | ၀၅ | ၄၉ |
| ၂၅ | ၀၅ | ၀၂ | ၀၅ | ၅၀ |
| ၂၆ | ၀၅ | ၀၂ | ၀၅ | ၅၀ |
| ၂၇ | ၀၅ | ၀၂ | ၀၅ | ၅၀ |
| ၂၈ | ၀၅ | ၀၂ | ၀၅ | ၅၀ |
| ၂၉ | ၀၅ | ၀၂ | ၀၅ | ၅၀ |
| ၃၀ | ၀၅ | ၀၂ | ၀၅ | ၅၀ |
| | | | | |

http://www.dhammadownload.com



# ၁၉၈၇ ခုနှစ်၊ စံတော်ချိန် အရုဏ်တက် နေထွက်ဇယား

| နေ့စွဲ | အောက်တိုဘာလ | | | |
|---|---|---|---|---|
| | အရုဏ်တက် | | နေထွက် | |
| | နာရီ | မိနစ် | နာရီ | မိနစ် |
| ၁ | ၀၅ | ၀၃ | ၀၅ | ၅၁ |
| ၂ | ၀၅ | ၀၃ | ၀၅ | ၅၁ |
| ၃ | ၀၅ | ၀၃ | ၀၅ | ၅၁ |
| ၄ | ၀၅ | ၀၄ | ၀၅ | ၅၂ |
| ၅ | ၀၅ | ၀၄ | ၀၅ | ၅၂ |
| ၆ | ၀၅ | ၀၄ | ၀၅ | ၅၂ |
| ၇ | ၀၅ | ၀၄ | ၀၅ | ၅၂ |
| ၈ | ၀၅ | ၀၄ | ၀၅ | ၅၂ |
| ၉ | ၀၅ | ၀၄ | ၀၅ | ၅၂ |
| ၁၀ | ၀၅ | ၀၅ | ၀၅ | ၅၃ |
| ၁၁ | ၀၅ | ၀၅ | ၀၅ | ၅၃ |
| ၁၂ | ၀၅ | ၀၅ | ၀၅ | ၅၃ |
| ၁၃ | ၀၅ | ၀၆ | ၀၅ | ၅၄ |
| ၁၄ | ၀၅ | ၀၆ | ၀၅ | ၅၄ |
| ၁၅ | ၀၅ | ၀၆ | ၀၅ | ၅၄ |
| ၁၆ | ၀၅ | ၀၇ | ၀၅ | ၅၅ |
| ၁၇ | ၀၅ | ၀၇ | ၀၅ | ၅၅ |
| ၁၈ | ၀၅ | ၀၇ | ၀၅ | ၅၅ |
| ၁၉ | ၀၅ | ၀၈ | ၀၅ | ၅၆ |
| ၂၀ | ၀၅ | ၀၈ | ၀၅ | ၅၆ |
| ၂၁ | ၀၅ | ၀၈ | ၀၅ | ၅၆ |
| ၂၂ | ၀၅ | ၀၉ | ၀၅ | ၅၇ |
| ၂၃ | ၀၅ | ၀၉ | ၀၅ | ၅၇ |
| ၂၄ | ၀၅ | ၀၉ | ၀၅ | ၅၇ |
| ၂၅ | ၀၅ | ၁၀ | ၀၅ | ၅၈ |
| ၂၆ | ၀၅ | ၁၁ | ၀၅ | ၅၉ |
| ၂၇ | ၀၅ | ၁၁ | ၀၅ | ၅၉ |
| ၂၈ | ၀၅ | ၁၂ | ၀၆ | ၀၀ |
| ၂၉ | ၀၅ | ၁၂ | ၀၆ | ၀၀ |
| ၃၀ | ၀၅ | ၁၂ | ၀၆ | ၀၀ |
| ၃၁ | ၀၅ | ၁၂ | ၀၆ | ၀၀ |

http://www.dhammadownload.com



# ၁၉၈၇ ခုနှစ်၊ စံတော်ချိန် အရုဏ်တက် နေထွက်ဇယား

| နေ့စွဲ | နိုဝင်ဘာလ | | | |
|---|---|---|---|---|
| | အရုဏ်တက် | | နေထွက် | |
| | နာရီ | မိနစ် | နာရီ | မိနစ် |
| ၁ | ၀၅ | ၁၃ | ၀၆ | ၀၁ |
| ၂ | ၀၅ | ၁၃ | ၀၆ | ၀၁ |
| ၃ | ၀၅ | ၁၄ | ၀၆ | ၀၂ |
| ၄ | ၀၅ | ၁၅ | ၀၆ | ၀၃ |
| ၅ | ၀၅ | ၁၅ | ၀၆ | ၀၃ |
| ၆ | ၀၅ | ၁၆ | ၀၆ | ၀၄ |
| ၇ | ၀၅ | ၁၆ | ၀၆ | ၀၄ |
| ၈ | ၀၅ | ၁၆ | ၀၆ | ၀၄ |
| ၉ | ၀၅ | ၁၇ | ၀၆ | ၀၅ |
| ၁၀ | ၀၅ | ၁၈ | ၀၆ | ၀၆ |
| ၁၁ | ၀၅ | ၁၈ | ၀၆ | ၀၆ |
| ၁၂ | ၀၅ | ၁၉ | ၀၆ | ၀၇ |
| ၁၃ | ၀၅ | ၁၉ | ၀၆ | ၀၇ |
| ၁၄ | ၀၅ | ၁၉ | ၀၆ | ၀၇ |
| ၁၅ | ၀၅ | ၂၀ | ၀၆ | ၀၈ |
| ၁၆ | ၀၅ | ၂၁ | ၀၆ | ၀၉ |
| ၁၇ | ၀၅ | ၂၁ | ၀၆ | ၀၉ |
| ၁၈ | ၀၅ | ၂၂ | ၀၆ | ၁၀ |
| ၁၉ | ၀၅ | ၂၃ | ၀၆ | ၁၁ |
| ၂၀ | ၀၅ | ၂၃ | ၀၆ | ၁၁ |
| ၂၁ | ၀၅ | ၂၄ | ၀၆ | ၁၂ |
| ၂၂ | ၀၅ | ၂၅ | ၀၆ | ၁၃ |
| ၂၃ | ၀၅ | ၂၅ | ၀၆ | ၁၃ |
| ၂၄ | ၀၅ | ၂၆ | ၀၆ | ၁၄ |
| ၂၅ | ၀၅ | ၂၇ | ၀၆ | ၁၅ |
| ၂၆ | ၀၅ | ၂၇ | ၀၆ | ၁၅ |
| ၂၇ | ၀၅ | ၂၈ | ၀၆ | ၁၆ |
| ၂၈ | ၀၅ | ၂၈ | ၀၆ | ၁၆ |
| ၂၉ | ၀၅ | ၂၈ | ၀၆ | ၁၆ |
| ၃၀ | ၀၅ | ၂၉ | ၀၆ | ၁၇ |
| | | | | |

http://www.dhammadownload.com



## ၁၉၈၇ ခုနှစ်၊ စံတော်ချိန် အရုဏ်တက် နေထွက်ဇယား

| နေ့စွဲ | ဒီဇင်ဘာလ | | | |
|---|---|---|---|---|
| | အရုဏ်တက် | | နေထွက် | |
| | နာရီ | မိနစ် | နာရီ | မိနစ် |
| ၁ | ၅ | ၃၀ | ၆ | ၁၀ |
| ၂ | ၅ | ၃၀ | ၆ | ၁၀ |
| ၃ | ၅ | ၃၁ | ၆ | ၁၉ |
| ၄ | ၅ | ၃၂ | ၆ | ၂၀ |
| ၅ | ၅ | ၃၂ | ၆ | ၂၀ |
| ၆ | ၅ | ၃၃ | ၆ | ၂၁ |
| ၇ | ၅ | ၃၄ | ၆ | ၂၂ |
| ၈ | ၅ | ၃၄ | ၆ | ၂၂ |
| ၉ | ၅ | ၃၅ | ၆ | ၂၃ |
| ၁၀ | ၅ | ၃၆ | ၆ | ၂၄ |
| ၁၁ | ၅ | ၃၆ | ၅ | ၂၄ |
| ၁၂ | ၅ | ၃၇ | ၅ | ၂၅ |
| ၁၃ | ၅ | ၃၀ | ၆ | ၂၆ |
| ၁၄ | ၅ | ၃၀ | ၆ | ၂၆ |
| ၁၅ | ၅ | ၃၉ | ၆ | ၂၇ |
| ၁၆ | ၅ | ၃၉ | ၆ | ၂၇ |
| ၁၇ | ၅ | ၃၉ | ၆ | ၂၇ |
| ၁၈ | ၅ | ၄၀ | ၆ | ၂၈ |
| ၁၉ | ၅ | ၄၁ | ၆ | ၂၉ |
| ၂၀ | ၅ | ၄၁ | ၆ | ၂၉ |
| ၂၁ | ၅ | ၄၂ | ၆ | ၃၀ |
| ၂၂ | ၅ | ၄၃ | ၆ | ၃၁ |
| ၂၃ | ၅ | ၄၃ | ၆ | ၃၁ |
| ၂၄ | ၅ | ၄၄ | ၆ | ၃၂ |
| ၂၅ | ၅ | ၄၄ | ၆ | ၃၂ |
| ၂၆ | ၅ | ၄၄ | ၆ | ၃၂ |
| ၂၇ | ၅ | ၄၅ | ၆ | ၃၃ |
| ၂၈ | ၅ | ၄၅ | ၆ | ၃၃ |
| ၂၉ | ၅ | ၄၅ | ၆ | ၃၃ |
| ၃၀ | ၅ | ၄၆ | ၆ | ၃၄ |
| ၃၁ | ၅ | ၄၇ | ၆ | ၃၅ |